# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၇ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၁၇၉)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)

## ပို့ကုန်သွင်းကုန် လိုင်စင်များကို ဧပြီ ၁ ရက်မှစတင်၍ Online စနစ်ဖြင့် ထုတ်ပေးသွားမည်

နေပြည်တော် မတ် ၂၆

ယခုအခါ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး (COVID-19) မှာ ပြန့်ပွားလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပြည်သူများထံသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် လူလူချင်း ထိတွေ့မှု လျှော့ချနိုင်ရေး၊ ဗိုင်းရပ်စ်ပိုး ကူးစက်မှုမှ ကာကွယ်နိုင်ရေး အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနမှ ထုတ်ပေးလျက်ရှိသည့် ပို့ကုန်သွင်းကုန်လိုင်စင်များအား ဧပြီ ၁ ရက်မှ စတင်ပြီး online မှ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း လုပ်ငန်းစဉ်များအား စတင်ခွင့်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ရုံးဌာနသို့လာရောက်ရန်မလိုဘဲ အင်တာနက် ရရှိသည့် မည်သည့်နေရာမှမဆို လိုင်စင်လျှောက်ထားခြင်း၊ ငွေကြေးပေးသွင်းခြင်း၊ လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခင်ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် လျှောက်ထားမှုအရေအတွက် အများဆုံးဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်မည့် ပစ္စည်းများ သွင်းကုန်ပစ္စည်းများဖြစ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားအုန်းဆီနှင့် ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့်

စာမျက်နှာ ၅ ကော်လံ ၅ ❄




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ သဘောတူအတည်ပြု

နေပြည်တော် မတ် ၂၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်သဘောတူညီသည့် ဥပဒေကြမ်းအဖြစ် အမျိုးသားလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့

စာမျက်နှာ ၃ ကော်လံ ၁ ◆

**ကျွန်တော်တို့အားလုံး ကာကွယ်ကြမယ်**

ဆောင်းပါး - စာမျက်နှာ - ၆

**COVID-19 ကပ်ရောဂါ ပျံ့နှံ့မှုကြောင့် ကမ္ဘာပေါ်ရှိ လူပေါင်း သုံးဘီလီယံကျော် သွားလာမှုများကန့်သတ်ကာ အိမ်တွင်း၌ နေထိုင်လျက်ရှိ**

နိုင်ငံတကာသတင်း - စာမျက်နှာ - ၁၃




မြန်မာ့အလင်း

# ပွင့်လင်းမြင်သာမှုနှင့် ကိုဗစ်-၁၉

မြန်မာ့နိုင်ငံရေးတူရူ ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်ပြောင်းလဲလာသည့်အခါ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး ဆိုသည့် ခေါင်းစဉ်တို့နှင့် တွဲလျက်ပါသည်မှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှုဟူ၍ ဖြစ်၏။

ဒီမိုကရေစီစနစ်သည် နိုင်ငံတွင်းရှိ ပြည်သူလူထုအားလုံး ဝိုင်းဝန်းပါဝင် ကျင့်ကြံတည်ဆောက်ရသည့် ပြည်သူလူထုကို အခြေပြုသော ပြည်သူ့အဓိကစနစ်ဖြစ်၏။ ပြည်သူလူထုနှင့်အတူ လက်တွဲချီတက်ရသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေးစနစ်ဖြစ်၏။ ထို့ကြောင့် အစိုးရများသည် မည်သည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို မည်သို့စီမံလုပ်ဆောင်သွားမည်ဆိုသော အစီအစဉ်များအား ပြည်သူလူထုကောင်းစွာ သဘောပေါက်နားလည်စေရန် ရှင်းလင်းတင်ပြ အစီရင်ခံပေးရ၏။

တစ်နည်းဆိုသော် အစိုးရ ဘာတွေလုပ်နေသည်၊ သို့မဟုတ် ဘာတွေလုပ်ဖို့ စီစဉ်နေသည်၊ ဘာကြောင့် လုပ်နေသည်၊ ဘယ်ပုံ ဘယ်နည်းလုပ်ရန်ရှိသည် စသည်တို့ကို ပြည်သူလူထုကို အသိပေးရ၏။ ဤသည်ကိုပင် ပွင့်လင်းမြင်သာမှုဟု ဆိုရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း၌ ပွင့်လင်းမြင်သာမှုရှိသည်နှင့်အမျှ နိုင်ငံတော်၏ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ပြည်သူလူထုက ယုံကြည်ကိုးစားမှုရှိလာမည်။ ပြည်သူလူထုကလည်း မိမိတို့၏ အခြေအနေမှန် သဘောထားမှန်များကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခြင်း၊ စီမံကိန်းများသည် လူထု၏ ဆန္ဒနှင့် ညီမညီဆိုသည်ကို စနစ်တကျ ဆန်းစစ်ဝေဖန်ခြင်းတို့ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရေးများ တွင်ကျယ်မည် ဖြစ်ပေသည်။ ပွင့်လင်းမြင်သာမှုဟူသည် နိုင်ငံတွင်းဖြစ်ပျက်နေသည်များကို အစိုးရဖြစ်စေ၊ အဖွဲ့အစည်းများဖြစ်စေ အစိတ်အပိုင်းအသီးသီးနှင့်အတူ ပြည်သူလူထုနှင့် အပြန်အလှန် ပွင့်လင်းစွာဆက်ဆံခြင်း၊ ဖုံးကွယ်မှုများမပါဘဲ မြင်သာထင်သာ သိသာစေခြင်းတို့ပဲ ဖြစ်ပါသည်။

ယခုအရေးပေါ်အခြေအနေဖြစ်နေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုအစပိုင်း၌ ဖြစ်ပွားသည့်နိုင်ငံများတွင် ပွင့်လင်းမြင်သာမှုအားနည်းသည်ဟု ဝေဖန်ကြပြီး ထိုသို့ပွင့်လင်းမြင်သာ မရှိခြင်းကပင် ရောဂါကူးစက်ပြန့်ပွားမှုကို ပိုမိုဆိုးရွားသွားစေသည်ဟု ဆိုပါသည်။ ထို့အတူပင်၊ အခြားသောနိုင်ငံများဆီသို့ ကူးစက်လာသည့်အခါများတွင်လည်း ရောဂါပိုးကူးစက်လာသူများက အမှန်အတိုင်း သတင်းမပို့ဘဲ ဖုံးကွယ်လိမ်ညာမှုများကြောင့် မဖြစ်သင့်ဘဲဖြစ်ခဲ့ရသည်ဟု သိရပါသည်။ မပွင့်လင်းမှုများ၊ လိမ်ညာဖုံးကွယ်မှုများကြောင့် ရောဂါကူးစက်မှုကိန်းဂဏန်းများစွာတိုးပွားလာခဲ့ပြီး လူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အရှိန်ယူတည်ဆောက်နေသည့် တိုင်းပြည်အနေဖြင့် ပွင့်လင်းမြင်သာမှုကို မဖြစ်မနေတည်ထောင်နေသည့်အားလျော်စွာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး စတင်ပျံ့နှံ့လာသည့် အချိန်ကစ၍ အခြေအနေအမျိုးမျိုးတို့၏ ပြောင်းလဲဖြစ်ပေါ်နေသည်တို့ကို ပုံမှန်သတင်းထုတ်ပြန်နေခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့က သတင်းမှန်များ ထုတ်ပြန်ခြင်း၊ ပညာပေးကြေညာချက်များ ဖြန့်ချိပေးခြင်းတို့ဖြင့် ဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်၍ နိုင်ငံအတွင်း၌ အလွန်အကျွံဖြစ်မှုများ မပေါ်ပေါက်စေဘဲ တည်တည်ငြိမ်ငြိမ်ရှိအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အလွန်ဆိုးရွားနေသည့် နိုင်ငံတကာအခြေအနေများကြားတွင် မြန်မာနိုင်ငံက ယခုအချိန်ထိ ထိန်းထိန်းသိမ်းသိမ်းရှိနေနိုင်ခြင်းမှာ ပြည်သူလူထုနှင့် အုပ်ချုပ်သူတို့ကြားရှိ ပွင့်လင်းမြင်သာရှိမှုက အရေးပါသည့်အကြောင်းအချက်တစ်ရပ်ဟု မြင်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း၌ ရောဂါပိုးရှိနေသူ သုံးဦးရှိနေသည်ကို အတည်ပြုထားပြီးဖြစ်၏။ ထို့နောက် နိုင်ငံရပ်ခြားမှ ပြန်လာကြသူအများအပြားရှိနေသည့်အတွက် နောက်ထပ် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးရှိနေသည့်သူများ ထပ်မံထွက်ပေါ်လာနိုင်စရာလည်း ရှိနေသည်ဖြစ်၏။

ရောဂါပိုးရှိသူတိုင်း ရောဂါဖြစ်နိုင်ခြင်း မဟုတ်သကဲ့သို့ ရောဂါရှိသူတိုင်းလည်း သေဆုံးနိုင်သည်မဟုတ်ပါ။ စောစောသိခြင်းက လူတို့၏ ထိခိုက်ပျက်စီးမှုကို ကုသနိုင်သည်သာမက အခြားသူများသို့ ကူးစက်ပြန့်ပွားနိုင်ခြင်းကိုလည်း ကောင်းစွာကာကွယ်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူတို့အနေဖြင့် သတင်းမှန်များကို နားထောင်သည်သာမက၊ သတင်းမှန်များကို သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့အသိပေးခြင်း၊ ထုတ်ပြန်ကြေညာထားသော ဆောင်ရန် ရှောင်ရန်တို့ကို နာခံကျင့်ကြံခြင်း၊ ထုတ်ပြန်ထားသောဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာခြင်းတို့ဖြင့် ကမ္ဘာ့ကပ်ရောဂါဆိုးကို ထိန်းသိမ်းကာကွယ်နိုင်ကြမည်၊ ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပြန့်ပွားမှု ဆိုးဆိုးရွားရွားမဖြစ်ပေါ်ရေးကို ထိန်းချုပ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူအတွက် ကနဦးလျှပ်စစ်ဓာတ်အား ချိတ်ဆက်သွယ်တန်းရာတွင် ပိုမိုလွယ်ကူလျင်မြန်မှုရှိစေရန် ရည်ရွယ်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့မှ ၂၀၀ ကေဗွီအေနှင့်အောက် ထရန်စဖော်မာများကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ပြီး ပူးပေါင်းစစ်ဆေးမှုလုပ်ငန်းစဉ် (Joint Inspection) ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၀၀ ကေဗွီအေနှင့်အောက် ထရန်စဖော်မာများ ချိတ်ဆက်ရာတွင် တည်ဆောက်တပ်ဆင်ပြီး ထရန်စဖော်မာ၊ ဓာတ်အားလိုင်းနှင့် ပါဝါမီတာ သွယ်တန်းမှုများကို စစ်ဆေးရန် အသင့်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ YESCမှအကြောင်းကြားသည့်နေ့မှ သုံးရက်အတွင်း အဆိုပါပူးပေါင်းစစ်ဆေးမှုလုပ်ငန်းစဉ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ပြီး မပျက်မကွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံအသိပေးအပ်ပါသည်။ ပူးပေါင်းစစ်ဆေးမှုလုပ်ငန်းစဉ်ကို YESC နှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အများပြည်သူတို့၏ အချိန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ သက်သာလျော့ကျသွားစေရန် ရည်ရွယ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ (၂၅-၃-၂၀၂၀) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၇-၂-၂၀၂၀) နေ့မှ (၆-၃-၂၀၂၀) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ငါးဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၁၁ ဦး၊ ပေါင်း ၁၈ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ကိုးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၂၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၈၄၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၉၀ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၇၅၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ထိုင်းနိုင်ငံမှပြန်လည်လွှဲပြောင်းလာသည့် တရားမဝင်မြန်မာအလုပ်သမားများမှ COVID -19 သံသယလူနာ ၁၁ ဦး ဗိုင်းရပ်စ်ရောဂါပိုးကူးစက်မှုမရှိ

**တာချီလိတ် မတ် ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား (၂)၌ မတ် ၂၃ ရက်က တရားမဝင်မြန်မာအလုပ်သမား အမျိုးသား ၈၂ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၉၁ ဦးကို ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ရာ COVID -19 သံသယစောင့်ကြည့်လူနာ ၁၁ ဦး ပါဝင်ခဲ့ရာတွင် မတ် ၂၅ ရက်က ဓာတ်ခွဲခန်းစစ်ဆေးချက်အရ ဗိုင်းရပ်ရောဂါပိုးကူးစက်ခံရခြင်း မရှိကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



ဆက်လက်၍ မတ် ၂၄ ရက်တွင် တစ်ဦးနှင့် မတ် ၂၅ တွင် နှစ်ဦး စုစုပေါင်း သုံးဦးကို COVID -19 စောင့်ကြည့်သံသယ လူနာအဖြစ် သတ်မှတ်စောင့်ကြည့်လျက်ရှိရာ ဓာတ်ခွဲခန်းအဖြေကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။


**ယာဆေး(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၆**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ရွှေကျင်မြို့၊ ဘော်လခဲမြို့၊ ဘားအံမြို့၊ ကော့ကရိတ်မြို့နှင့် လှိုင်းဘွဲ့မြို့ တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

**မိုး/ဇလ**



# ပြည်သူ့သာလျှင် အဓိက

◆ *ရွှေဖုံးမှ*

၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် ပေးပို့ထားပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်တွင် ပေးပို့ထားပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင် ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင် ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း က ချေးငွေ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံဖြင့် သီလဝါစက်မှုဇုန်အနီး အကောင် အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားတိုးတက်ကောင်းမွန်ရေး စီမံကိန်းတည်ဆောက်ရေး အချိန်ဇယားအရ အကြံပေးအဖွဲ့ ရွေးချယ်ခြင်း အတွက် ခြောက်လ သတ်မှတ်ထားပါကြောင်း၊ Bidding Documents များ ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်းတို့ကို ၁၂ လ သတ်မှတ် ထားပါကြောင်း၊ ဒီဇိုင်းဆွေးနွေးအတည်ပြုခြင်း၊ ပစ္စည်းများထုတ်လုပ်ခြင်း၊



ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

သယ်ယူပို့ဆောင်ခြင်းနှင့် စီမံကိန်းတည်ဆောက်ခြင်းတို့အတွက် ၃၃ လ သတ်မှတ်ထားပါကြောင်း၊ Testing and Commissioning ကာလသည် ခြောက်လအဖြစ် သတ်မှတ်ထားပါကြောင်း၊ ဖော်ပြပါစီမံကိန်းအချိန်ဇယား သည် စီမံကိန်းကာလအတွင်း မမျှော်မှန်းနိုင်သော ကိစ္စရပ်များ၊ မလွန်ဆန် နိုင်သော ကိစ္စရပ်များအတွက် မျှော်မှန်းတွက်ချက်၍ ပိုမိုတောင်းခံခြင်းသာ ဖြစ်ပြီး အမှန်တကယ်ဆောင်ရွက်မည့် စီမံကိန်းကာလအား တိုတောင်းသော ကာလတွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြား သည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့်ကိစ္စကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြီးပါက ချေးငွေစာချုပ်အား ၂၀၂၀ ပြည့်နှစ် မတ်လ မကုန်မီ ချုပ်ဆိုနိုင်ရန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ရှင်းလင်းပြောကြားသည်။

### ချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက် ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြု

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံး ပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၅၁၁ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ တစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည် ပေးပို့ထားသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ပညာရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ သဘောထား မေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံ ဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထား




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

မှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတ ထံသို့ ပြန်လည်ပေးပို့သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဓာတ်အား ခွဲရုံများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် စစ်တောင်းခွဲရုံ၌ လက်ရှိတွင် ၅၀ အမ်ဗွီအေမှ ၂၅၀ အမ်ဗွီအေသို့ လည်းကောင်း၊ သပြေဝခွဲရုံတွင် ၁၂၀ အမ်ဗွီအေ မှ ၂၆၀ အမ်ဗွီအေသို့ လည်းကောင်း၊ မင်းလှခွဲရုံတွင် ၁၀၀ အမ်ဗွီအေမှ ၂၀၀ အမ်ဗွီအေသို့ လည်းကောင်း၊ သာစည်ခွဲရုံတွင် ၃၀ အမ်ဗွီအေမှ ၂၃၀ အမ်ဗွီအေ သို့လည်းကောင်း၊ ရွှေဘိုခွဲရုံတွင် ၁၀၀ အမ်ဗွီအေမှ ၂၅၀ အမ်ဗွီအေသို့ လည်းကောင်း၊ နဘားခွဲရုံတွင် ၁၀၀ အမ်ဗွီအေမှ ၂၀၀ အမ်ဗွီအေသို့လည်းကောင်း၊ ဘိုင်းဒါးခွဲရုံတွင် ၆၀ အမ်ဗွီအေမှ ၂၆၀ အမ်ဗွီအေသို့ လည်းကောင်း တိုးမြှင့် သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ထရန်စဖော်မာများ တိုးမြှင့်တပ်ဆင်ခြင်း ကြောင့် ခွဲရုံများမှ လျှပ်စစ်ဓာတ်အား အသုံးပြုနေသည့် ပြည်သူများ လျှပ်စစ်မီး ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်ပြီး ဓာတ်အားစနစ် ပိုမိုတည်ငြိမ်စိတ်ချရခြင်း၊ ဗို့အားပြည့်ဝခြင်းနှင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူး များ ရရှိခံစားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါတွင် ချေးငွေစာချုပ်ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်းနှင့် စာချုပ်အသက် ဝင်ရန်ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူသုံးစွဲမှု၊ ချေးငွေအရင်း၊ အတိုးပြန်လည် ပေးဆပ်မှုများစသည့် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေ ကိုလည်း စောင့်ကြည့်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွာမ ဓာတ်အားပေးရေးစက်ရုံတွင် Combined Cycle Gas Turbine အသစ် တည်ဆောက်ခြင်းနှင့် ဓာတ်အားပို့လွှတ်မှုစနစ်အတွင်းရှိ ပင်မဓာတ်အားခွဲရုံ များ၏ တပ်ဆင်အင်အားတိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းမှုအစီအစဉ် (IDA – 18) အောက်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ် အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၄၉၀ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ နှစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီ အလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ်အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

### ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့မီးရထား၊ ရန်ကုန်-မန္တလေးလမ်း အဆင့် မြှင့်တင်ရေးစီမံကိန်း အပိုင်း(၁) ရန်ကုန် – တောင်ငူလမ်းပိုင်း၏ အဆင့်(၁)



ဥပဒေကြမ်းပူးပေါင်းကော်မတီ
အတွင်းရေးမှူး
ဒေါက်တာမြတ်ညဏစိုး



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

အပိုင်း(၃) ချေးငွေ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ရယူနိုင်ရေးနှင့် ပတ်သက် ၍ ရန်ကုန် – မန္တလေး အဆင့်မြှင့်တင်ရေးစီမံကိန်းသည် မဟာဗျူဟာမြောက် ဖြစ်ပြီး မပြီးမချင်း ပြီးစီးကောင်းမွန်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ အဆင့်(၁) အပိုင်း(၁) တွင် ဂျပန်ယန်း ၂၀ ဘီလီယံ ရယူခဲ့ပါကြောင်း၊ အဆင့် (၁) အပိုင်း(၂) တွင် ဂျပန်ယန်း ၂၅ ဘီလီယံရယူခဲ့ပြီး ၂၄ ဘီလီယံ မသုံးရသေးပါကြောင်း၊ သို့သော် ယခုနှစ်အတွင်းတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့် အတွက် ထပ်မံတောင်းခံရခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းချေးငွေကို အလေးအနက် စဉ်းစားထောက်ခံ ခွင့်ပြုပေးကြစေလိုပါကြောင်း ရှင်းလင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ချေးငွေရယူရန်ကိစ္စကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြီးသည့်အခါ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် မတ်လမကုန်မီ ချုပ်ဆိုနိုင်ရန် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ် အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၄၃၉ မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ မရှိ ဖြစ်ပါကြောင်း၊ ထောက်ခံဆန္ဒမဲများသည့် အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စက်မှုဇုန်ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်း၍ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးက ဆွေးနွေး ပြီး ပြည်ထောင်စုလွှတ်တော်နာယကက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍ လွှတ်တော် ၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အတည်ပြုခဲ့ သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ်အတည်ပြုချက်အတိုင်း လည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည် ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ။)**

**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုချက်အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊"

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၄၄။ မသန်စွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရေလျှောင်တမံဝန်းကျင်ဒေသ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံပြုစု

**နေပြည်တော် မတ် ၂၆**

ရေလျှောင်တမံ ဝန်းကျင်ဒေသ၏ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံ ပြုစုတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က HEC-RAS Model နှင့် GIS နည်းပညာများ အသုံးပြု၍ ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံပြုစုမှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာလျက်ရှိနေသည့် ရာသီဥတု၏ သက်ရောက်မှုဒဏ်ကို ကမ္ဘာ့ဒေသအသီးသီးတွင် ခံစားရလျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးသာမက အစားအစာ ဘေးကင်းလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ အနည်းဆုံးအဆင့် ဖြစ်စေရေး ကြိုတင်အစီအမံများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေ သောက်သုံးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် တည်ဆောက်ထားရှိသော ဆည်တမံကြီးများ၏ ဘေးကင်းလုံခြုံရေး လုပ်ငန်းများကို ပြည်တွင်း ပြည်ပ ပညာရှင်များ၏ ပူးပေါင်းမှုတို့ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မမျှော်မှန်းနိုင်သော သဘာဝဘေး အန္တရာယ်များကြောင့် တမံကြီးများ ထိခိုက်မှုဖြစ်ပေါ်ခဲ့ပါက ဒေသနေ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိရာသို့ အမြန်ဆုံး ရှောင်တိမ်းနိုင်မည့် အနီးဆုံးခိုလှုံရာ နေရာများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ ရေလမ်းကြောင်း အခြေအနေ၊ ရေလွှမ်းနိုင်မည့် ဧရိယာများကို ဒေသနေပြည်သူများအား အသိပေးလမ်းညွှန်နိုင်မည့် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံ ဖော်ထုတ်ရေးဆွဲခြင်းကို ယခုဆောင်ရွက်မည့် တောင်နဝင်းဆည်ကဲ့သို့ နိုင်ငံတစ်ဝန်းရှိ အခြားဆည်များကိုလည်း ဦးစားပေးအလိုက် စနစ်တကျရေးဆွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှု လုပ်ငန်းစဉ်များကို ယခင်ကထက် ပို၍အလေးထား ဆောင်ရွက်လျက်ရှိရာတွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးစီမံချက် (Emergency Preparedness Plan) ကို ရေးဆွဲပြီး လိုက်နာအကောင်အထည်ဖော်လျက်ရှိသည်။ EPP ရေးဆွဲဆောင်ရွက်ရာတွင် အဓိကကျသည့် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံပြုစုခြင်းကို ကနဦးစီမံချက်အနေဖြင့် တောင်နဝင်းရေလှောင်တမံကို ရွေးချယ်၍ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် World Bank, USACE နှင့် KRC တို့၏ နည်းပညာ အကူအညီများဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရေလှောင်တမံ အောက်ဘက်ဒေသများတွင် နေထိုင်လျက်ရှိကြသည့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်မှုမရှိစေရန် တမံများကြံ့ခိုင်မှုနှင့် လုံခြုံရေး အစီအမံများ စနစ်တကျရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း မမျှော်လင့်သော သဘာဝဘေးများကြောင့် ရေလှောင်တမံ ကျိုးပေါက်မှုဖြစ်ပေါ်လာပါက ဒေသနေပြည်သူများအတွက် ဘေးကင်းလုံခြုံသည့် ကုန်းမြင့်တည်နေရာများ သိရှိရှောင်တိမ်းနိုင်ကြစေရန် ဒေသ၏ လက်ရှိ မြေမျက်နှာအသွင်ပြင်အရ ရေလမ်းကြောင်း၊ ရေစီးနှုန်းကြာမြင့်ချိန်၊ ဖြစ်ပေါ်လာနိုင်သည့် ရေပြင်အတိမ်အနက် ၊ ရေလွှတ်ကုန်းမြေတို့ပါဝင်သည့် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံကို ဒေသခံပြည်သူများအား ကြိုတင်ချပြပေးခြင်းဖြင့် ဘေးလွတ်ရာသို့ အန္တရာယ်ကင်းရှင်းစွာ ရောက်ရှိစေမည်ဖြစ်သည်။

အဆိုပါလုပ်ငန်း၏ ကနဦးစီမံချက်အဖြစ် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံ ဧရိယာတွင် စတင်ဆောင်ရွက်ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလမတိုင်မီ ဒေသနေပြည်သူများအား ချပြရှင်းလင်းခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိသော ရေလှောင်တမံများကိုလည်း ဦးစားပေးအလိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၆**

COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဝန်ထမ်းများက ပြည်သူများနှင့် ပူးပေါင်းပြီး ရပ်ကွက်၊ ကျေးရွာများအရောက် ပညာပေးခြင်း လုပ်ငန်းများတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၅)ခုရှိ ဦးစီးမှူးများအား အင်တာနက်ကွန်ရက် Video Conferencing ဖြင့် ယနေ့နံနက်ပိုင်းက ညှိနှိုင်းဆွေးနွေးသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဝန်ထမ်းများအနေဖြင့် COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် ပြည်သူများအား ထိရောက်စွာ အသိပညာပေးခြင်းလုပ်ငန်းကို မူလတာဝန်များနှင့် ပူးတွဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသော COVID -19 ရောဂါဆိုင်ရာ လိုက်နာဆောင်ရွက်ရန်များကို ပြည်သူများ ပိုမိုသိရှိ သဘောပေါက်နားလည်ကြရန် ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ဤရောဂါသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားပျံ့နှံ့နေပြီဖြစ်သောကြောင့် ရောဂါပိုးကူးစက် ပြန့်ပွားမှုများသော နိုင်ငံများမှ ပြန်လာကြသူများကို ရောဂါပိုးကူးစက်ခံရနိုင်သည်ဟု ယူဆသတ်မှတ်ရမည်ဖြစ်ကြောင်း၊ ထိုသူများကိုလည်း နားလည်အောင် မိမိတို့က ရှင်းပြပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ယူဆပြီးဆောင်ရွက်ခြင်းသည် ၎င်းတို့ကိုယ်တိုင်အတွက် သာမက ၎င်းတို့၏ မိခင်၊ ဖခင် မိသားစုဝင် အဘိုး၊ အဘွားများ အတွက်လည်း ဖြစ်ကြောင်းကို သိရှိသဘောပေါက်အောင် ရှင်းပြနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ပြန်လည်ဝင်ရောက်လာကြသူများသည် (၁၄) ရက်ကြာ သီးခြားခွဲ၍ နေထိုင်ကြရန် အရေးကြီးပြီး ယခုလိုဆောင်ရွက်စေခြင်းသည် ခွဲခြားဆက်ဆံခြင်း လုံးဝမဟုတ်ဘူး ဆိုသည်ကို သိရှိအောင် ရှင်းပြနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသူများအတွက် နေထိုင်စားသောက်ရေး အစီအမံများ၊ နေရပ်ပြန်လည်ရောက်ရှိချိန်တွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community Based Facility Quarantine) တစ်ခုသတ်မှတ်ပြီး စီစဉ်ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့မဟုတ် ၎င်းတို့နေအိမ်၌ နေထိုင်လိုပါကလည်း မိသားစုဝင်များနှင့် သီးခြားနေထိုင်စေလိုပြီး ထိတွေ့ဆက်ဆံမှုများ မပြုလုပ်ကြရန် အလွန်အရေးကြီးကြောင်းကို ရှင်းလင်းပြကြရန် ဖြစ်ကြောင်း။



အသိပညာပေးမှုများကို ရပ်ကွက်၊ ကျေးရွာများတွင် ပိုမိုထိရောက်အောင် အသံချဲ့စက်များဖြင့် လှည့်လည်၍ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ပြန်လာကြသူများအနေဖြင့်လည်း သက်ဆိုင်ရာဌာနများသို့ သတင်းပို့ကြရန် အရေးကြီးပါကြောင်း၊ သတင်းပို့မှသာ မိမိမှာ ရောဂါပိုးကူးစက်ခံရပါက အချိန်မီ ထိန်းချုပ်ကုသမှုခံယူနိုင်ပြီး မိမိမိသားစု၊ ရပ်ကွက်၊ ကျေးရွာကို ကာကွယ်နိုင်မှာ ဖြစ်သည့်အတွက် နိုင်ငံခြားမှပြန်လာကြသူများ သတင်းပို့နိုင်ရေးကိုလည်း ပါဝင်ကူညီကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့နည်းလမ်းများကို ပြည်သူတစ်ယောက်ချင်းက ကိုယ့်တာဝန်ကိုယ် ယူကြရမှာဖြစ်ကြောင်း၊ ယခုဖြစ်ပွားလျက်ရှိသော ကူးစက်ရောဂါနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့် အကျုံးဝင်ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ အခန်း(၁) ပုဒ်မ (၂) (ခ)အရ သဘာဝဘေးအန္တရာယ်ဟု ဆိုရာတွင် လူ(သို့မဟုတ်) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားခြင်းပါဝင်ပါကြောင်း၊ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ညွှန်ကြားချက်များကို ပြည်သူများ သိရှိလိုက်နာရန်လိုပါကြောင်း၊ မလိုက်နာပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း၊ ပြည်သူများသည် ဥပဒေကိုသိရှိပြီး လိုက်နာဆောင်ရွက်ရန် ပညာပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ဥပဒေကိုသိရန် ဝန်ထမ်းများက ရှင်းလင်းပြောကြားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ထမ်းများအနေဖြင့် ညွှန်ကြားချက်များကို သိရှိလိုက်နာပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်အတူ ချိတ်ဆက်ပူးပေါင်းပြီး အစိုးရ၏ ထုတ်ပြန်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သဝဏ်လွှာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံသူ၊ နိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်သည် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဖြစ်ပေသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု (၇၂)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ တပ်မတော်သမိုင်းကြောင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲလျက်ရှိပြီး မြန်မာပြည်သူအပေါင်းတို့အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ဆိုသည်မှာ အဖိုးမဖြတ်နိုင်သောပိုင်ဆိုင်မှုပင် ဖြစ်ပေသည်။

မြန်မာတို့၏သမိုင်းကြောင်းမှာ ရှည်လျားလှသည်။ ထိုရှည်လျားလှသော မြန်မာ့သမိုင်းကြောင်းတွင် အရုပ်ဆိုး၊ အကျည်းတန်ဆုံးသော အမှောင်ကာလမှာ တိုင်းတစ်ပါးသားတို့က ကျူးကျော်နယ်ချဲ့ အုပ်ချုပ်ခဲ့သော ကိုလိုနီကာလ တစ်နည်းအားဖြင့် တစ်ပါးကျွန်ဘဝရောက်ခဲ့သောကာလများဖြစ်သည်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အဓိကအကြောင်းတရားမှာ စည်းလုံးညီညွတ်မှုပြိုကွဲခြင်းနှင့် အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်တစ်ရပ် ခိုင်ခိုင်မာမာမရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သမိုင်းကပေးသောသင်ခန်းစာကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မျိုးချစ်လူငယ် ရဲဘော်သုံးကျိပ်တို့က ခေတ်မီစစ်အတတ်ပညာများကို စွန့်လွှတ်စွန့်စား အပင်ပန်းအဆင်းရဲခံ သင်ယူကာ ပြည်သူများနှင့်အတူ လက်တွဲ၍ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကြီး စတင်ဆင်နွှဲနိုင်ခဲ့ပြီး လွတ်လပ်ရေးရရှိသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုနေ့ကို "တော်လှန်ရေးနေ့ " အဖြစ် ဦးစွာသတ်မှတ်ခဲ့ပြီး ၁၉၅၅ ခုနှစ်မှစ၍ "တပ်မတော်နေ့" အဖြစ် အဓိပ္ပာယ်လေးနက်စွာ ပြောင်းလဲသတ်မှတ်ခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုတိုင်အောင် ရောက်ရှိခဲ့ပြီဖြစ်သည်။

တပ်မတော်သည် စိန်ရတုကာလသက်တမ်းအား လွယ်လွယ်ကျော်ဖြတ်ခဲ့ရခြင်းမဟုတ်ဘဲ ခရောင်းလမ်း ခရီးကြမ်းကြီးကို အသက်၊ ခန္ဓာ၊ သွေး၊ ချွေးများစွာဖြင့် ပေးဆပ်၍ ကျော်ဖြတ်ခဲ့ရခြင်းဖြစ်သည်။ ပေးဆပ်မှုအားလုံး၊ ပေးဆပ်သူများအားလုံး၏ တစ်ခုတည်းသောရည်မှန်းချက်မှာ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့သာ ဖြစ်ပေသည်။ ထိုသို့ ပေးဆပ်ရဲကြသော တပ်မတော်သားတို့၏ ခံယူချက်မှာ သစ္စာဓိဋ္ဌာန်လေးချက်ပင် ဖြစ်သည်။

**တပ်မတော်သားတို့၏ သစ္စာဓိဋ္ဌာန်လေးချက်**

(၁) ငါတို့သည်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို စောင့်သိရိုသေပါမည်။

(၂) ငါတို့သည်၊ ကျဆုံးလေပြီးသော တပ်မတော်သားတို့၏သစ္စာကို စောင့်သိရိုသေပါမည်။

(၃) ငါ့အား၊ အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၄) ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။

ကာလအပိုင်းအခြားများကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ပိုင်းခြားရာတွင် တပ်မတော်သည် အတိတ်ကာလဖြစ်သော ၇၅ နှစ်တာကာလတစ်လျှောက်လုံး နိုင်ငံနှင့်ပြည်သူအပေါ် သစ္စာစောင့်သိရိုသေလျက် လွတ်လပ်ရေးရရှိရန်၊ ရရှိပြီးသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန် ရင်ကိုမြေကတုတ်လုပ်ကာ မားမားမတ်မတ် ရပ်တည်ဆောင်ရွက်ခဲ့သည်။

ပစ္စုပ္ပန်ကာလတွင်လည်း ပြည်သူတို့၏ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မြဲမြဲမယိုင်လဲစေရန်နှင့် နိုင်ငံ၏အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံရေးအရတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းရေး၊ ထာဝရ ငြိမ်းချမ်းရေးတို့အတွက် မည်သို့သောအခက်အခဲများနှင့် ရင်ဆိုင်ရသည်ဖြစ်စေ တိုင်းပြည်၏မျက်နှာ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက်ကိုသာရှေးရှု၍ ကာကွယ်ရေးတာဝန်၊ သမိုင်းပေးတာဝန်များကို ဦးလည်မသုန် ကျေပွန်အောင်ထမ်းရွက်လျက်ရှိသည်။

အနာဂတ်တွင်လည်း ဒေသတွင်း၊ ကမ္ဘာ့နိုင်ငံတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်စေရန် အရှိန်အဟုန်ဖြင့်တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အတွက် တပ်မတော်ပြိုကွဲ၍မရပါ။ နိုင်ငံတော်ကိုဖြိုခွဲချင်သူများက အတိတ်၊ ပစ္စုပ္ပန် ကာလတို့တွင် တပ်မတော်ပြိုကွဲစေရန်ကြိုးစားခဲ့၊ ကြိုးစားနေကြဆဲ၊ အနာဂတ်တွင်လည်း ကြိုးစားနေကြမည်ဖြစ်၍ သတိတမံ၊ ဉာဏ်မြေကတုတ်ဖြင့် အမြဲတမ်း လေ့ကျင့်၊ အမြဲတမ်းစစ်ရေးသတိရှိ၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ရှိနေရမည်ဖြစ်သည်။

တပ်မတော်သည် ပြည်ထောင်စုတိုင်းရင်းသားပြည်သူများမှ မွေးဖွားလာကြသော ပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်စစ်စစ်ဖြစ်၏။ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင် ဖြစ်ပေသည်။

တပ်မတော်၏သမိုင်းကြောင်းတစ်လျှောက် ကောင်းမြတ်သော အစဉ်အလာကောင်းများကို ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ သားစဉ်မြေးမြစ်မျိုးဆက်သစ်များက အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်သွားမည်၊ နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်နယ်နိမိတ်များကို တစ်လက်မမျှ အထိမခံ၊ နိုင်ငံသူ၊ နိုင်ငံသား မိဘပြည်သူများအားလုံးရှေ့မှ အဓိဋ္ဌာန်ပြုလျက် မားမားမတ်မတ်ရပ်တည်ကာ ကမ္ဘာတည်သရွေ့ မြန်မာတည်စေရမည် ဖြစ်ကြောင်း (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ အထိမ်းအမှတ် သဝဏ်လွှာပါးအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်**

## "သင်္ကြန်ရင်ခုန်သံ"စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် မတ် ၂၆**

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။ **(အောက်ပုံ)**

မကြာမီ ရောက်ရှိတော့မည့် သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)မှ တာဝန်ရှိသူများ ပူးပေါင်း၍စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။

ယနေ့ရိုက်ကူးမှုတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ပါဝင်ဆောင်ရွက်ပြီး "မန္တလေး" ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် "မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားကို တည်းဖြတ်သူ အကယ်ဒမီ အောင်လွင်၊ သရုပ်ဆောင် ဒေါ်မေရီမြင့်နှင့် ဇာတ်ဝင်တေးသီချင်း သီဆိုသူ ဒေါ်ထားတို့က ၁၉၆၃ ခုနှစ်၏ မန္တလေးသင်္ကြန် ရိုက်ကူးရန် "မန္တလေး" ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဦးတင်ယုနှင့် သရုပ်ဆောင် ဦးဝင်းဦးတို့အား အပ်နှံခဲ့မှုနှင့် ရုပ်ရှင်ဇာတ်ကား စတင်ဖြစ်ပေါ်လာပုံ၊ မန္တလေးမြို့တွင် ရိုက်ကူးခဲ့ပုံ၊ ဇာတ်ကားမရိုက်ကူးမီ ကြိုတင်ပြင်ဆင်ခဲ့မှု၊ ဇာတ်ဝင်တေးသီချင်း သီဆိုပုံ၊ အဓိကသရုပ်ဆောင် ဦးဝင်းဦး အပါအဝင် သရုပ်ဆောင်များ၏ သရုပ်ဆောင်ပုံနှင့် ဝတ်စားဆင်ယင်မှု၊ ရိုက်ကူးပြီးနောက် ကားဆက်ခဲ့မှု အတွေ့အကြုံတို့ကို ဆွေးနွေးကြသည်။



အဆိုပါ သင်္ကြန်ရင်ခုန်သံ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များအဖြစ် သင်္ကြန်ပုံရိပ် ပေါ်လွင်ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်သော "မောင်တို့ချယ်ရီမြေ" (ဒုတိယပိုင်း)၊ "မှုံရွှေရည်" နှင့် "ပိတောက်ကတဲ့ဂီတ" ရုပ်ရှင်ဇာတ်ကားများအကြောင်း ဆက်လက်ရိုက်ကူးမည်ဖြစ်ရာ ယင်းအစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ (FDC)**

*❄ ရှေ့ဖုံးမှ*

နို့ထွက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု၊ သကြား ၊ သဘာဝဓာတ်ငွေ့များ အပါအဝင် အခြားကုန်ပစ္စည်းများအား ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထုတ်ပေးမည့် HS Code Line အသေး စိတ်အား ဝန်ကြီးဌာန၏ website ဖြစ်သော www.commerce.gov.mm တွင် ဆက်လက်တင်ပြပေးမည်ဖြစ်သည်။

အဆိုပါ ပို့ကုန်သွင်းကုန် လျှောက်ထားမှုအတွက် www. myanmar-tradenet.com. mm ကို အသုံးပြုရမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းလိုင်စင် နှင့် ရုံးချုပ်တွင်ထုတ်ပေးနေသည့် နယ်စပ်လိုင်စင်များ လျှောက်ထားနိုင်မည် ဖြစ်သည်။ လျှောက်ထားမည့် ပို့ကုန်သွင်းကုန် မှတ်ပုံတင်ပြီး ကုမ္ပဏီများအနေဖြင့် စနစ်အတွင်း ဝင်ရောက်အသုံးပြုရန် (Member Registration) ပြုလုပ်ရမည် ဖြစ်သည်။ ငွေကြေးပေးသွင်းမှုအတွက် လက်တလောတွင် မြန်မာနိုင်ငံသားများဘဏ်(MCB eCommerce Pay) ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး မကြာမီ MPU eCommerce pay ဖြင့်ပါ ပေးသွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလိုင်စင်များအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာန (MACCS) စနစ်သို့ အီလက်ထရွန်နစ်ဒေတာဖြင့် ဆက်လက်ချိတ်ဆက်ပေးပို့သွားမည်ဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်နိုင်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် Myanmar Tradenet Member ဝင်ရောက်ထားခြင်း မရှိသေးပါက Member ဝင်ခြင်း၊ Security အတွက် Google Authenticator အား အသုံးပြုမည့် လက်ကိုင်ဖုန်းတွင် Instrall ပြုလုပ်ခြင်းနှင့် ၎င်း Google Authenticator နှင့် Myanmar Tradenet Account ချိတ်ဆက်ထားခြင်း၊ MCB Bank တွင် Account ဖွင့်လှစ်ထားခြင်းမရှိသေးပါက Account ဖွင့်လှစ်ခြင်းစသည့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။ လိုင်စင်လျှောက်ထားမှုနှင့် ပတ်သက်၍ မေးမြန်းလိုပါက နေပြည်တော် ဖုန်းနံပါတ် (၀၆၇-၄၀၈၂၂၁) နှင့် ရန်ကုန် ဖုန်းနံပါတ် (၀၁ - ၃၇၁၂၁၉) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်တော်တို့အားလုံး ကာကွယ်ကြမယ်

**-- ဒေါက်တာခင်မောင်လွင် --**

၂၀၀၃ ခု မတ် ၈ ရက် (စနေနေ့) ။
ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ပြင်သစ်ဆေးရုံ ။

"တကယ်တော့ ဒီကိတ်မုန့်ကို ကျွန်တော်မစားသင့်ဘူး။ ရောဂါပိုးတွေ ပါချင်ပါနေမှာ" ဒေါက်တာအူရ်ဘာနီသည် ကိတ်မုန့်ကိုစားရင်း ရယ်ပွဲဖွဲ့လိုက်သည်။ နားထောင်နေသောသူများမှာ ရယ်ဖို့ခက်ခဲစွာ ကြိုးစားနေရလေသည်။

ထိုဆေးရုံတွင် ထူးဆန်းသော ကူးစက်ရောဂါဖြစ်ပွားနေသည်။ ကူးစက်ခံရသူများမှာ ဖျားနာ၊ အသက်ရှူကျပ်၍ သေနေကြ၏။ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများမှာ ဖျားလျှင် ခာတ်မှန်ရိုက်ကြည့်သောအခါ အဆုတ်ထဲတွင် ပိုးဝင်၍ အမည်းရောင်နေရာများမှာ ဖြူ၍နေသည်ကိုတွေ့ရ၏။

**Lock down**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရောဂါဗေဒပါရဂူဖြစ်သူ ဒေါက်တာအူရ်ဘာနီသည် WHO နှင့် ဆက်သွယ်ခြင်း၊ ဗီယက်နမ်အစိုးရနှင့် တိုင်ပင်ခြင်းပြုကာ ထိုဆေးရုံကို ပိတ်ချလိုက်၏။ Lock down ဟု ခေါ်လေသည်။

ဆေးရုံသို့ နောက်ထပ်လူနာ အလာမခံ။ ရှိပြီးသားအခြားရောဂါသည်များကို ဆေးရုံပြောင်းပစ်၏။ ရှိပြီးသား ကူးစက်ရောဂါသည်နှင့် ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလုံး ဆေးရုံထဲမှာပိတ်၍ နေလိုက်ကြ၏။ အသေခံသွားကြ၏။ ဒေါက်တာအူရ်ဘာနီ (Dr.Urbani) ကိုယ်တိုင်လည်း ထိုကူးစက်ရောဂါဖြင့် ကွယ်လွန်၍ သွားခဲ့လေသည်။ မသေဘဲ ကျန်သူအနည်းငယ်မှာ တုပ်ကွေးရောဂါသက်သာစေနိုင်သည့် တာမီဖလူးဆေးဖြင့် အသက်ရှင်သွား၏။ ထိုအထဲတွင် ကျွန်တော့်မိတ်ဆွေ ဒေါက်တာအော်လီဗီယာ (Dr. Olivier) လည်း ပါလေသည်။ နောက်တွင် သူ့အား ပြင်သစ်အစိုးရက သူရဲကောင်း ဘွဲ့ချီးမြှင့်ခဲ့၏။

၂၀၀၃ ခုနှစ်မှာ ဖြစ်ခဲ့သောရောဂါကို နောင်တွင် SARS ခေါ် ကူးစက်မြန်ပြင်းထန်အဆုတ်ရောဂါဟု အမည်တပ်၏။ ကိုရိုနာဗိုင်းရပ်စ်ပိုးဖြစ်ပြီး တရုတ်နိုင်ငံမှ တစ်ဆင့် ဟောင်ကောင်၊ ဟောင်ကောင်မှ ဗီယက်နမ်သို့ ကူးစက်လာပြီး ဟန္နိုင်းမြို့ဆေးရုံတွင် လုံးဝရပ်တန့်သွားခဲ့လေသည်။ ထိုစဉ်က စင်ကာပူနှင့် အခြားနိုင်ငံအချို့သို့လည်း ရောဂါပြန့်ခဲ့၏။ တစ်ကမ္ဘာလုံးတွင် ရှစ်ထောင်ကျော်ကူးစက်ခဲ့ပြီး ရှစ်ရာကျော် သေဆုံးခဲ့လေသည်။

**၂၀၁၉ ဒီဇင်ဘာလကုန်ခါနီး။**
**တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့။**

ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါစတင်ဖြစ်ပွားပြီး ကူးစက်မှုမြန်ဆန်ခဲ့၏။ ယနေ့အထိ လူပေါင်း သုံးသိန်းခုနစ်သောင်းကျော် ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့သွား၏။ မြန်မာနိုင်ငံတွင်လည်း သုံးဦးတွေ့ရပါသည်။ ထိုပိုးသစ်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးဖြစ်ပြီး COVID-19 ဟု အမည်တပ်ရလေသည်။

ယခုအခါ ဝူဟန်မြို့တွင် ရောဂါထိန်းချုပ်မှုမှာ ထိရောက်မှုရလာပေပြီ။ ဖြစ်သူတစ်ရာလျှင် နှစ်ဦး သေဆုံးနှုန်းရှိသဖြင့် ဝူဟန်တွင် လူလေးထောင်ကျော် သေခဲ့၏။ သို့သော် အီတလီနိုင်ငံမြောက်ပိုင်းတွင် ကူးစက်ပျံ့နှံ့သွားရာ၌ အသေအပျောက်နှုန်းသည် ဝူဟန်ထက်ကျော်လွန်၍ သွားပေပြီ။



**အကြီးစားပိတ်ဆို့မှုကြီး ပြုလုပ်**

ဝူဟန်မြို့မှာ မည်သို့သော (Lock down) ပိတ်ဆို့မှုများ လုပ်ခဲ့ပါသနည်း။ ဟန္နိုင်းဆေးရုံ၏ နမူနာအတိုင်း အကြီးစားပိတ်ဆို့မှုကြီး ပြုလုပ်ခဲ့သည်ကို တွေ့ရလေသည်။

ဟန္နိုင်းမြို့ဆေးရုံတွင် ၂၀၀၃ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ပထမဆုံးလူနာရောက်ခဲ့၏။ Lock down လုပ်ပြီး နှစ်လခန့်အကြာ ၂၀၀၃ ခု ဧပြီလ ၂၈ ရက်နေ့တွင် အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့သလို ဝူဟန်တွင်လည်း နှစ်လကျော်ကာလအတွင်း ထိန်းချုပ်နိုင်ကြောင်း တွေ့ရလေသည်။

**ကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်**

ပထမဆင့်- ရောဂါစတင်ရာ ဝူဟန်မြို့ကို ပိတ်ဆို့၍ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်၏။ ရောဂါဖြစ်ပွားခဲ့သော အရင်းမြစ်ဖြစ်သည့် ဝူဟန်ငါးဈေးကိုပိတ်၏။ WHO သို့ ၂၀၂၀ ဇန်နဝါရီလ ၃ ရက်နေ့တွင် သတင်းပို့၏။

ဒုတိယဆင့် - ၂၀၂၀ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရောဂါမပြန့်ပွားရေးအတွက် မြို့ကိုအဝင်အထွက် လုံးဝပိတ်၏။ ကူးစက်ရောဂါကာကွယ်ရေးဥပဒေနှင့် အညီ ဆောင်ရွက်၏။ ရောဂါသည်အားလုံးကို ရှာဖွေကုသ၏။ ၎င်းတို့နှင့် ဆက်စပ်နေသူများကို ရှာဖွေကုသည်။ နေအိမ်တွင် နေစေ၏။ လူအများစုဝေးမှုကို ပိတ်ပင်၏။ တရုတ်နှစ်သစ်ကူးကိုပင် ရွှေ့ဆိုင်းလိုက်၏။ တစ်ကိုယ်ရေကာကွယ်မှု၊ အခြားကိုမကူးစက်ရန်ကာကွယ်မှု ပညာပေး၏။ ဆေးရုံသစ်ကြီးများဆောက်ကာ ထိန်းချုပ်၏။

**စံကိုက်လမ်းညွှန်မှုများကို လိုက်နာစေ**

တတိယဆင့်- အုပ်စုလိုက်ရောဂါဖြစ်ပွားမှုကိုရှာဖွေ၍ ထိရောက်စွာကုသ၏။ ရောဂါစစ်ခြင်း၊ ဆေးရုံတက်ခြင်း၊ ကုသခြင်းများအတွက် "တစ်သွေးတစ်သံတစ်မိန့်" စနစ်ကို ကျင့်သုံး၏။ စံကိုက်လမ်းညွှန်မှုများကို လိုက်နာစေ၏။

ဤလုပ်ငန်းအဆင့်များတွင် ပံ့ပိုးသော မူဝါဒ၊ လူမှုစီးပွားတည်ငြိမ်မှုရှိရန် ထောက်ကူချက်၊ ခေါင်းဆောင်နှင့် လူထု၏ သဟဇာတရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၏။ ခေတ်မီနည်းပညာများဖြစ်သော အေအိုင် (Artificial Intelligence)နှင့် Big Data များကို အသုံးပြု၍ ရောဂါပြန့်ပွားမှုကို တော်လှန်ကာကွယ်ခြင်းများလည်း ပြုခဲ့ကြောင်း တွေ့ရလေသည်။ နောက်ပိုင်းတွင် ဆက်လက်၍ သုံးသောနည်းဗျူဟာမှာ ရောဂါအန္တရာယ်ကို ကာကွယ်ထိန်းချုပ်ခြင်း (Risk-based Prevention and Control) ကို ပြုလုပ်ခဲ့ကြောင်း ၂၀၂၀ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ထုတ် WHO- China Joint Report တွင် ဖော်ပြထားလေသည်။ တရုတ်နိုင်ငံမှတစ်ဆင့် ပျံ့နှံ့ကူးစက်ခံရသော အီတလီနိုင်ငံသည် ၎င်း၏မြောက်ပိုင်းဒေသများကို Lock down ခေါ် ပိတ်ဆို့မှုများပြုလုပ်နေရပေပြီ။ တောင်ကိုရီးယားနိုင်ငံ၏ ဒေသအချို့တွင်လည်း ဤသို့ပြုလုပ်ရ၏။ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ စပိန်၊ အမေရိကတို့တွင်လည်း COVID-19 ပျံ့နှံ့မှုကို ပြင်းထန်စွာ ကာကွယ်ခုခံနေရလေသည်။

**အဆင့်ဆင့်ခွဲခြားထိန်းချုပ်ခြင်း (Quarantine) နှင့် မြို့ရွာအတွင်းမှာသာ လှုပ်ရှားစေခြင်း (Community Quarantine)**

ဤသို့ကာကွယ်ရန်နည်းလမ်းမှာ လူနာရှာဖွေ၍ အဆင့်ဆင့်ခွဲခြားထိန်းချုပ်ခြင်း (Quarantine) သက်သက်ဖြင့် မရတော့ချေ။ မိမိတို့အိမ်တွင်းမှာသာ နေထိုင်ကြရုံနှင့် မလုံလောက်တော့ချေ။ ရောဂါပျံ့နှံ့မှုရှိနေသော မြို့ရွာနေသူများမှာ မိမိတို့ မြို့ရွာအတွင်းမှာသာ လှုပ်ရှားစေခြင်း (Community Quarantine) နည်းဗျူဟာကို အတိအကျ

> “ဤလုပ်ငန်းအဆင့်များတွင် ပံ့ပိုးသော မူဝါဒ၊ လူမှုစီးပွား တည်ငြိမ်မှု ရှိရန် ထောက်ကူချက်၊ ခေါင်းဆောင်နှင့် လူထု၏ သဟဇာတရှိစွာ ပူးပေါင်းဆောင်ရွက်မှု များကို အခြေခံ၏”

လိုက်နာဖို့ လိုတော့၏။

၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် COVID-19 ဗိုင်းရပ်စ်ပိုးကူးစက်ရောဂါကို “ကမ္ဘာ့ကပ်ရောဂါ” ဟု သတ်မှတ်ကြေညာခဲ့ပြီးဖြစ်၍ မိမိတို့ပြည်တွင်း ကူးစက်ရောဂါကာကွယ်ရန် ထုတ်ပြန်ထားသည့် ဥပဒေများသာမက ကမ္ဘာ့ကပ်ရောဂါ ထိန်းချုပ်မှုဆိုင်ရာ စည်းမျဉ်းဥပဒေများကိုပါ တိကျစွာ လိုက်နာကြရပေတော့မည်။

မြန်မာနိုင်ငံသည်လည်း မိမိတို့ နိုင်ငံထဲသို့ ရောဂါပိုးဝင်ရောက်ကြောင်း မသိရှိခင်ကတည်းက မတ်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်သော COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းခြင်း၊ ရောဂါဝင်ရောက်မှုမရှိရန် ဟန့်တားရုံသာမက မသိနိုင်သေးသော ရောဂါမပြန့်ပွားအောင် တားမြစ်ခြင်းများစွာကို ဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်၍လည်း ယခုအခါ ရှာဖွေတွေ့ရှိလာသော လူနာသုံးဦးအပေါ်မှီ၍ မထိန်းနိုင်မသိမ်းနိုင် ထိတ်လန့်ကြောက်ရွံ့စရာ နည်းသွားပါသည်။

သို့သော် ရောဂါရှိသူတစ်ဦး၏ ဝင်ရောက်လာရာ လမ်းကြောင်းမှာ မထင်မှတ်ဘဲရှည်လျားပြီး ထိခိုက်လွယ်သော တိုင်းရင်းသားတို့၏ ကျေးရွာအထိ ရောက်ရှိ၍ သွားပေပြီ။ ဤအခြေအနေတွင် ဒေသခံတို့အား ရောဂါမပြန့်ပွားရေး၊ ထိုဒေသမှ အခြားဒေသများသို့ မပျံ့နှံ့ရေးအတွက် အစွမ်းကုန် ကာကွယ်ရပေတော့မည်။

ဤတွင် Community Quarantine ဟူသော အကန့်အသတ်များသာမက လိုအပ်ပါက ရောဂါရှိရာ ဒေသတွင် လူတို့အိမ်မှာသာ နေရပေလိမ့်မည်။ စားနပ်ရိက္ခာအတွက် တစ်အိမ်လျှင် တစ်ယောက်သာလျှင် အိမ်ပြင်သို့ထွက်၍ ဝယ်ယူခွင့်ပြုခြင်းကို ဝူဟန်မှာကဲ့သို့ ကျင့်သုံးနိုင်ပါသည်။ သို့အတွက် ရပ်ရွာထဲတွင် စားနပ်ရိက္ခာလုံလောက်စွာ ဖြည့်ထားဖို့ တာဝန်ရှိသူတို့က ကြိုးစားရပေလိမ့်မည်။ အကယ်၍ ရောဂါပြင်းထန်စွာ ပျံ့နှံ့ခဲ့လျှင်မူ ဒေသအစိုးရက တာဝန်ယူကာ စီမံခန့်ခွဲရေးနည်း၊ အုပ်ချုပ်ရေးနည်းများ သုံးရပေလိမ့်မည်။

၂၀၀၃ ခုနှစ်က SARS ရောဂါ ဗီယက်နမ်တွင် ထိန်းချုပ်မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ဝူဟန်၌ COVID-19 ထိန်းချုပ်မှုများသည် နှစ်လခန့်မျှအတွင်း နိုင်နင်းသည်ကို တွေ့ရပါသည်။

မြန်မာပြည်သို့ရောက်လာသော COVID-19 ပိုးများသည် ကမ္ဘာတစ်ပတ်ပတ်၍ လာခဲ့သည်ဖြစ်ရာ အားနည်းသွားပြီဟု ယူဆရ၏။ အားနည်းသော ဗိုင်းရပ်စ်သည် အားနည်းသူ လူသားများအား မနှိပ်စက်နိုင်အောင် ကျွန်တော်တို့ ကာကွယ်ကြစို့။ ။

> “ Community Quarantine ဟူသော အကန့်အသတ်များသာမက လိုအပ်ပါက ရောဂါရှိရာ ဒေသတွင် လူတို့အိမ်မှာသာ နေရပေလိမ့်မည်။ စားနပ်ရိက္ခာအတွက် တစ်အိမ်လျှင် တစ်ယောက်သာလျှင် အိမ်ပြင်သို့ထွက်၍ ဝယ်ယူခွင့်ပြုခြင်းကို ဝူဟန်မှာကဲ့သို့ ကျင့်သုံးနိုင်ပါသည်။ သို့အတွက် ရပ်ရွာထဲတွင် စားနပ်ရိက္ခာလုံလောက်စွာဖြည့်ထားဖို့ တာဝန်ရှိသူတို့က ကြိုးစားရပေလိမ့်မည်။ အကယ်၍ ရောဂါပြင်းထန်စွာ ပျံ့နှံ့ခဲ့လျှင်မူ ဒေသအစိုးရက တာဝန်ယူကာ စီမံခန့်ခွဲရေး နည်း၊ အုပ်ချုပ်ရေးနည်းများ သုံးရပေလိမ့်မည်”

# အင်းစိန်မြို့နယ်တွင် ပြည်ပမှ ပြန်ရောက်လာသူများအား အုပ်ချုပ်ရေးအဖွဲ့က စာရင်းကောက်ယူ ဝေဘာဂီဆေးရုံသို့ ပို့ဆောင်ထားသူတစ်ဦးမှာ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိ

ရန်ကုန် မတ် ၂၆

**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့က နေအိမ်များတွင် စာရင်းကောက်ယူလျက်ရှိပြီး တောင်သူကုန်းရပ်ကွက်မှ ရောဂါပိုးတွေ့ရှိသူတစ်ဦးကို မတ် ၂၄ ရက်က ဝေဘာဂီအထူးကု ဆေးရုံသို့ ပို့ဆောင်ထားရာ ယနေ့နံနက်တွင် အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။**

မတ် ၂၅ ရက်မှစ၍ အင်းစိန်မြို့နယ်ရှိ ရပ်ကွက်များတွင် ပြည်ပမှ ပြန်ရောက်လာသူ ၇၄ ဦးကို စာရင်းကောက်ယူထားရှိပြီး ယနေ့တွင် ဆက်လက် စာရင်းကောက်ယူလျက်ရှိရာ ရပ်ကွက်နေပြည်သူတို့အား မိမိတို့ ပတ်ဝန်းကျင်၌ ပြည်ပမှပြန်ရောက်လာသူတို့ကို အသိပေး၍ ပူးပေါင်းဆောင်ရွက်ရန်၊ ပြန်ရောက်လာသူတို့ကလည်း အုပ်ချုပ်ရေးမှူးထံသို့ အသိပေး၍ ကျန်းမာရေးစစ်ဆေးမှု ခံယူကာ မိမိတို့နေအိမ်၌ ၁၄ ရက် နေထိုင်ရန် အသံချဲ့စက်ဖြင့် ကြေညာလျက်ရှိသည်။

"ရောဂါပိုးတွေ့ရှိတဲ့ သူတွေကို မတ် ၂၄ ရက်က ဝေဘာဂီ ဆေးရုံကို ပို့ထားပါပြီ။ ကျန်းမာရေးအခြေအနေကောင်းမွန်တယ်လို့ ကြားရတယ်။ အဲဒီလမ်းကို ပိတ်ထားပြီး သွားလာမှု မရှိအောင် စောင့်ကြပ်ထားပါတယ်။ ပြည်ပက ပြန်လာသူအားလုံးကို စာရင်းပြုစုနေတာ မနေ့ကအထိ ၇၄ ဦး ရှိပါပြီ။ ရပ်ကွက်က သတင်းပေးတာနဲ့ ကျန်းမာရေးဝန်ထမ်းက စစ်ဆေးပြီး အပြင်ကို ၁၄ ရက်အတွင်း မထွက်ဖို့ တိုက်တွန်းနှိုးဆော်ထားတယ်။ နေ့စဉ် တစ်ဦးချင်း စာရင်းကောက်ယူနေပါတယ်" ဟု ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က ပြောသည်။



အင်းစိန်မြို့နယ်တွင် ပြည်ပမှ ပြန်ရောက်လာသူများအား အုပ်ချုပ်ရေးအဖွဲ့က လိုက်လံစာရင်းကောက်ယူစဉ်။

ဓာတ်ပုံ - သန်းစိုး

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်၊ ကွင်းမွေး (၃) လမ်းတွင် နေထိုင်သော အသက် (၂၆) နှစ်ရှိ ကိုစောကလူထူးသည် အင်္ဂလန်နိုင်ငံမှ မတ် ၂၁ ရက်တွင် အင်းစိန်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး COVID-19 ရောဂါလက္ခဏာများ ရှိသောကြောင့် မတ် ၂၄ ရက်တွင် အင်းစိန်ဆေးရုံမှ ဝေဘာဂီဆေးရုံသို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ မိသားစု ကိုးဦးရှိပြီး ကိုစောကလူထူးနှင့် လူနာစောင့်ဖြစ်သော မိသားစုဝင် စောလီဝိကိုလည်း ဆေးရုံတွင် စောင့်ကြည့်လျက်ရှိသည်။ ယနေ့တွင် ပြည်ပမှ ပြန်လည် ရောက်ရှိသူ ၁၃ ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက စာရင်းကောက်ယူထားပြီး ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့မှ ပြန်လည်ရောက်လာသူများ ဖြစ်ကြောင်း သိရသည်။

"နိုင်ငံခြားက ပြန်လာသူ ၁၃ ဦးကို ဒီနေ့စာရင်း ကောက်ပြီးပါပြီ။ အသံကြေးတာနဲ့ဆက်ပြီး စာရင်းယူသွားမှာပါ။ နိုင်ငံခြားက ပြန်လာတဲ့ ရောဂါပိုးတွေ့ရှိတဲ့ လမ်းကို ပိတ်ထားပြီးတော့ အိမ်ထဲက မိသားစုကို ဖုန်းနဲ့ အားပေးစကားပြောတယ်။ လိုအပ်တာတွေကို ဆောင်ရွက်ပေးထားတယ်။ ထူးခြားမှုက မိသားစုကို ဖုန်းသွားပေးတဲ့အခါမှာ Positive တွေ့တဲ့ လူငယ်ကျန်းမာရေး ကောင်းလာတယ်လို့ ကြားတယ်။ မိသားစုလည်း ကိုယ်အပူရှိန် မြင့်မားလာတာ တော့မရှိဘူး။ ကျန်းမာရေးဦးစီးဌာနက စစ်ဆေးပြီးသွားပါပြီ" ဟု တောင်သူကုန်းရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းက ပြောသည်။

ရန်ကုန်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများတွင် အလှူအတန်းပြုလုပ်ခြင်း၊ တရားပွဲများအပါအဝင် ပျော်ပွဲရွှင်ပွဲများဖြင့် လူစုလူဝေးမပြုလုပ်ရန်နှင့် ထောက်ခံမှုမပေးရန် အုပ်ချုပ်ရေးရုံးများအား မြို့နယ်များမှ ညွှန်ကြားထားပြီး ပြည်သူအား အသိပညာပေးလုပ်ငန်းများဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုကို ဆောင်ရွက်လျက်ရှိကာ မြို့နယ်အသီးသီးတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူများအား အုပ်ချုပ်ရေးနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# COVID-19 ရောဂါ ကာကွယ်ရေးနှင့် ကုသရေးအတွက် ငွေကျပ် သိန်းပေါင်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးနှင့် လူအသုံးအဆောင်ပစ္စည်းများ ကမ္ဘောဇဘဏ်ကလှူဒါန်း

**နေပြည်တော် မတ် ၂၆**

မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံး ပစ္စည်းများနှင့် လူ့အသုံးအဆောင် ပစ္စည်းများကို ကမ္ဘောဇဘဏ်က လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် မတ် ၁၈ ရက်မှ စတင်၍ လှူဒါန်းမှုများ ပြုလုပ်ခဲ့ရာ ထိုနေ့တွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများ၊ သံသယနှင့် ကူးစက်ခံရသော လူနာများအတွက် ကနဦး မတည်ငွေ ငွေကျပ်သိန်း ၁၀၀၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သည်။ ထို့နောက် ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးနှာခေါင်းစည်း ၄၀၀၀၀၀ လှူဒါန်းရန်အတွက် တရုတ်နိုင်ငံမှ ဝယ်ယူခဲ့ရာ ရွှေလီမြို့သို့ ရောက်ရှိနေပြီး မကြာမီရက်ပိုင်းအတွင်း လှူဒါန်းသွားမည်ဖြစ်သည်။

ထို့အပြင် ပြည်တွင်းဈေးကွက်တွင် ပစ္စည်းများ ရှားပါးပြတ်လပ်မှု မရှိစေရန်အတွက် ဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် ခေါင်းစွပ်၊ မျက်မှန်၊ နှာခေါင်း စည်း၊ လက်အိတ်များ အပြည့်အစုံ ပါဝင်သော CE Standard PPE ဝတ်စုံ ၂၀၀၀၀၊ ၅၀၀ မီလီဂရမ် ပါဝင်သည့် Hand Gel ဘူး ၁၀၀၀၀ တို့ကို ကမ္ဘောဇဘဏ်က တရုတ်နိုင်ငံမှ တိုက်ရိုက်ဝယ်ယူထားပြီး အမြန်ဆုံး လှူဒါန်းသွားမည် ဖြစ်သည်။ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ဆန် နှစ်ပြည်၊ ဆီ တစ်ဘူး၊ ဆား၊ ကုလားပဲ တစ်ပိဿာနှင့် ငွေကျပ် တစ်သောင်းစီပါသော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ကမ္ဘောဇဘဏ်က အသင့်ပြင်ဆင်ထားသည်။

ကမ္ဘောဇဘဏ်သည် မတ် ၂၆ ရက်အထိ COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီး ဆက်လက်၍လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့် နေရာများတွင် လိုအပ်သည်များကို ပူးပေါင်း ပါဝင်လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုဇော်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းသည့် ရောဂါကာကွယ်ရေးဝတ်စုံကို တွေ့ရစဉ်။



*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရန်ကုန် - မြစ်ကြီးနားလမ်းပိုင်းအတွင်းမှ သွားလာရေး ခက်ခဲကျပ်တည်းသည့် ဂျိုးထောင် - မဲဇာနှင့် မော်ဟန် - ကာဒူ လမ်းပိုင်းနှစ်ခုကို အဆင့်မြှင့်ပြုပြင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူခွင့်ရရှိရေးနှင့် ပတ်သက်၍ ယခုစီမံကိန်းသည် မဟာဗျူဟာမြောက်စီမံကိန်းဖြစ်ပြီး ဘဏ္ဍာရေးစိစစ်မှုနှင့် စီးပွားရေးစိစစ်မှုများအရ အားလုံးကောင်းမွန်ပါကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရထားလမ်း၏ အခက်ခဲဆုံးအစိတ်အပိုင်းများကို ပြုပြင်တည်ဆောက်ရေးအတွက် သက်သာသော ချေးငွေ EDCF မှ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူခွင့်ပြုရေးအတွက် ထောက်ခံပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက ချေးငွေစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကိုရီးယား EDCF အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လုပ်ငန်းစဉ်များအတိုင်း ဆောလျင်စွာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၄၄၄မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ တစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ... 

ဦးဝင်းမြင့်နှင့် ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်စွဲပါ စာအမှတ် ၃ (၁၁)/ ၁/ သမ္မတရုံးဖြင့် ပေးပို့လာပါကြောင်း၊ အထက်ပါ နိုင်ငံတော်သမ္မတ၏ ပြည်ပခရီးစဉ်ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ပေးပို့ထားသည့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့ထားသည့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူထားသည့် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်တွင် ပေးပို့ခဲ့ပါကြောင်း၊ အဆိုပါ နည်းဥပဒေပြင်ဆင်ချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၄ - က အရ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလ နှစ်လခန့်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၂၉ ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးကာလတစ်လျှောက် မိမိတို့နှင့်သက်ဆိုင်သည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်ပြီးစီးသည်အထိ ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများနှင့် သတင်းမီဒီယာအဖွဲ့များအပါအဝင် အားလုံးကိုလည်း ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် ယခုကဲ့သို့ကာလတွင် ကျန်းမာရေး အသိ သတိရှိစွာဖြင့် အထူးဂရုပြုနေထိုင် သွားလာကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပပြီးစီးပြီ ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၁/၂၀၂၀) သို့ တက်ရောက်

## ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများကို အသွားအလာကန့်သတ်ခြင်း အစီအစဉ်ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်တော့မည်

**နေပြည်တော် မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ယနေ့နံနက် ၈ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်၌ ကျင်းပသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၁/၂၀၂၀) သို့ တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် COVID-19 ရောဂါကာကွယ်၊ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပိုမိုချိတ်ဆက်မှု ကောင်းမွန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲကွပ်ကဲခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဌာန (Central Command Centre) ကို ယနေ့မှစတင်၍ အဆင့်မြှင့်ကာ ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ၌ ပြည်ပမှ ရောက်ရှိလာသူ သုံးဦးတွင် COVID-19 ရောဂါ တွေ့ရှိနေပြီဖြစ်သဖြင့် မိမိတို့သည် လက်ရှိဆောင်ရွက်နေသော နည်းဗျူဟာများကို ပြောင်းလဲလာသည့် အခြေအနေနှင့် ကိုက်ညီစွာ မွမ်းမံပြင်ဆင်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လျင်မြန်ပြတ်သားစွာ ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ကူးစက်ပျံ့နှံ့

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ နေ့စဉ်ထောင်ချီ၍ အစုလိုက် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေမှု အခြေအနေသည် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့ ဖြစ်ပွားရန်အတွက် အခွင့်အလမ်း အလွန်များပြီး အန္တရာယ်လည်း ကြီးမားပါကြောင်း။

ထို့ကြောင့် မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များ၌ ပြည်သူများအား ကျန်းမာရေး ဝန်ဆောင်မှုပေးနေသည့် ဝန်ထမ်းများအနေဖြင့် ဤအချက်ကို နောက်ခံထားကာ ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဤကဲ့သို့ အစုလိုက် အပြုံလိုက် ဝင်ရောက်မှုအခြေအနေသည် ကမ္ဘာ၌ အလွန်ထူးခြားသော အခြေအနေတစ်ခု ဖြစ်ပြီး အဆိုပါ အခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသဆိုင်ရာရုံးသို့ ဆက်သွယ်အကြောင်းကြားပြီး လိုအပ်သော အထောက်အပံ့များ ပိုမိုရရှိရန် ဆောင်ရွက်နေပါကြောင်း။

ဤသို့ ဝင်ရောက်လာသော မိမိတို့ နိုင်ငံသားများအနေဖြင့် မိမိတွင် ရောဂါပါလာပါက မိမိမှနေ၍ မိမိ၏ မိသားစုများ၊ မိတ်ဆွေများ၊ ရပ်ကွက်တွင်းရှိ ပြည်သူများအား မကူးစက်ရန် အလွယ်ဆုံးသော နည်းလမ်းမှာ (၁၄) ရက်တာ ကာလ အသွားအလာကန့်သတ်ခြင်းကို အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပြီး




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို တိတိကျကျ နေ့စဉ်မပြတ် လိုက်နာခြင်း ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသွားအလာကန့်သတ်ခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ သတ်မှတ်နေရာ အဆောက်အဦ (facility quarantine center) များတွင် COVID-19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဟိုတယ် quarantine center များတွင် COVID-19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သေချာစွာ လိုက်နာကျင့်သုံးပါက ပြည်ပမှရောဂါပိုး ကူးစက်ခံရသူများမှတစ်ဆင့် ရောဂါဆက်လက်ပြန့်ပွားမှုကို နိုင်နင်းစွာထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

### ပြည်သူများအား အသိပေး

ဤကိစ္စကို အောင်မြင်ရန် သက်ဆိုင်ရာ မြို့နယ်များမှ မြို့နယ်ဆရာဝန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရပ်ကွက်လူကြီးများက လက်ကိုင်အသံချဲ့စက်ငယ်များ၊ အသံချဲ့စက်များကို အသုံးပြုကာ သင့်လျော်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် အစရှိသည်တို့ဖြင့် လှည့်လည်၍ ပြည်သူများအား အသိပေးရမည် ဖြစ်ပါကြောင်း။

လက်ကိုင်အသံချဲ့စက်များ အသုံးပြု၍ ပြောကြားရမည့် COVID-19 ရောဂါနှင့် ပတ်သက်၍ ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်း၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ အသွားအလာကန့်သတ်၍ စောင့်ကြည့်ခြင်းခံရသူများ လိုက်နာရမည့်အချက်များ၊ ပြည်သူများ ဝိုင်းဝန်းကူညီရမည့် အချက်များစသည်ဖြင့် ပြည်သူများ သိရှိလိုက်နာရမည့် အဓိကလိုအပ်သည့်အချက်များကို ပြည်သူများ နားလည်ရန်လွယ်ကူသော အသုံးအနှုန်းစာသားဖြင့် ပြုစုထားရှိပြီး မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ရှင်းလင်းတိကျစွာ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ စသည့် အဆင့်တိုင်း၌ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ပြည်သူလူထုအခြေပြု၊ ဆေးရုံအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှ ဝင်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ သတ်မှတ်နေရာ အဆောက်အဦနှင့် နေအိမ်များတွင်ထားရှိကာ အသွားအလာကန့်သတ်ခြင်းပြု၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ COVID-19 ရောဂါသံသယလူနာနှင့် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက ထိရောက်စွာကုသပေးနိုင်ရေးအတွက် ဆေးရုံများတွင် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်မည့် ဓာတ်ခွဲပစ္စည်းကိရိယာများ မှာယူဖြည့်ဆည်းခြင်း၊ အမျိုးမျိုးသော လုပ်ငန်းလမ်းညွှန်များ ပြုစုထုတ်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ သိရှိရန်နှင့် အကြံပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် အဓိကကျသည့် လုပ်ငန်းများ (Key action) နှင့် ဗဟိုမှ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ ဆေးနှင့်ဆေးပစ္စည်း ကိရိယာများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်း (PPE) များ ပေးပို့ထောက်ပံ့မှု အခြေအနေများကို နေ့စဉ်အသိပေးသွားတော့မည် ဖြစ်ပါကြောင်း။

### နေ့စဉ်ထုတ်ပြန် ကြေညာ

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ပြည်သူများမှ လှူဒါန်းသောငွေကြေး၊ ဆေးနှင့် ဆေးပစ္စည်းများ စာရင်းကိုလည်း ပြည်သူများ သိရှိနိုင်စေရန် မိမိတို့ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၌ နေ့စဉ်ထုတ်ပြန်ကြေညာသွားတော့မည် ဖြစ်ပါကြောင်း။

ဗဟိုမှလည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူရရှိသော ဆေးနှင့် ဆေးပစ္စည်းများကိုလည်းကောင်း၊ လှူဒါန်းရရှိသော ဆေးနှင့် ဆေးပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်များ၊ ဆေးရုံများမှ တောင်းခံချက်များအား အမြန်ဆုံး၊ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း လုပ်ဆောင်ရာတွင် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အားလုံးသိရှိနိုင်ရန်နှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းထားသော COVID-19 email group တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ လူမှုရေးဝန်ကြီးများကိုလည်း ထပ်မံထည့်သွင်း၍ အသိပေးဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်တော့မည် ဖြစ်ကြောင်း။

### စနစ်တကျ ကြပ်မတ်ဆောင်ရွက်

ထိုကဲ့သို့ ပြည်သူလူထုအခြေပြုကာ သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ကို စနစ်တကျ ဆောင်ရွက်သွားနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိကျသော လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးကာ ပြည်သူလူထုနှင့် ရပ်ကွက်/ကျေးရွာဒေသခံ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ၏ မြန်မာနိုင်ငံအတွင်း ပြန်လည်နေထိုင်မည့် နေရပ်လိပ်စာ အတိအကျကိုရယူကာ အသွားအလာကန့်သတ်ကာ နေထိုင်စေမည့် နေရာပြမြေပုံ (Quarantine Mapping) များ ရေးဆွဲကာ အသွားအလာကန့်သတ်ကာ နေထိုင်စေသည့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်လာသူများ၏ ကျန်းမာရေး အခြေအနေကို သက်ဆိုင်ရာ မြို့နယ်ဆရာဝန်များသည် အခြေခံကျန်းမာရေး ပညာရှင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး၊ ရပ်ရွာပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုရယူ၍ နေ့စဉ်စောင့်ကြည့် သတင်းရယူကာ အဆင့်ဆင့်ဆက်သွယ် အကြောင်းကြားရမည် ဖြစ်ပါကြောင်း။

ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိပါက အဆိုပါလူနာ နေ့ရက်အလိုက် သွားရောက်ခဲ့သည့် မြို့များ၊ နေရာများ၊ စီးနင်းခဲ့သည့် ယာဉ်များကို စုံစမ်းဖော်ထုတ်ကာ အများပြည်သူသိရှိအောင် သတင်းစာ၊ တီဗွီ၊ ရေဒီယို၊ အင်တာနက်စာမျက်နှာတွင် ကြေညာခြင်းဖြင့် ထိုသူနှင့် ထိတွေ့၊ နီးစပ်ခဲ့သူများကို အသိပေးဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း။

### ထိရောက်စွာ စီမံဆောင်ရွက်

ယခုအချိန်အခါတွင် မြို့နယ်ဆရာဝန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ လမ်းညွှန်ချက်များကို မိမိဒေသအခြေအနေနှင့် ကိုက်ညီစွာဖြင့် ထိရောက်စွာ စီမံဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့်လည်း ဝန်ထမ်းများကို လိုအပ်သလို သင့်လျော်သောနေရာများတွင် ခေတ္တပြောင်းလဲထမ်းဆောင်စေပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအစည်းအဝေးတွင် နိုင်ငံတကာ၌ ရောဂါဖြစ်ပွားပျံ့နှံ့မှု၊ သေဆုံးမှုအခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များ၊ COVID-19 ရောဂါလူနာသုံးဦးအား ကုသပေးနေမှုနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေ၊ ၎င်းတို့နှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ကာ အသွားအလာကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုမှုဆောင်ရွက်ထားမှု၊ သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community based facility quarantine) ဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုများ၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ နယ်စပ် ဝင်၊ ထွက်ပေါက်များတွင် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဦးဆောင်သည့် အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှု အတွေ့အကြုံများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ (EHO) နှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆေးနှင့်ဆေးပစ္စည်းများ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှုနှင့် ဖြန့်ဝေမှု စသည့် ကိစ္စရပ်များ၊ ကမ္ဘာ့နိုင်ငံများမှ တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူစက်များအပါအဝင် ဆေးနှင့် ဆေးပစ္စည်းများအား မိမိတို့အနေဖြင့်လည်း အမြန်ဆုံးဝယ်ယူရန် ကိစ္စ၊ သင်တန်းပြီးမြောက်ခဲ့ပြီး လုပ်ငန်းခွင် မဝင်ရောက်ရသေးသော ကျန်းမာရေးမှူးများ၊ ဘက်စုံသားဖွားဆရာမများအနက်မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူများကို ဖိတ်ခေါ်ရန် စီစဉ်ဆောင်ရွက်နေမှု စသည်တို့အား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီးလက်ခံ

နေပြည်တော် မတ် ၂၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ ညနေပိုင်းတွင် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဦးအောင်ရဲဝင်းနှင့် ဒေါ်နှင်းဝေလွင်(Galaxy Software Company မိသားစု)မှ လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို လာရောက်လှူဒါန်းမှုအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)၌ လက်ခံခဲ့သည်။** (ယာပုံ)

အလှူရှင်များက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားရာတွင် ကမ္ဘာအနှံ့ COVID–19 ရောဂါပျံ့နှံ့ဖြစ်ပွားနေချိန်တွင် မိမိနိုင်ငံအတွက် ရှေ့တန်းမှစွမ်းစွမ်းတမံကာကွယ်ကုသပေးနေကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ထမ်းများအား ကူညီအားပေးသောအနေဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ဤလှူဒါန်းငွေများကို ပြည်သူများအတွက် အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းငွေများသည် ယခုဖြစ်ပွားနေသော COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက်သာမက အထူးကြပ်မတ်ကုသဆောင်များတွင် လိုအပ်သည့် စက်ပစ္စည်းကိရိယာများဝယ်ယူတပ်ဆင်သုံးစွဲနိုင်မည်ဖြစ်၍ အရေးပေါ်လူနာများ၊ အသည်းအသန် ဖြစ်နေသော လူနာများကို ကုသရာတွင် အလွန်အသုံးဝင်မည်ဖြစ်ပြီး ရေရှည်အကျိုးရှိမည် ဖြစ်ပါကြောင်း၊ ယခုလှူဒါန်းမှုသည် လှူဒါန်းသူများအတွက် အလွန်ကုသိုလ်ရပြီး အကျိုးရှိမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းလှူဒါန်းပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | မြန်မာကျပ်ငွေစာရင်းအမှတ် | 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့ ညနေ ၃ နာရီခွဲအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

**COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၆.၃.၂၀၂၀)(၁၅:၃၀)နာရီ**

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် | ၅၀၀.၀၀ |
| ၂။ | AA Medical | ၁၀၀.၀၀ |
| ၃။ | AMTT | ၂၀.၀၀ |
| ၄။ | DKSH Co., Ltd | ၂၀၀.၀၀ |
| ၅။ | FAME Pharmaceuticals Indstry Co., Ltd | ၂၀၀.၀၀ |
| ၆။ | မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း | ၁၀၀.၀၀ |
| ၇။ | Zifam Pyrex Myanmar Co., Ltd, Pinnacle House Co., Ltd | ၅၀.၀၀ |
| ၈။ | KTZ Co., Ltd | ၅၀.၀၀ |
| ၉။ | Fair Deal Co., Ltd | ၅၀.၀၀ |
| ၁၀။ | United Pharma Co., Ltd | ၅၀.၀၀ |
| ၁၁။ | U Aye Myint (Roasis Co., Ltd) | ၅၀.၀၀ |
| ၁၂။ | Royal Ruby Co., Ltd | ၃၀.၀၀ |
| ၁၃။ | Lifeline Co., Ltd | ၃၀.၀၀ |
| ၁၄။ | TTO Pharm Co., Ltd | ၃၀.၀၀ |
| ၁၅။ | Zar & Zar Co., Ltd | ၃၀.၀၀ |
| ၁၆။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | ၁၀၀.၀၀ |
| ၁၇။ | ဦးတင်ဦး+ ဒေါက်တာထွေးသန္တာရီ (IEM Co:ltd) | ၁၀၀.၀၀ |
| ၁၈။ | ဦးဝင်းလွင် + ဒေါ်မြတ်မြတ်မော် (မြတ်မိဘ ကုမ္ပဏီ) | ၅၀၀.၀၀ |
| ၁၉။ | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် | ၂၀၀.၀၀ |
| ၂၀။ | ဦးအောင်ရဲဝင်း+ ဒေါ်နှင်းဝေလွင် (Galaxy Software Co.ltd) | ၁၀၀.၀၀ |
| ၂၁။ | (၂၀–၃–၂၀၂၀)ရက်နေ့မှ (၂၅–၃–၂၀၂၀)ရက်နေ့အထိ အများပြည်သူများ၏ လှူဒါန်းငွေ | ၄၆၃.၂၆၃ |
| | **စုစုပေါင်း** | **၂၉၅၃.၂၆၃** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

# အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် စက်မှုဇုန်များတည်ရှိရာ မြို့နယ်များတွင် လှည့်လည်ရောင်းချမည်

**ရန်ကုန် မတ် ၂၆**

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ ပူးပေါင်း၍ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် စက်မှုဇုန်များတည်ရှိရာ မြို့နယ်များတွင် လှည့်လည်ရောင်းချမည်ဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

"အသင်းအဖွဲ့တွေက အဓိကလုပ်တာပါ။ ဆန်ကုန်သည်အသင်းတို့၊ ဆီတို့ပေါ့။ အဓိက စားသုံးသူလက်ထဲကို တိုက်ရိုက်ရောက်စေချင်တာပါ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေမရှိရအောင်လို့၊ ကြားမှာ ဈေးတင်ရောင်းမှုတွေ မဖြစ်အောင်လို့ နောက်တော့ ပစ္စည်းက အလျှံအပယ်ရှိတယ်။ ဒါကို ကုန်စည်စီးဆင်းမှုချောမွေ့အောင်လို့ အသင်းချုပ်နဲ့ ညီနောင်အသင်းတွေက လုပ်ပေးတာပါ" ဟု ဒေါက်တာမောင်မောင်လေးက ပြောသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ညီနောင်အသင်းများဖြစ်ကြသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့နှင့် ပူးပေါင်း၍ မတ် ၂၆ ရက်က လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးရှေ့တွင် အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ပြည်သူများသို့ ရောင်းချခဲ့သည်။

ထို့ပြင် အခြားစက်မှုဇုန်များတည်ရှိရာ မြို့နယ်များသို့လည်း လာမည့်ရက်များအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဆက်လက်လှည့်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လှည့်လည်ရောင်းချခြင်းဖြင့် လတ်တလော COVID–19 အရေးကြောင့် အများပြည်သူဝယ်ယူစားသုံးနေသည့် အခြေခံစားသောက်ကုန်များ ဈေးကွက်အတွင်း ပြတ်လပ်ခြင်းမရှိစေရန်နှင့် ဈေးနှုန်းကြီးမြင့်ခြင်းမရှိစေရန်အတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်ခြင်းဖြစ်ပြီး ဒေသတွင်း ဖွင့်လှစ်ရောင်းချနေသည့် အိမ်ဆိုင်များ၊ လက်လီ၊ လက်ကားလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား မေတ္တာရပ်ခံပန်ကြားချက်

**နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မတ် ၂၆**

ယနေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃)ဦး တွေ့ရှိထားပါတယ်။

မိမိတို့ ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြပြီး ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကြိုဆိုပါကြောင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း အသိပေး ပြောကြားလိုပါတယ်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအနေဖြင့် ထိုင်းနိုင်ငံတွင် နေထိုင်ခဲ့စဉ်က COVID–19 ရောဂါပိုး ကူးစက်ခံရနိုင်ခြေရှိပြီး အကယ်၍ ရောဂါကူးစက်ခံခဲ့ရပါက မိမိမှတစ်ဆင့် မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ရပ်ကွက်/ ကျေးရွာနေ ပြည်သူများသို့ ရောဂါကူးစက် မပျံ့နှံ့စေရန်အတွက် မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော (က) အသွားအလာကန့်သတ်ခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ (ခ)သတ်မှတ်နေရာ အဆောက်အဦများတွင် COVID–19 ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို သေချာစွာလိုက်နာကျင့်သုံးပါက ရောဂါဆက်လက်ပြန့်ပွားမှုကို နိုင်နင်းစွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါတယ်။

မိမိတို့အနေဖြင့်လည်း ထိုင်းနိုင်ငံမှ လတ်တလော ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများ၏ နေရပ်လိပ်စာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ဒေသအသီးသီးသို့ အကြောင်းကြားထားပြီးဖြစ်သည့်အတွက် ပြန်လည်ရောက်ရှိလာသူများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာန(သို့မဟုတ်) အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြား၍ သတ်မှတ်နေရာ အဆောက်အဦများတွင် (၁၄)ရက်ကြာ အသွားအလာကန့်သတ်မှုကို လိုလားစွာ လက်ခံဆောင်ရွက်စေလိုပါတယ်။ အသွားအလာကန့်သတ်ခံရသူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၊ ပြည်သူလူထုများနှင့် လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

ထိုကဲ့သို့ အသွားအလာကန့်သတ်ပြီး နေထိုင်နေစဉ် ကာလအတွင်း မိမိတို့၏ ကျန်းမာရေးအခြေအနေကို သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ နေ့စဉ် မပျက်မကွက် သတင်းပေးပို့ခြင်းဖြင့် ရောဂါလက္ခဏာများ ဖြစ်ပွားလာပါက စောစီးစွာ ကုသမှု ပေးနိုင်မည့်အပြင် မိသားစုဝင်များနှင့် အခြားသူများသို့ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ခြင်းကြောင့် အလွန်အကျိုးရှိပြီး နိုင်ငံသားတစ်ဦး၏ တာဝန်ကိုလည်း ကျေပွန်ရာ ရောက်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဂုဏ်ပြု

## ငြိမ်းချမ်းပါစေ

❒ အတိတ်သမိုင်း၊ ပြန်ဆစ်ပိုင်းသော်
တိုင်းပုဂံခေါ်၊ နိုင်ငံတော်၌
အနော်ရထာ၊ မင်းမဟာနှင့်
စည်လာရွှန်းသစ်၊ တောင်ငူခေတ်ဝယ်
စစ်ဦးခေါင်းဆောင်၊ ဘုရင့်နောင်ပြီး
ဂုဏ်ရောင်မြင်းမိုရ်၊ စွမ်းအားပိုသည့်
ရွှေဘိုနယ်သား၊ လောင်းဘုရားတို့
ဖွဲ့ထားရည်မျှော်၊ တပ်မတော်ဖြင့်
ကျူးကျော်ရန်စွယ်၊ အသွယ်သွယ်ကို
ဖယ်ရှားဂုဏ်ဆောင်၊ သုံးပြည်ထောင်ဟု
တည်ထောင်နိုင်ခဲ့ကြပါ၏။

❒ သုံးကျိပ်ရဲဘော်၊ တပ်မတော်ဟု
မခေါ်နိုင်ငြား၊ ညီညွတ်အားဖြင့်
ကြိုးစားတိုက်ထုတ် နယ်ချဲ့ယုတ်ကို
မြစ်နုတ်မြေလှန်၊ အောင်ပွဲခံခဲ့။

❒ မတ်လရက်မှန်၊ နှစ်ဆယ့်ခွန်တွင်
အားသွန်လို့ရည်၊ ကိုယ့်တိုင်းပြည်တွက်
ဇာနည်သားချစ်၊ အောင်လံလှစ်၍
ဖက်ဆစ်အောင်ပွဲ၊ အနိုင်နွှဲခဲ့။

❒ ပင်လုံမြေမှ၊ ခြေတည်ကြလျက်
တပ်မတော်သား၊ တိုင်းရင်းသားတို့
လက်များတွဲကာ၊ လွတ်လပ်လာသည်
ပြည်ရွာအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲခဲ့။

❒ သြော်...စဉ်ဆက်တိုင်အောင်၊ ပြည့်ဂုဏ်ဆောင်လျက်
ပြည်ထောင်စုဖွား၊ သွေးချင်းများနှင့်
ရင်ကြားလည်းစေ့၊ စိတ်ချမ်းမြေ့စွာ
ရှေ့သို့တက်လှမ်း၊ ပြည်တစ်ဝှမ်းတွင်
ငြိမ်းချမ်းသာယာစေမည်တည်း။ ။

**ထီယု**

## COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖျာပုံမြို့၌ ကျင်းပ

**ဖျာပုံ မတ် ၂၆**

ဖျာပုံမြို့နယ် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ဖျာပုံခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်လှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ကျန်းမာရေးအထောက်အကူပြုကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အတွင်း COVID-19 ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စောင့်ကြည့်လူနာများထားရှိမည့် အစီအစဉ်များ၊ အရေးပေါ်အခြေအနေ ကြုံလာပါက ဆောင်ရွက်ကြရမည့်လုပ်ငန်းစဉ်များ၊ လိုအပ်သော အဆောက်အအုံ၊ ဆေးဝါး၊ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ စုဆောင်းထားရှိမည့် အစီအစဉ်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် COVID-19 ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများကို အလှူရှင်များက တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

## နေပြည်တော်မှထွက်ခွာမည့် နယ်ဝေးခရီးသွားပြည်သူများအဆင်ပြေရေးနှင့် COVID– 19 ရောဂါ ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ထားရှိ

**နေပြည်တော် မတ် ၂၆**

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနေရပ်သို့ပြန်မည့် ဌာနဆိုင်ရာဝန်ထမ်းများ အဝေးပြေးကားလက်မှတ်များ ဝယ်ယူရာတွင် အခက်အခဲမရှိစေရန်နှင့် COVID– 19 ရောဂါ ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီ၊ 



ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကလ)၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ၊ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ယာဉ်လိုင်းဂိတ်အသီးသီးရှိ ယာဉ်စီးလက်မှတ်အရောင်းဌာနများနှင့် ကိုယ်စားလှယ်ရယူရောင်းချသောလက်မှတ်အရောင်းဂိတ်ခွဲလုပ်ငန်း လုပ်ကိုင်သူများကို နေပြည်တော်ကောင်စီမှ အတည်ပြုထားသောသတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချသွားရန်၊ ဈေးနှုန်းခပိုမိုကောက်ခံရောင်းချမှုမရှိစေရန်၊ COVID–19 ရောဂါကြိုတင်ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခရီးသည်များအား လက်မှတ်ရောင်းချရာတွင် အမှန်တကယ် လိုက်ပါစီးနင်းကြမည့် ခရီးသည်များ၏ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်များပြည့်စုံစွာ ကောက်ယူပြီး သက်ဆိုင်ရာယာဉ်လိုင်း၏ ခရီးစဉ်ဇယားတွင် ဖြည့်သွင်းသွားရန်တို့ကို ယာဉ်တာဝန်ခံများအား ခေါ်ယူအသိပေးထားပြီး သိရှိကြောင်းနှင့် လိုက်နာဆောင်ရွက်မည်ကို ကတိပြုလက်မှတ်ရေးထိုးခဲ့ကြောင်း နေပြည်တော်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ သင်္ကြန်ကာလ နေရပ်သို့ပြန်ချိန်တွင် ယာဉ်စီးလက်မှတ်ဝယ်ယူမှု လွယ်ကူစေရန် နေပြည်တော်ကောင်စီနှင့်ဆက်သွယ်ကာ မိမိပြန်မည့်ရက်၊ အချိန်၊ မြို့တို့ကို စာရင်းပေးပို့၍ ဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က လ) တို့မှ ခုံနေရာများကို ကြိုတင်စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရီးသွားပြည်သူများကိုလည်း ယာဉ်အင်အားရှိသော ယာဉ်လိုင်းများမှ မူလခရီးစဉ်ထက် တိုးချဲ့၍ ပြေးဆွဲပေးလျက်ရှိရာ ယာဉ်စီးလက်မှတ်များကိုလည်း ယခုကတည်းက ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း နေပြည်တော်မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေက ပြောသည်။

နေပြည်တော် ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် နေပြည်တော်အခြေပြုယာဉ်လိုင်း ၂၇ လိုင်း၊ အခြားမြို့ အခြေပြု ၇၃ လိုင်း စုစုပေါင်းယာဉ်လိုင်း ၁၀၀ ရှိပြီး မြို့ပေါင်း ၅၀ ကို နေ့စဉ် အစီးရေ ၂၅၀ ပုံမှန် ပြေးဆွဲလျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် သင်္ကြန်ကာလတွင် ယာဉ်အစီးရေ ၃၀၀ ဖြင့် ခရီးသည်ဦးရေ ၁၂၀၀၀ ဝန်းကျင် ပို့ဆောင်ပေးခဲ့ကြောင်း မထသ(အဝေးပြေး)ကော်မတီ၏ စာရင်းများအရ သိရသည်။

**သတင်း၊ ဓာတ်ပုံ– ရဲရဲ(ပျဉ်းမနား)**

◆ *ကျောဖုံးမှ*

အီဂါလိုသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလပိတ်သိမ်းခါနီးတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ရှစ်ပွဲကစားထားကာ လေးဂိုးသွင်းယူပေးထားသည်။ အီဂါလိုသည် ငယ်စဉ်က နိုင်ဂျီးရီးယားတွင် မန်ယူအသင်းပွဲစဉ်များကို ကြည့်ရှုပြီး ကြီးပြင်းလာရသူဖြစ်သည့်အလျောက် ၎င်းအားကျသည့် ကစားသမားများမှာလည်း မန်ယူအသင်းမှ အင်ဒီလ်ကိုးနှင့် ဒွိုက်ယောက်တို့ဖြစ်သည်။ မန်ယူအသင်းမှာ နေရဖို့အတွက် လစာလျှော့ယူမည့်သတင်းများလည်း ထွက်ပေါ်ခဲ့သည်။ ထို့အပြင် မန်ယူအသင်းကလည်း အီဂါလိုကို ပေါင် ၁၅ သန်းဖြင့် အမြဲတမ်းခေါ်ယူမည်ဆိုသည့်သတင်းများ ထွက်ပေါ်လာသောကြောင့် အီဂါလိုအတွက် ရွေးချယ်ရခက်စေခဲ့သည်။

"အီဂါလိုရဲ့ ကစားပုံ တိုးတက်လာပါတယ်။ သူ့မှာ ကျွန်တော်တို့လိုချင်တဲ့ အရည်အသွေးတွေရှိတယ်။ ပြီးတော့ လာမယ့်ရာသီမှာလည်း အဲဒီလို အရည်အသွေးရှိတဲ့ကစားသမားမျိုး လိုချင်ပါတယ်" ဟု နည်းပြ ဆိုးလ်ရှားက ယခုလအတွင်း ပြောကြားခဲ့သည်။

အခြားသတင်းတစ်ရပ်တွင်မူ ရှန်ဟိုင်းအသင်းသည် ပရီမီယာလိဂ် တိုက်စစ်မှူးဟောင်း မာတင်စ်၏ နေရာကို အစားထိုးရန်အတွက် အီဂါလိုကို ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ရှန်ဟိုင်းအသင်းသည် အီဂါလိုကို တစ်ပတ် ပေါင်လေးသိန်းနှင့်အတူ နှစ်နှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းလိုက်ကြောင်းလည်း ဖော်ပြထားသည်။

အင်္ဂလန်တွင် မန်ယူအသင်းနှင့် မေ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အသက် ၃၀ အရွယ် အဆိုပါကစားသမားသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဇွန် ၃၀ ရက်အထိ သက်တမ်းတိုးလိုနေသည်။ ရှန်ဟိုင်းရှင်ဟွာအသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာတွင် ကုန်ဆုံးတော့မည်ဖြစ်ပြီး ရှန်ဟိုင်းအသင်းက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ အသင်းအတွက် ထိန်းထားရန် ဆန္ဒရှိနေခြင်းလည်း ဖြစ်သည်။

**အောင်ဇော်**

# မြန်မာနိုင်ငံအနေနဲ့ COVID-19 ရောဂါဖြစ်ပွားမှု အနည်းဆုံးအချိန်မှာ တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ကာကွယ်ရေးလုပ်ငန်းဟာ ရောဂါကူးစက်မှုကို အလျင်အမြန် ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော ထိရောက်တဲ့နည်းဗျူဟာဖြစ်ပါတယ်

ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း

**ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် COVID-19 ကိုရိုနာဗိုင်းရပ်စ် ကူးစက်မြန်အဆုတ်ရောင်ရောဂါသည် နိုင်ငံပေါင်း ၁၉၀ ကျော်ကို ကူးစက်ပြန့်ပွားလျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။**

**မြန်မာနိုင်ငံတွင်လည်း ရောဂါမပြန့်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဌာနပေါင်းစုံတို့ ပူးပေါင်းပြီး ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရောဂါဖြစ်ပွားသည့် နိုင်ငံများမှ ပြန်လာသူများထဲမှ ကနဦး COVID-19 ရောဂါဖြစ်ပွားမှုကို စတင်တွေ့ရှိနေရပြီဖြစ်၍ ပြည်တွင်း၌ ရောဂါပြန့်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် အိမ်တစ်အိမ်ချင်း၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း(Household Action Plan) နှင့် ပတ်သက်၍ ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း (အကြံပေးပညာရှင်၊ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး ။ ။ မြန်မာနိုင်ငံမှာ COVID-19 ရောဂါ ကူးစက်နိုင်မှုအခြေအနေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ ။ ရောဂါစဖြစ်ဖြစ်ချင်းမှာ ရောဂါစတင်ကူးစက်တဲ့ နိုင်ငံတစ်နိုင်ငံတည်း ဖြစ်တဲ့အတွက် အဲဒီအချိန်မှာ အခြားနိုင်ငံကို ကူးစက်နိုင်ခြေ (Disease Transmission Risk) အနည်းဆုံးဖြစ်ပြီး အခုအခါ COVID-19 ရောဂါဟာ နိုင်ငံပေါင်း ၁၉၀ ကျော်ကို ကူးစက်နေပြီဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံကို ဒီရောဂါကူးစက်နိုင်မှု အခြေအနေ (Transmission Risk by Importation) မြင့်မားတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီလိုရောဂါကူးစက်နိုင်ခြေ မြင့်မားတဲ့အချိန်မှာ ရောဂါအတည်ပြုဖြစ်ပွားသူ (Confirmed Case) တစ်ဦးတွေ့တာနဲ့ လူနာဆီကနေ အတူနေထိတွေ့ခဲ့သူများ၊ မိသားစုဝင်များကို ပိုမိုလျင်မြန်စွာ ကူးစက်နိုင်တာကြောင့် ဒီရောဂါ အခြားသူများကို ကူးစက်မှုကို လျင်မြန်စွာထိန်းချုပ်နိုင်ဖို့အတွက် ရောဂါဖြစ်ပွားသူကို ထိန်းချုပ်ကုသခြင်းနဲ့ ရောဂါကူးစက်ပြန့်ပွားမှုကို လျင်မြန်စွာ ကာကွယ်ထိန်းချုပ်ခြင်း နည်းဗျူဟာ (Containment at Source Strategy)ကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းဗျူဟာကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် အိမ်တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဟာ ရောဂါကူးစက်မှုကို အလျင်အမြန် ကာကွယ်ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော နည်းဗျူဟာပဲ ဖြစ်ပါတယ်။

**မေး ။ ။ အိမ်တစ်အိမ်ချင်း၊ တစ်မိသားစုချင်း လိုက်နာဆောင်ရွက်ရမယ့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို ပြည်သူတွေ လိုက်နာဆောင်ရွက်နိုင်ဖို့အတွက် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အိမ်တွေရဲ့ မိသားစုဝင် အခြေအနေပေါ်မူတည်ပြီးတော့ ရောဂါကူးစက် ဖြစ်ပွားနိုင်ခြေကို ကြည့်ပြီး ဆောင်ရွက်ရပါမယ်။ ပထမဦးစွာ အိမ်မှာရှိတဲ့ မိသားစုဝင်တိုင်းကို ဒီရောဂါနဲ့ ပတ်သက်ပြီး ရောဂါအကြောင်း၊ ကူးစက်ပုံနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို အားလုံးသိရှိအောင် ပြောပြထားရပါမယ်။ ဒါမှသာလျှင် သူတို့ ဘယ်လိုလိုက်နာနေထိုင် ဆောင်ရွက်ရမယ်ဆိုတာကို နားလည်ကြမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ဖို့အတွက် အိမ်တွေကို အုပ်စုနှစ်စုခွဲပြီး အုပ်စုအလိုက် ဆောင်ရွက်ရမှာကို ရှင်းပြပါ့မယ်။

ပထမအိမ်အုပ်စုမှာ ရောဂါဖြစ်ပွားတဲ့ နိုင်ငံတွေကပြန်လာသူတွေရှိတဲ့ မိသားစု၊ ရောဂါဖြစ်ပွားခဲ့တဲ့သူနဲ့ ရောဂါဖြစ်ပွားသူပါဝင်တဲ့ မိသားစု၊ ရောဂါဖြစ်နိုင်ခြေသံသယလူနာအဖြစ် သတ်မှတ်ခံရတဲ့မိသားစုနဲ့ သီးခြားထားရှိ စောင့်ကြပ်ခြင်းမှာပါဝင်တဲ့မိသားစု၊ ဒီရောဂါကာကွယ်ကုသရေးလုပ်ငန်းတွေကို အနီးကပ်ဆောင်ရွက်ပေးနေတဲ့သူတွေပါတဲ့ မိသားစုများပဲ ဖြစ်ပါတယ်။ ဒီလိုမိသားစုတွေမှာ ရောဂါဖြစ်ပွားကူးစက်နိုင်ခြေ ပိုမိုမြင့်မားတဲ့အတွက် ဒီအိမ်တွေမှာရှိတဲ့ မိသားစုတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက ပိုပြီးအရေးကြီးပါတယ်။ ဒီအုပ်စုတွေက ကျန်းမာရေးဌာနကို သတင်းပို့ပြီး ရောဂါဖြစ်ပွားမှု ရှိမရှိ နေ့စဉ်ဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒုတိယအုပ်စုကတော့ အိမ်တစ်အိမ်မှာ အသက် (၆၀)အထက် သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေရှိတဲ့ မိသားစု၊ အိမ်မှာနှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနဲ့ ကင်ဆာရောဂါ ရှိတဲ့လူတွေပါဝင်တဲ့ မိသားစု၊ ဒီအိမ်တွေမှာရှိတဲ့ မိသားစုတွေဟာ ရောဂါကူးစက်ခံရပြီဆိုရင် ရောဂါပြင်းထန်ပြီး အသက်အန္တရာယ်ရှိတဲ့အတွက် ရောဂါသံသယရှိတာနဲ့ စောစီးစွာ ကျန်းမာရေးဌာနကို လျင်မြန်စွာ သတင်းပို့ဆက်သွယ်ပြီး လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရမှာ ဖြစ်ပါတယ်။ ခြုံပြောရရင် ဘယ်လိုအိမ်ပဲဖြစ်ဖြစ် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်တဲ့ အိမ်များဖြစ်ပါတယ်။

တစ်အိမ်ချင်း၊ မိသားစုတစ်စုချင်းရဲ့ COVID-19 နဲ့ ပတ်သက်ပြီးတော့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်မှုများလေလေ အချိန်တိုတွင်းမှာ ရောဂါထိန်းချုပ်နိုင်မှုများလေဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားသေဆုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရောဂါကြိုတင်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး အမြင့်ဆုံးအဆင့် ပြင်ဆင်ထားနိုင်မှုရှိတဲ့ နိုင်ငံမှသာလျှင် ဒီရောဂါ COVID-19 ရဲ့ နောက်ဆက်တွဲ ရောဂါဆိုးတွေဖြစ်တဲ့ ရောဂါဖြစ်ပွားမှု၊ အသက်ဆုံးရှုံးမှု၊ စီးပွားရေးနဲ့ လူမှုရေးဆုံးရှုံးမှု အနည်းဆုံးဖြစ်တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရောဂါဖြစ်ပွားမှုတွေ ရှိလာပြီဖြစ်တဲ့အတွက် တစ်အိမ်ချင်း၊ မိသားစုတစ်စုချင်း၊ တစ်ယောက်ချင်း ပူးပေါင်းပါဝင်မှုက အရေးကြီးတဲ့ အခန်းကဏ္ဍကို ရောက်ရှိနေပါပြီ။

**မေး ။ ။ အိမ်တစ်အိမ်ချင်းမှာရှိတဲ့ မိသားစုတွေအတွက် အထူးလိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတွေ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ အိမ်တစ်အိမ်ချင်း၊ တစ်မိသားစုချင်း လိုက်နာဆောင်ရွက်ပြီး ပါဝင်ပူးပေါင်းခြင်းသည် ရောဂါကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အချက်တွေကို အိမ်တိုင်းမှာ ပြင်ဆင်ထားမယ်ဆိုရင် အိမ်မှာ ကိုယ့်မိသားစုဝင် ဘယ်နှယောက်ရှိသလဲ၊ အဲဒီမိသားစုဝင်တွေထဲမှာမှ ဒီရောဂါကူးစက်လာရင် အသက်အန္တရာယ်ဖြစ်နိုင်တဲ့ သက်ကြီးရွယ်အို၊ အထူးသဖြင့် အသက် (၆၀) အထက် ဘယ်နှယောက်ရှိသလဲ၊ မိသားစုထဲမှာ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကင်ဆာရောဂါရှိတဲ့သူတွေ စသဖြင့် ဒီလိုလူတွေက ဘယ်နှယောက်ပါနေသလဲ၊ ဒီလိုဖြစ်နိုင်ခြေ အများဆုံးရှိတဲ့ မိသားစုဝင်တွေအတွက် ပိုပြီးတော့ ရောဂါကူးစက်မှု

> **“တတ်နိုင်သလောက် အိမ်မှာပဲနေရမယ်။ မလိုအပ်ဘဲ သူများအိမ် သွားလည်တာတို့၊ ပွဲလမ်းသဘင်သွားတာတို့ မလုပ်ရဘူး၊ ပြင်ပဧည့်သည်တွေလည်းပဲ မလိုအပ်ဘဲ အိမ်လာတာကို ဒီအချိန်မှာ လက်မခံသင့်ဘူး၊ တစ်နည်းနည်းနဲ့ ယဉ်ကျေးစွာ တားမြစ်ဖို့လိုတယ်”**



ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း

မရှိအောင် ဆောင်ရွက်ဖို့ ဦးစားပေးအနေနဲ့ စဉ်းစားဖို့လိုပါတယ်။

အိမ်တိုင်း အိမ်တိုင်းကလည်းပဲ ဒီလိုကူးစက်မှု ပိုမိုဖြစ်နိုင်တဲ့ အုပ်စုတွေ၊ လူပုဂ္ဂိုလ်တွေ မပါပေမယ့်လည်း မကူးစက်ဖို့အတွက် စီစဉ်ရပါမယ်။ စီစဉ်တဲ့အခါမှာ ဒီလို သက်ကြီးရွယ်အိုတွေ ၊ ကူးစက်နိုင်ခြေရှိတဲ့သူတွေနဲ့ ရောဂါအခံရှိပြီးသား မိသားစုတွေမှာ ပိုပြီးတော့ ရောဂါကူးစက်မှုမရှိအောင် ကျန်တဲ့မိသားစုဝင်တွေက အထူးစဉ်းစားပြီးတော့ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အိမ်က မိသားစုဝင်တွေကလည်း အားလုံးစုစည်းပြီး COVID-19 ရောဂါအကြောင်းနဲ့ ကူးစက်ပုံ၊ ကူးစက်နည်း၊ ရောဂါဖြစ်ရင် ဘယ်လိုအုပ်စုတွေက အန္တရာယ်ရှိကြောင်း၊ ရောဂါကာကွယ်ရေးအတွက် နေ့စဉ်လုပ်ရမယ့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေဖြစ်တဲ့ လက်ဆေးတာတို့၊ နှာချေ၊ ချောင်းဆိုးရင် တစ်ရှူး သို့မဟုတ် နှာခေါင်းစည်း သေချာအုပ်ပြီးဆိုးတာတို့၊ နေမကောင်းရင် သီးခြားအိမ်မှာနေတာတို့၊ အိမ်မှာထိတွေ့ကိုင်တွယ်မှုများတဲ့ နေရာတွေကို ဆပ်ပြာရည်နဲ့ ဆေးကြောတာတို့၊ မလိုအပ်ဘဲ အိမ်အပြင်ခဏခဏ မသွားတာတို့ ၊ လူစုလူဝေးနဲ့မနေဖို့ဆိုတာတွေ သေချာရှင်းပြထားဖို့ လိုအပ်ပါတယ်။

**မေး ။ ။ အိမ်တွေမှာ သက်ကြီးရွယ်အိုတွေရှိရင် ဘယ်လိုပြုမူနေထိုင်ရမလဲဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ကူးစက်မှု အမြင့်ဆုံးအုပ်စုတွေရှိတဲ့ မိသားစုဝင်တွေအတွက် ပြောရမယ်ဆိုရင် သက်ကြီးရွယ်အိုနဲ့ နာတာရှည်ရောဂါရှိတဲ့သူတွေရှိတဲ့ အိမ်တွေမှာ ဖြစ်လို့ရှိရင် ရောဂါကူးစက်မှုတင်သာမက အဲဒီအိမ်ရဲ့ ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့ မိတ်ဆွေအပေါင်းအသင်း၊ ကိုယ့်ရဲ့ ရပ်ကွက်၊ ကိုယ့်မြို့နယ်ကတစ်ဆင့် လူထုထဲကို ပျံ့နှံ့နိုင်တဲ့အတွက်ကြောင့် တစ်အိမ်ချင်း ရောဂါဖြစ်ပွားမှု မရှိအောင် ဆောင်ရွက်ရမယ့်တာဝန်က အရေးကြီးပါတယ်။ ရပ်ကွက်၊ ကျေးရွာအလိုက် ကျန်းမာရေးဌာနကို နေ့စဉ်သတင်းပေးပို့ခြင်း အရေးတကြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီရောဂါဖြစ်နိုင်ခြေ အများဆုံးရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ နာတာရှည်ရောဂါရှိတဲ့သူတွေကို အထူးသဖြင့် အပြင်ကို ထွက်ပြီး အလုပ်လုပ်နေတဲ့သူတွေနဲ့ တတ်နိုင်သလောက် ထိတွေ့မှုနည်းအောင် စီစဉ်ဆောင်ရွက်ရမယ်။ ဒီသက်ကြီးရွယ်အိုနဲ့ ရောဂါရှိတဲ့သူတွေကို ပြုစုတဲ့လူတွေကလည်း သီးခြားသတ်မှတ်ထားရမှာ ဖြစ်ပါတယ်။ ဒီအိမ်မှာ ဒီတစ်ယောက်ပဲ ပြုစုတာမျိုး၊ တကယ်လို့ မိသားစုဝင်အားလုံးက ပြုစုမယ်ဆိုရင်လည်း သက်ကြီးရွယ်အို၊ မိဘတွေ၊ အဘိုးအဘွားတွေနဲ့ ရောဂါရှိတဲ့သူတွေကို ပြုစုတဲ့အခါမှာ မိမိက ဖျားနာနေတယ်ဆိုရင် မပြုစုသင့်ဘူး။ တတ်နိုင်သလောက် သူတို့သုံးတဲ့ပစ္စည်းတွေကို ခွဲထားပေးရမယ်။ တကယ်လို့ ကိုယ်ကသုံးမိရင်လည်း သေသေချာချာ ဆပ်ပြာနဲ့ ဆေးပေးခဲ့ရမယ်။ သက်ကြီးရွယ်အိုတွေကို ရောဂါကူးနိုင်မှုမရှိအောင် တတ်နိုင်သမျှ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

မိသားစုထဲမှာ ပြင်ပကို အလုပ်ထွက်လုပ်တဲ့ သူတွေက ဘယ်နှယောက်ရှိသလဲ၊ ဒီလူတွေကလည်းပဲ ဒီရောဂါနဲ့ ပတ်သက်ပြီး စနစ်တကျ နားလည်ရမယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေဖြစ်တဲ့ လူထူထပ်တဲ့နေရာ မသွားဖို့၊ ရောဂါရှိတဲ့ လူတွေနဲ့ အနီးကပ်မနေဖို့ နေခဲ့လို့ရှိရင်လည်းပဲ တတ်နိုင်သမျှ သက်ကြီးရွယ်အိုတွေနဲ့ မထိတွေ့တာ အကောင်းဆုံးပါ။

အပြင်ကပြန်လာရင် လက်ကိုစနစ်တကျ ဆပ်ပြာနဲ့ ဆေးရမယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်မယ်။ သီးခြားနေရမယ်။ ဒီလူတွေဟာ ပြင်ပက ရောဂါပိုးအိမ်ထဲကို သယ်ပေးမယ့် လူတွေဖြစ်တဲ့အတွက် ပိုပြီးတော့ ဂရုစိုက်ရမယ်။ တခြားသူတွေကလည်း တတ်နိုင်သလောက် အိမ်မှာပဲနေရမယ်။ မလိုအပ်ဘဲ သူများအိမ် သွားလည်တာတို့၊ ပွဲလမ်းသဘင်သွားတာတို့ မလုပ်ရဘူး၊ ပြင်ပဧည့်သည်တွေလည်းပဲ မလိုအပ်ဘဲ အိမ်လာတာကို ဒီအချိန်မှာ လက်မခံသင့်ဘူး၊ တစ်နည်းနည်းနဲ့ ယဉ်ကျေးစွာ တားမြစ်ဖို့လိုတယ်။ တကယ်လို့ အမှတ်မထင်လာခဲ့မယ်ဆိုရင် ဒီလာတဲ့ ဧည့်သည်တွေနဲ့ အနည်းဆုံး ခြောက်ပေလောက်အကွာမှာထားပြီး ပြောဆိုဆက်ဆံပါ။ ဖျားနာ၊ နှာစေး၊ ချောင်းဆိုးနေတာ တွေ့တယ်ဆိုရင် ကျန်းမာရေးဌာနနဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်ဖို့အတွက် အကြံဉာဏ်ပေးရမှာ ဖြစ်ပါတယ်။ မိသားစုဝင်ထဲက တစ်ယောက်ယောက် ဖြစ်တယ်ဆိုရင်လည်း ကျန်းမာရေးဌာနကို ချက်ချင်းဆက်သွယ်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ ထပ်မံဖြည့်စွက် ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ ။ အခုလို ရောဂါဖြစ်ပွားမှု အနည်းဆုံးအခြေအနေမှာ မိသားစုတစ်ခုလုံး တစ်ယောက်ချင်းစီတိုင်းမှာ ရောဂါကာကွယ် တားဆီးရေးလုပ်ငန်းတွေ နေ့စဉ်လုပ်သင့်တယ်၊ မိသားစုကို ရောဂါကူးစက်မှု မရှိအောင်၊ ကိုယ့်ပတ်ဝန်းကျင်ကို ရောဂါမကူးစက်အောင် ကြိုတင်ပြင်ဆင်မှုတွေ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လက်ဆေးတဲ့အကျင့်၊ ဆပ်ပြာနဲ့ စက္ကန့် နှစ်ဆယ်လောက် လက်ဆေးတဲ့အကျင့် လုပ်ရမယ်။ မလိုအပ်ဘဲ မျက်စိတို့၊ နှာခေါင်းတို့၊ မျက်နှာတို့ ထိတွေ့မိရင် ပြန်ဆေးရမယ်။ လက်ဆေးဖို့အတွက် အကောင်းဆုံးက အရက်ပြန် ၆၀ ရာခိုင်နှုန်း အထက်ပါတဲ့ လက်ဆေးရည်ကိုသုံးရင် ပိုပြီးအဆင်ပြေပါတယ်။ နေမကောင်းတဲ့သူတွေနဲ့ ထိတွေ့မှုကို ရှောင်ကြဉ်ရမယ်။ အိမ်ပြန်ရောက်ရင် လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးတာ၊ အဝတ်အစားတွေ ချက်ချင်းလဲတာတို့ လုပ်ရမှာ ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ရောဂါဖြစ်မဖြစ် စောင့်ကြည့်တာတို့ လုပ်ရမယ်။ ကိုယ်ကိုယ်တိုင်က ဖျားပြီဆိုရင်လည်း အိမ်မှာပဲနေတာ ကောင်းပါတယ်။ မိမိတို့အိမ်ကို လာရောက်တဲ့ ဧည့်သည်တွေရဲ့ အမည်စာရင်းကအစ မှတ်ထားသင့်တယ်၊ အပြင်မှာ သီးခြားတွေ့တဲ့သူတွေရဲ့ စာရင်းဆိုလည်း သီးခြားမှတ်တမ်းတင်ထားသင့်တယ်။

မြန်မာနိုင်ငံအနေနဲ့ အခုလို COVID -19 ရောဂါဖြစ်ပွားမှု အနည်းဆုံးအချိန်မှာ တစ်အိမ်ချင်းရဲ့ ရောဂါသတင်းပို့ ကာကွယ်ရေးလုပ်ငန်း (Household Action Plan) ဟာ ရောဂါဖြစ်ပွားကူးစက်မှုကို အလျင်အမြန် ထိန်းချုပ်နိုင်မယ့် တစ်ခုတည်းသော ထိရောက်တဲ့ နည်းဗျူဟာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်၊ ထုတ်ပြန်ချက်တွေကို အိမ်တိုင်းက တိကျစွာ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ် ။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာကျေးဇူးပါရှင့်။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ ဓာတ်ပုံ-နေလင်း**

## Guideline for Home Quarantine

### အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ (အနှစ်ချုပ်)

#### အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာနေထိုင်ရမည့်သူများလိုက်နာရန်-

(၁) မိမိနေအိမ်သို့ပြန်ရောက်ပြီး (၁၄)ရက်အတွင်း နေအိမ်တွင် သီးခြားအခန်းဖြင့် သီးသန့်ခွဲခြား နေထိုင်ပါ။ လေဝင်/လေထွက်ကောင်းစေရန် ပြတင်းပေါက်များကိုဖွင့်ထားပါ။

(၂) အိမ်သားများနှင့်အတူ ရောနှောနေထိုင်ခြင်း မပြုဘဲ တစ်ဦးနှင့်တစ်ဦး ၁မီတာ (၃ပေ)အထက် အကွာတွင် နေထိုင်ပါ။ မိသားစုနှင့်အတူတကွ စားသောက်ခြင်းမပြုပါနှင့်။

(၃) ဖြစ်နိုင်လျှင် ရေချိုးခန်း၊ အိမ်သာ သီးသန့်သုံးပါ။ အကယ်၍ အတူမျှဝေသုံးစွဲရလျှင် မိမိ အသုံးပြုခဲ့သော ရေပိုက်ခေါင်း၊ တံခါးလက်ကိုင်စသည်တို့ကို 1:50 Hypochlorite Solution (1,000ppm) ဖြင့် ဆေးကြောသန့်ရှင်းပါ။

*[ဖျော်စပ်နည်း-(1:50 Hypochlorite Solution(1,000ppm) ရရှိနိုင်ရန် ရေ(၁)လီတာတွင် ၅% အိမ်သုံး အရောင်ချွတ်ဆေး (Bleaching Powder) လက်ဖက်ရည်ဇွန်း (၄)ဇွန်းထည့်၍ ဖျော်ပါ။]*

(၄) အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်။ အခြားသူများနှင့် အနီးကပ်ပြောဆိုခြင်း လုံးဝ ရှောင်ကြဉ်ပါ။ မိမိ၏ Mobile ဖုန်းနှင့် အင်တာနက်တို့မှ တစ်ဆင့်သာ ဦးစားပေးဆက်သွယ် ပြောဆိုပါ။

(၅) လူစုလူဝေးရှိသောနေရာများသို့ လုံးဝ(လုံးဝ) သွားရောက်ခြင်းမပြုရပါ။ ဤအချက်သည် အလွန်အရေးကြီး၍ အထူးသတိပြုရှောင်ကြဉ်ပါ။

(၆) ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ အနည်းဆုံးစက္ကန့်(၂၀)ကြာအောင် လက်ကိုမကြာခဏစနစ်တကျ ဆေးကြောပါ။ အကယ်၍ ဆပ်ပြာနှင့်ရေ မရနိုင်ပါက အနည်းဆုံး Alcohol ၆၀% ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။ (နှာချေ၊ ချောင်းဆိုးပြီးသည့်အခါတိုင်း၊ အများသုံး ပစ္စည်းများ မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးတိုင်း၊ အစာမစားမီ နှင့် အစာစားပြီးတိုင်း) လက်ဆေးပါ။

(၇) မိမိနှင့် အခြားသူများ၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို လက်ဖြင့်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

(၈) မိမိ၏မိသားစု (သို့မဟုတ်) အခြားသူများနှင့် မဖြစ်မနေ ဆက်ဆံပြောဆိုရပါက ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask)ဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပြီးမှ ပြောဆိုပါ။

(၉) နှာချေ၊ ချောင်းဆိုးလျှင် တစ်ခါသုံးတစ်ရှူးကို အသုံးပြုရပါမည်။ အသုံးပြုပြီးသော တစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)၊ လက်အိတ်တို့ကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် စနစ်တကျလက်ပြန်ဆေးပါ။

(၁၀) တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ (ပန်းကန်ခွက်ယောက်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာ ခင်း၊ ခေါင်းအုံးစွပ် စသည်)များ သီးသန့်ထားရှိပါ။ အသုံးပြုပြီးသော မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ စောင်၊ အဝတ်အစားများ လျှော်ဖွတ်ရာတွင် အကောင်းဆုံး နည်းလမ်းမှာ Sodium Hypochlorite Solution (၁)ဆနှင့် ရေ အဆ(၂၀) ရောနှောထားသော ဆေးရည်ဖြင့် နာရီဝက်(မိနစ်၃၀)စိမ်ပြီးမှ အဝတ်လျှော်စက် အသုံးပြုလျှော်ဖွတ်ခြင်းဖြစ်သည်။

(၁၁) ကိုယ်အပူချိန်ကို တစ်နေ့ (၂)ကြိမ်တိုင်းပါ။ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း စတဲ့လက္ခဏာများ ပေါ်ပေါက်လာပါက ပါးစပ်နှင့်နှာခေါင်းစည်းတပ်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားပါ။

**မိမိထံမှတစ်ဆင့် မိသားစု၊ဆွေမျိုးများနှင့်ပတ်ဝန်းကျင်၊ မိမိရပ်ရွာသို့ ရောဂါကူးစက်ခြင်းမရှိစေရန် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။**

#### မိသားစုဝင်များလိုက်နာရန်-

(၁) အသွား/အလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာနေထိုင်ရမည့်သူအတွက် နေအိမ်တွင် သီးခြားအခန်းပြင်ဆင်ထားပေးပါ။

(၂) ထိုသူအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများ (ပန်းကန်ခွက်ယောက်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း စသည်) တို့ကို သီးသန့်ပြင်ဆင်ပေးထားပါ။

(၃) အနီးကပ်နေထိုင်ခြင်းနှင့် ရင်းနှီးစွာပူးကပ်နေထိုင်ခြင်းတို့မပြုရပါ။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၁မီတာ(၃ပေ)အကွာတွင် နေထိုင်ပါ။ အတူတကွစားသောက်ခြင်းမပြုပါနှင့်။

(၄) မိသားစုဝင်များအနေဖြင့် လက်ကို ဆပ်ပြာဖြင့် မကြာခဏစနစ်တကျ စင်ကြယ်စွာ ဆေးကြောပါ။ လူထူထပ်သောနေရာ၊ လူစုလူဝေးရှိရာနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(၅) အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူကို သတ်မှတ်ထားသော အိမ်ခန်းတွင်သာ နေထိုင်စေပါ။ နေအိမ်ပြင်ပသို့ သွားလာခြင်းကို လုံးဝ(လုံးဝ) မပြုစေရန်စောင့်ကြပ်ကြည့်ရှုပါ။

(၆) ထိုသူ၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့ ပုံမှန်သတင်းပို့ပါ။ စိတ်ပိုင်းဆိုင်ရာ အားငယ်မှုမရှိစေရန် ကူညီဖေးမပါ။

(၇) အကယ်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် ရောဂါလက္ခဏာ တစ်စုံတစ်ရာ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားပါ။

(၈) အခြေခံကျန်းမာရေးပညာရှင်များမှ မိမိအိမ်သို့လာရောက်၍ ကူးစက်ရောဂါကာကွယ်ထိန်းချုပ် ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါက ကူညီဆောင်ရွက်ပါ။

**အသွားအလာကန့်သတ်၍ မိမိအိမ်တွင်သာ နေထိုင်ရမည့်သူကို မိသားစုအနေဖြင့် လမ်းညွှန်ချက်အတိုင်း နည်းစနစ်တကျ ကူညီစောင့်ရှောက်ပေးခြင်းဖြင့် မိမိ၏ မိသားစုအပါအဝင် ရပ်ရွာအတွင်းသို့ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ပါ။**

COVID-19

အသေးစိတ်သိရှိလိုပါက ဤနေရာကို Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

❍ *ကျောဖုံးမှ*

ပါဝင်ဆောင်ရွက်ဖို့ ပြည်သူသို့ ပန်ကြားပြီး ဖြစ်ပါတယ်။ သမ္မတရုံးက ထုတ်ပြန်ချက်မှာလည်း ပြည်သူသို့ ပန်ကြားချက်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ပန်ကြားချက်မှာလည်း ပါပြီးသားဖြစ်ပါတယ်။ တကယ်တမ်းကတော့ ကျွန်တော်တို့ ၁၉၉၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေအရဆိုခဲ့ရင် ဥပဒေအရ အရေးယူခံရမှာ ဖြစ်ပါတယ်”ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

ပြန်လာသူများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မြန်ရောဂါ (COVID-19) ကာကွယ်/တားဆီးနိုင်ရေးတို့အတွက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါနှိမ်နင်းရေး ညွှန်ကြားရေးမှူး ဒေါက်တာ စည်သူအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြဝတီ၊ ဘားအံ၊ ကော့ကရိတ်မြို့ရှိ ကျန်းမာရေး ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အင်အားဖြည့် ပေါင်းစပ်၍ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ဒီ BCF ဇုန်ထဲကနေထွက်တဲ့ ကားမှန်သမျှကို ဒီက အုပ်ချုပ်ရေးအဖွဲ့က စေလွှတ်တဲ့ကားဟုတ်၊ မဟုတ် အသိအမှတ်ပြု ထုတ်ပေးထားတဲ့ စာရွက်တွေ စစ်တယ်။ ကားပေါ်ပါတဲ့သူတွေကိုလည်း သူတို့ ဗီဇာစာအုပ်တွေနဲ့ တုံးထုထား၊ မထား စစ်ဆေးပါတယ်။ ဒါတွေအားလုံး စစ်ဆေးပြီးမှ ဂိတ်ပေါက်က ပေးထွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြောနေကြတဲ့ သုံးသောင်းဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကြီးပါ” ဟု လုံခြုံရေးဆောင်ရွက်နေသည့် ရဲအရာရှိတစ်ဦးက ပြောသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

---

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၆

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

---

✻ *ကျောဖုံးမှ*

ကံရိုးကျေးရွာမှ တောင်သူ ၈၂ ဦး၏ လယ်ယာမြေဧက ၂၀၀ ကို ထွန်စက်ကြီး ရှစ်စီး၊ ဘက်ဟိုးယာဉ် နှစ်စီး၊ မြေသယ်ယာဉ် သုံးစီးတို့ဖြင့် ဖေဖော်ဝါရီလဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“လယ်ယာမြေစံကွက်ဖော်ထုတ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ တောင်သူတွေရဲ့ ပုံသဏ္ဌာန်မမှန်တဲ့ လယ်ယာမြေအကွက်တွေကို ပုံသဏ္ဌာန်မှန်သွားအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ လယ်ယာမြေတွေမှာ ရေသွင်းမြောင်းတွေ၊ ရေထုတ်မြောင်းတွေ ပျောက်နေတဲ့အခါ ရေအတွက်ခက်ခဲနေတာတွေကို အခုဖော်ထုတ်နေတဲ့ စနစ်ကျလယ်ယာမြေမှာ ကုန်ထုတ်လမ်းတွေ၊ ရေသွင်း/ ရေထုတ်မြောင်းတွေ တစ်ပါတည်းပါရှိတဲ့အတွက် လယ်ယာတွေမှာ ရေသွင်းရေထုတ်ရတာ လွယ်ကူသွားပြီး တောင်သူတွေ စိုက်၊ ရိတ်၊ သိမ်းစနစ် ပိုမိုကောင်းမွန်ပြီး ကုန်ထုတ်စွမ်းအားတွေ တိုးမြင့်လာမှာ ဖြစ်ပါတယ်” ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

စက်မှုလယ်ယာများ ဖော်ထုတ်ပေးနေခြင်းနှင့်ပတ်သက်၍ ကံရိုးကျေးရွာနေ တောင်သူ ဦးမောင်မြင့်က “ကျွန်တော်တို့ရဲ့လယ်တွေက ရေသွင်း/ရေထုတ်မြောင်းတွေကလည်း မရှိသလို လယ်ခြားမြောင်းတွေကလည်း ပျောက်နေတဲ့အတွက် ရေနဲ့ သီးနှံစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တွေမှာ အခက်အခဲဖြစ်ကြတယ်။ အခုဖော်ထုတ်နေတဲ့ လယ်ယာမြေတွေမှာ ကုန်ထုတ်လမ်းတွေ၊ ရေသွင်း/ရေထုတ်မြောင်းတွေပါတဲ့အတွက် ရေသွင်း/ရေထုတ်နဲ့ စိုက်ပျိုးချိန်၊ သီးနှံသယ်ယူချိန်မှာ အဆင်ပြေပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

တောင်သူများအနေဖြင့် စက်မှုလယ်ယာစနစ်တွင် စက်ယန္တရားများအသုံးပြု၍ စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ပြီး အချိန်တိုအတွင်း သီးနှံများကို နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းနှင့် ဖော်ထုတ်ပေးသည့် စက်မှုလယ်ယာမြေများမှာ မြေတစ်ကွက်လျှင် ပေ ၁၂၀၊ ပေ ၃၆၀ အကျယ်ရှိပြီး ရေသွင်း/ရေထုတ်မြောင်း သုံးပေစီ၊ ကုန်ထုတ်လမ်း ၁၆ ပေရှိ အလျားလိုက် နှစ်လမ်းနှင့် ထောင့်ဖြတ်လမ်း လေးလမ်းပါရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

---

## ဘီးလင်းမြို့နယ်၌ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ဘီးလင်း မတ် ၂၆** – မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်လျက်ရှိသည့် ဒေါက်ရပ်ကျေးရွာနှင့် တောင်ကလေးကျေးရွာများသို့ ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းထောစံနှင့် ဝန်ထမ်းများက မတ် ၂၆ ရက်တွင် ရေဂါလန်ပေါင်း ၃၂၀၀ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# COVID - 19 ကပ်ရောဂါ ပျံ့နှံ့မှုကြောင့် ကမ္ဘာပေါ်ရှိလူပေါင်း သုံးဘီလီယံကျော် သွားလာမှုများကန့်သတ်ကာ အိမ်တွင်း၌နေထိုင်လျက်ရှိ

ဝါရှင်တန် မတ် ၂၆

**ကမ္ဘာတစ်ဝန်း COVID – 19 ကပ်ရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၀၀၀ ကျော်လာပြီးနောက် သက်ဆိုင်ရာအစိုးရများက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေး အရှိန်မြှင့်တင်လုပ်ဆောင်နေသလို ကမ္ဘာပေါ်ရှိလူပေါင်း သုံးဘီလီယံကျော် သွားလာမှုများကန့်သတ်ကာ အိမ်တွင်း၌ နေထိုင်နေကြပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၆ ရက်က ဖော်ပြသည်။**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာပေါင်း ၄၅၀၀၀၀ ကျော်အထိ မြင့်တက်လာပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်သာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါပျံ့နှံ့ခြင်းကို ထိန်းချုပ်နိုင်မည့် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ကြောင်း ပြောကြားလိုက်သည်။



စပိန်နိုင်ငံ ဘာဂို့စ်ရှိ ဆေးရုံတစ်ရုံ၏ အပြင်ဘက်တွင် ဆေးဘက်ဆိုင်ရာစောင့်ရှောက်ရေးဝန်ထမ်းများကို တွေ့ရစဉ်။

အီတလီနိုင်ငံပြီးလျှင် စပိန်နိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာအရေအတွက်သည် လွန်ခဲ့သောသုံးလက ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ရာ တရုတ်နိုင်ငံကိုကျော်လွန်ခဲ့ပြီဖြစ်သည်။

နိုင်ငံနှင့်နယ်ပယ်ဒေသပေါင်း ၁၈၂ ခုတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်ပေါင်းသည် ၂၀၈၀၀ အထိ ရောက်ရှိလာပြီဖြစ်ကြောင်း အေအက်ဖ်ပီ၏ စာရင်းဇယားများအရ သိရသည်။

အမေရိကန်၏ အကျဘက်သို့ ဦးတည်နေသော စီးပွားရေးကို ကယ်တင်ရန်နှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အထိနာခဲ့သော ပြည်သူများကို ကူညီထောက်ပံ့ပေးရန် အမေရိကန်လွှတ်တော်၏ ကြိုးစားမှုသည် နှစ်ထရီလီယံတန်ဖိုးရှိ ထောက်ပံ့ကယ်တင်ရေးအစီအစဉ်ကို အတည်ပြုရန် နီးစပ်လာပြီဖြစ်သောကြောင့် စတော့ဈေးကွက်များသည်လည်း ပြန်လည်ဦးမော့လာပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ရာ အဓိက ဗဟိုချက်မလိုမျိုး ဖြစ်နေသော နယူးယောက်တွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာပေါင်း ၃၀၀၀၀ ကျော်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံကို နောက်တစ်ခါ ထပ်မံ၍ အားသစ်အင်သစ်တွေဖြင့် လှုပ်ရှားသက်ဝင်စေမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ မိမိအနေဖြင့် မည်သည့်ကိစ္စကိုမဆို မဆင်မခြင်သို့မဟုတ် အလျင်စလို ပြုလုပ်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**

## ဂျီ - ၂၀ ခေါင်းဆောင်များ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ရှေ့တန်း၌ ညီညွတ်ရန် ကတိပြု

**ရီယာ့ဒ် မတ် ၂၆**

ဂျီ–၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ရှေ့တန်း၌ ညီညွတ်ကြရန် ကတိပြုခဲ့ကြကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၆ ရက်က ဖော်ပြလိုက်သည်။ ဂျီ–၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အကျဘက်သို့ ဦးတည်နေသော ကမ္ဘာ့စီးပွားရေးကို အားသစ်လောင်းရန် အမေရိကန်ဒေါ်လာ ၅ ထရီလီယံ ထည့်ဝင်ခဲ့ကြကြောင်းလည်း သတင်းရရှိသည်။

ထို့အပြင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းပေါင်းစုံနှင့်လည်း လျင်လျင်မြန်မြန် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ဒေသတွင်းဘဏ်များကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီရန် တောင့်တင်းသောဘဏ္ဍာငွေအစီအစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။ **အေအက်ဖ်ပီ**

## နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ကို တရုတ်တားမြစ်

**ပေကျင်း မတ် ၂၆**

တရုတ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရန် တရားဝင်ဗီဇာနှင့် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသောနိုင်ငံခြားသားများ နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ကို တားမြစ်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ယခုလိုမျိုးဆောင်ရွက်ခြင်းသည် အမြဲဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကို တိုက်ဖျက်သည့် ကာလတွင်သာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ဖော်ပြခဲ့သည်။

ထိုသို့လုပ်ဆောင်ခြင်းသည် မတ် ၂၈ ရက် ညသန်းခေါင်တွင် စတင်သက်ရောက်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထပ်မံဖော်ပြထားသည်။

**အေအက်ဖ်ပီ**

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆရာဝန်ကိုးဦး သေဆုံး

**မနီလာ မတ် ၂၆**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆရာဝန်ကိုးဦး သေဆုံးခဲ့ကြောင်း နိုင်ငံ၏ ထိပ်တန်းဆေးဘက်ဆိုင်ရာအဖွဲ့အစည်းက မတ် ၂၆ ရက်တွင် ပြောကြားလိုက်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဆေးရုံအများအပြားရှိသော်လည်း ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက ကိုရိုနာဗိုင်းရပ်စ်ကို ရှေ့တန်းမှ ပါဝင်တိုက်ဖျက်နေရာတွင် အကာအကွယ်ကင်းမဲ့နေမှုအပေါ် မကျေမနပ်ပြောဆိုလျက်ရှိကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ဆရာဝန်ကိုးဦး သေဆုံးသည်ဟူသော သတင်းထုတ်ပြန်ချက်သည် စိုးရိမ်မှုကို အရှိန်မြှင့်ပေးလိုက်သကဲ့သို့ဖြစ်ခဲ့ပြီး တကယ့်ကျန်းမာရေးဆိုင်ရာအခြေအနေသည် တရားဝင်သတင်းဖော်ပြမှုများထက် များစွာဆိုးရွားလျက်ရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူစုစုပေါင်းမှာ ၃၈ ဦးအထိ မြင့်တက်လာခဲ့သည်။

လူပေါင်း ၅၅ သန်းမှီတင်းနေထိုင်သော လူဇုံကျွန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုများ ပြုလုပ်ထားသည်မှာ ဒုတိယရက်သတ္တပတ်ထဲဝင်ရောက်လာပြီဖြစ်သော်လည်း ဆေးဘက်ဆိုင်ရာအဖွဲ့များက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် ပိုမိုမြင့်တက်လာနိုင်ကြောင်း သတိပေးလိုက်သည်။



နှာခေါင်းစည်းတပ်ထားသော ကျန်းမာရေးဝန်ထမ်းတစ်ဦး မနီလာမြို့ရှိ အစိုးရဆေးရုံတစ်ရုံရှေ့တွင် ဆန္ဒထုတ်ဖော်နေစဉ်။

ဖိလစ်ပိုင်ဆေးဘက်ဆိုင်ရာအဖွဲ့က မတ် ၂၆ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆရာဝန်ကိုးဦး သေဆုံးခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများမှာ အကာအကွယ် အလုံအလောက်မရှိကြောင်း ပြောကြားလိုက်သည်။

မနီလာမြို့ရှိ ဆေးရုံကြီးသုံးရုံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး လက်ခံနိုင်သည့် လူဦးရေပမာဏပြည့်သွားပြီ ဖြစ်ကြောင်းနှင့် နောက်ထပ်လက်ခံ၍ မရနိုင်တော့ကြောင်း ပြောကြားလိုက်သည်။

ဆေးဘက်ဆိုင်ရာဝန်ထမ်းပေါင်းရာကျော်သည်လည်း နောက်ထပ် ကိုရိုနာဗိုင်းရပ်စ်လူနာသစ်များ ထပ်မံလက်မခံနိုင်တော့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင်သည် ပင်လျှင် ရောဂါရှိသည်ဟု ယူဆရသူများနှင့် ထိတွေ့ပြီးနောက် ၁၄ ရက်ကြာ သီးသန့်ခွဲခြားနေထိုင်ရမည်ဖြစ်သောကြောင့်ဖြစ်ကြောင်း သက်ဆိုင်ရာ ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး လူပေါင်း ၂၀၀၀ နီးပါး စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**


ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လွန်ခဲ့သောလက အလုပ်တက်ဆင်းလုပ်နေသူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးကျဆင်း

**တိုကျို မတ် ၂၆**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် နိုင်ငံ၏စီးပွားရေးသည် မတ်လတွင် အဆင့်လျော့ကျလာသည်ဟု ဂျပန်အစိုးရက စီးပွားရေးအကဲဖြတ်မှုတွင် တွက်ချက်ပြထားသည်။ လတ်တလောတွင် နိုင်ငံ၏စီးပွားရေးသည် အလွန်ဆိုးရွားသောအခြေအနေနှင့်ရင်ဆိုင်နေရကြောင်း နောက်ဆုံးလအစီရင်ခံစာတွင် ဖော်ပြထားသည်။

အစိုးရအဖွဲ့ရုံး အစီရင်ခံစာတွင် ပုဂ္ဂလိကစားသုံးမှုသည် လျော့နည်းကျဆင်းလာသည်ကို ဖော်ပြလျက်ရှိသည်။ ယခုလိုလျော့နည်းကျဆင်းလာခြင်းသည် သုံးနှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် လျော့နည်းလာခြင်းဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် အဆိုပါအစီရင်ခံစာ၌ အများပြည်သူဝယ်ယူနေသည့် စတိုးဆိုင်များ၏ ရောင်းအားသည် လွန်ခဲ့သောလလယ်လောက်မှစပြီး အကျဘက်သို့ ရောက်ရှိလာကြောင်း ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်မှုများလည်း ရပ်တန့်လျက်ရှိသောကြောင့် သွင်းကုန်၊ ပို့ကုန်များလည်း ကျဆင်းလျက်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ အလုပ်ခန့်အပ်ပေးနိုင်မှုများ မြင့်တက်လျက်ရှိသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် များစွာထိခိုက်မှုရှိကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံတကာ၏ စီးပွားရေး အကျဘက်သို့ ရောက်ရှိလာမှုအပေါ် ပိုမိုအာရုံစိုက်ရန် လိုအပ်ကြောင်း ယင်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ဒေါ်လာ နှစ်ထရီလီယံတန်ဖိုးရှိ ကယ်တင်ရေးအစီအစဉ်ကို အမေရိကန်အထက်လွှတ်တော်အတည်ပြု

**ဝါရှင်တန် မတ် ၂၆**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် စီးပွားရေးဆိုင်ရာထိခိုက်မှု၊ အရေးပေါ်ဆေးရုံများ မလုံလောက်မှုနှင့် ထိခိုက်ခံစားရသည့် အမေရိကန်ပြည်သူများအတွက် အမေရိကန်ဒေါ်လာနှစ်ထရီလီယံတန်ဖိုးရှိ အရေးပေါ်ရန်ပုံငွေတစ်ရပ်ကို အမေရိကန်အထက်လွှတ်တော်က အတည်ပြုလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက် ၁၀၀၀ ကျော်ရှိလာပြီး ကူးစက်ခံရသူ ၆၈၀၀၀ အထိ ရှိလာချိန်တွင် အစိုးရအဖွဲ့ဝင်များအကြား ရက်အတန်ကြာအောင် အချေအတင်ငြင်းခုံမှုများ၊ ဆွေးနွေးညှိနှိုင်းမှုများ အပြင်းအထန်လုပ်ဆောင်ခဲ့ပြီးနောက်တွင် စီးပွားရေးကယ်တင်မှုအစီအစဉ်ဖြစ်သည့် အရေးပေါ်ရန်ပုံငွေကို အထက်လွှတ်တော်၌ အတည်ပြုနိုင်ခဲ့သည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုတစ်နေ့တခြား အရှိန်မြင့်လာလျက်ရှိပြီး နယူးယောက်မြို့သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ရာ နောက်ထပ်ဗဟိုချက်မတစ်ခုဖြစ်လာမည်ကို စိုးရိမ်ရလျက်ရှိသည်။

ရီပတ်ဘလစ်ကန်အဖွဲ့ ဦးဆောင်ရေးဆွဲခဲ့သည့် အရေးပေါ် ရန်ပုံငွေအစီအစဉ်၌ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စက်ရုံများကို အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံချေးငွေထုတ်ပေးရန်နှင့် အခက်အခဲဖြစ်နေသည့် လေကြောင်းလိုင်းများနှင့် အဆိုပါ လေကြောင်းလိုင်းများမှ ဝန်ထမ်းများအတွက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ ထုတ်ပေးမည့် အစီအစဉ်များ ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံနှင့် အီတလီပြီးလျှင် တစ်ကမ္ဘာလုံး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအမြင့်ဆုံးဖြစ်ပွားနေသည့် နိုင်ငံဖြစ်ပြီး ရောဂါကူးစက်ခံရသူ ထက်ဝက်ခန့်မှာ နယူးယောက်မှ ဖြစ်သည်။

**အေအက်ဖ်ပီ**



အမေရိကန် အထက်လွှတ်တော်အကြီးအကဲ မစ်ချ်မက်ကော်နယ်

# စပိန်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၇၃၈ ဦးတိုးလာပြီး သေဆုံးမှုပမာဏ တရုတ်ကိုကျော်လွန်

**မက်ဒရစ် မတ် ၂၆**

စပိန်နိုင်ငံ၌၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ၇၃၈ ဦး ထပ်တိုးလာခဲ့ရာ သေဆုံးသူအရေအတွက်မှာ စုစုပေါင်း ၃၄၃၄ ဦးအထိ မြင့်တက်သွားခဲ့သည်။

တရုတ်နိုင်ငံ၌ တရားဝင်သေဆုံးသူအရေအတွက် ၃၂၈၅ ဦးအထိရှိကြောင်း အတည်ပြုခဲ့ပြီးနောက် စပိန်က ယင်းပမာဏထက်ကျော်လွန်သွားခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုကို အဆိုးဆုံးထိခိုက်ခံစားရသည့် အီတလီနိုင်ငံတွင် သေဆုံးသူအရေအတွက် ၆၈၂၀ ရှိပြီး အမြင့်ဆုံးစံချိန်တင်လျက်ရှိသည်။

စပိန်နိုင်ငံအတွင်း ရောဂါကူးစက်မှုသည် ငါးဆခန့်မြင့်တက်လာခဲ့ပြီး ရောဂါကူးစက်ခံထားရသူ ၂၇၀၀၀ နီးပါးကို ဆေးရုံ၌ကုသပေးလျက်ရှိသည်။ နိုင်ငံအတွင်းရှိ ရောဂါကူးစက်မှု အဆိုးဆုံးနေရာမှာ မက်ဒရစ်ဒေသဖြစ်သော်လည်း နိုင်ငံအရှေ့မြောက်ပိုင်းရှိကက်တလိုနီးယားဒေသ၌လည်း ရောဂါကူးစက်မှု မြန်မြန်ဆန်ဆန် မြင့်တက်လာနေကြောင်း သိရသည်။

စပိန်ဒုတိယဝန်ကြီးချုပ် ကာမန်ကယ်လ်ဗိုမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း အစိုးရအဖွဲ့က ပြောသည်။ ၎င်းသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများခံစားရသည့်အတွက် မတ် ၂၃ ရက်တွင် ဆေးရုံသို့တက်ရောက်ခဲ့ကြောင်း သိရသည်။ ပါလီမန်အဖွဲ့ဝင်များက နိုင်ငံအတွင်း အရေးပေါ်အခြေအနေ ကြေညာထားမှုကို နောက်ထပ် ရက်သတ္တနှစ်ပတ်ဆက်လက် တိုးချဲ့ကာ ဧပြီ ၁၁ ရက် မတိုင်မီအထိ ဆက်လက်ထားရှိရေး မဲခွဲဆုံးဖြတ်ရန် ပြင်ဆင်လျက်ရှိသည်။ အရေးပေါ်အမိန့်ထုတ်ပြန်ချက်ပါ စည်းကမ်းများအရ ပြည်သူများသည် မရှိမဖြစ်သည့် အခြေခံပစ္စည်းများနှင့် ဆေးဝါးများ ဝယ်ယူရန်နှင့် မဖြစ်မနေလုပ်ငန်းဆောင်ရွက်ရန်မှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။

**အေအက်ဖ်ပီ**



COVID– 19 ရောဂါကာကွယ်မှုအဖြစ် နှာခေါင်းစည်းတပ်ဆင်ထားကြသည့် စပိန်ပြည်သူများ။

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဆစ်ခ် - ဟိန္ဒူဘုရားရှိခိုးကျောင်းတစ်ခု အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ၂၅ ဦးထက်မနည်း သေဆုံး

**ကဘူးလ် မတ် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဆစ်ခ်–ဟိန္ဒူ ဘာသာဝင်များ ဝတ်ပြုကိုးကွယ်သည့် ဘုရားကျောင်းတစ်ခု၌ မတ် ၂၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

တာလီဘန် စစ်သွေးကြွအဖွဲ့နှင့် အစိုးရအာဏာပိုင်များအကြား အကျဉ်းသားလဲလှယ်ရေးနှင့် ပတ်သက်၍ သမိုင်းဝင် မျက်နှာချင်းဆိုင်အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း အာဖဂန်အမျိုးသားလုံခြုံရေးကောင်စီက ကြေညာလိုက်ပြီးနောက် နာရီအနည်းငယ်အကြာတွင် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှု



အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားရာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ပြည်တွင်း၌ ဆူပူထကြွမှုများ ရင်ဆိုင်နေရချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းသာမက ကူးစက်မှုအရှိန်မြင့်နေသည့် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကိုပါ ရင်ဆိုင်နေရချိန်တွင် အမေရိကန်က အာဖဂန်အပေါ်ပေးအပ်ထားသည့် အကူအညီ အထောက်အပံ့များကို ဖြတ်တောက်ရန်လုပ်ဆောင်လျက်ရှိသည်။

တာလီဘန်အဖွဲ့က ယခုဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတွင် ၎င်းတို့ပါဝင်ပတ်သက်ခြင်းမရှိကြောင်းနှင့် အိုင်အက်စ်အဖွဲ့၏ လက်ချက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## တိုကျိုအိုလံပစ်အားကစားပွဲရွှေ့ဆိုင်းမှုကို နိုင်ငံအများအပြားက လက်ခံကြိုဆို

**တိုကျို မတ် ၂၆**

ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်နေချိန် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲ တစ်နှစ်ကြာရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့မှုကို ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

အားကစားပွဲရွှေ့ဆိုင်းမည့် ဆုံးဖြတ်ချက် မြန်မြန်ဆန်ဆန်ချမှတ်ခဲ့ခြင်းသည် လွန်စွာအရေးပါသည့်လုပ်ဆောင်ချက်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကျရောက်မှု မြန်မြန်ဆန်ဆန် အဆုံးသတ်စေရေးအတွက် အထောက်အကူဖြစ်စေရန် လုပ်ဆောင်လိုသည့်သဘောထားကို နိုင်ငံတကာအားကစားအသိုက်အဝန်းက ဖော်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း ဂျာမနီအိုလံပစ် အားကစားအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

အားကစားပွဲရွှေ့ဆိုင်းသည့် ဆုံးဖြတ်ချက်ကြောင့် အားကစားသမားများအနေဖြင့် အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် အချိန်ယူလုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း၊ ပြင်သစ်အိုလံပစ်ကော်မတီက ပြောကြားခဲ့ပြီး နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် တိုကျိုအားကစားပွဲကျင်းပရေးကော်မတီများအပေါ် အပြည့်အဝယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကျရောက်မှု အကျပ်အတည်းသည် ဥရောပ၌ အမြင့်ဆုံးအခြေအနေရောက်ရှိနေသည်ဖြစ်ရာ မြန်မြန်ဆန်ဆန်ပြန်လည်ကောင်းမွန်လာရန် ခက်ခဲကြာမြင့်နိုင်ကြောင်းနှင့် ယခုလိုအချိန်မျိုးတွင် အားကစားသမားများ၏ ကျန်းမာရေးအတွက် ယခုဆုံးဖြတ်ချက်သည် မှန်ကန်သင့်လျော်သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဩစတြီးယားအိုလံပစ်ကော်မတီက ပြောကြားလိုက်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အိမ်ပြင်မထွက်ဘဲ အိမ်ထဲ၌သာနေရန် တိုကျိုမြို့တော်ဝန် တိုက်တွန်း

**တိုကျို မတ် ၂၆**

ယခုရက်သတ္တပတ်တွင် အိမ်ပြင်လုံးဝမထွက်ဘဲ အိမ်တွင်း၌သာနေထိုင်ရန် တိုကျိုမြို့တော်ဝန်က ဒေသခံပြည်သူများကို မတ် ၂၆ ရက်က တိုက်တွန်းပြောကြားလိုက်သည်။

မတ် ၂၅ ရက်က အသစ်ထပ်မံဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ပေါင်း ၄၀ ကျော်လာပြီးနောက် မြို့တော်ဝန်က ယခုလိုတိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။ ယင်းပမာဏသည် တစ်နေ့တည်းတွင် ပမာဏအများဆုံးဖြစ်ပွားခဲ့ခြင်းလည်းဖြစ်သည်။ မိမိတို့သည် ယခုအခါတွင် တကယ့်ကို အရေးကြီးသည့်အချိန်ကို ကျရောက်နေပြီဖြစ်ကြောင်း ယူရီကိုကွိုင်ကဲက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် တိုကျိုဒေသခံများကို အိမ်တွင်း၌သာနေထိုင်ပြီး အလုပ်လုပ်ကြစေလိုကြောင်း၊ ညပိုင်းတွင် အပြင်ထွက်ခြင်းမှ ရှောင်ရှားကြရန်လည်းလိုအပ်ကြောင်း၊ အရေးကြီးကိစ္စမရှိဘဲ ယခုရက်သတ္တပတ်တွင် အပြင်လုံးဝမထွက်ရန်လည်း တိုက်တွန်းလိုကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

တိုကျိုမြို့သည် ယခုလတ်တလောတွင် ရောဂါကူးစက်ပျံ့နှံ့မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နိုင်ငံရပ်ခြားမှ ပြန်လာသူများကိုလည်း ၁၄ ရက်တာ သီးခြားခွဲနေထိုင်ရန် စည်းကမ်းချက်ကို လိုက်နာရန်လိုကြောင်းလည်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# အခြေခံစားသောက်ကုန်များကို အလုအယက်ဝယ်ယူခြင်းဟာ ကုန်ပစ္စည်းပြတ်လပ်မှုကို ဦးတည်စေသလား

ထွန်းသစ်စ

လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိတဲ့ အိန္ဒိယနိုင်ငံမှာ ၂၁ ရက်ကြာ အသွားအလာကန့်သတ်မှုတွေ လုပ်ဆောင်တာကြောင့် ကိုရိုနာဗိုင်းရပ်စ် စိုးရိမ်ပူပန်စိတ်တွေမြင့်တက်နေတဲ့ အိန္ဒိယနိုင်ငံသားတွေဟာ အခြေခံမရှိမဖြစ် စားကုန်လိုအပ်ချက်တွေပြည့်စုံဖို့အတွက် သူ့ထက်ငါ အသည်းအသန် အလုအယက်ဝယ်ယူခဲ့ကြပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို နှေးကွေးအောင်လုပ်ဆောင်ဖို့ ကမ္ဘာ့ဒုတိယလူဦးရေအများဆုံးဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ အသွားအလာကန့်သတ်မှုတွေလုပ်ဆောင်လိုက်တယ်ဆိုရင်ပဲ အိန္ဒိယနိုင်ငံရဲ့ မြို့ကြီးတွေဖြစ်တဲ့ နယူးဒေလီနဲ့ မွမ်ဘိုင်းလိုမျိုး တကယ့်ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးတွေမှာတောင် ဆန်နဲ့ ပဲနီလေးကဲ့သို့သော အခြေခံစားသောက်စရာတွေ ရောင်းချတဲ့စင်ပေါင်း မြောက်မြားစွာဟာ အခုတော့ ပြောင်တလင်းခါနေပြီ ဖြစ်ပါတယ်။

### ဒဏ်ခတ်အရေးယူမယ်

တကယ့်ကို အခြေခံစားသောက်ကုန်တွေပြတ်လပ်ပြီး ခက်ခဲတဲ့အခြေအနေတွေဟာလည်း တဖြည်းဖြည်းမြင့်တက်လာနေပါပြီလို့ မွမ်ဘိုင်းမှာ ဟင်းသီးဟင်းရွက်ရောင်းချသူတစ်ဦးဖြစ်တဲ့ အသက် ၃၅ နှစ်ရှိ ရာဖစ်အန်စာရီက ပြောပါတယ်။ လာမယ့်ရက်တွေမှာ ဒီထက်ပိုမိုဆိုးရွားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရနိုင်တယ်လို့ သူက ဆက်လက်ပြောပါတယ်။ ထို့အတူပဲ ကုန်ဈေးနှုန်းတွေဟာလည်း မြင့်တက်လာခဲ့ပါတယ်။ ခရမ်းချဉ်သီးရဲ့ ဈေးဟာလည်း ထက်ဝက်လောက် မြင့်တက်လာခဲ့ပါတယ်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုမှာ အဆိုးရွားဆုံးဖြစ်နေတဲ့ အိန္ဒိယနိုင်ငံရဲ့ မြို့တော် နယူးဒေလီမှာတော့ တချို့ဘတ်စ်ကားတွေဟာ ပြေးဆွဲနေတုန်း ရှိပါသေးတယ်။ သို့သော်လည်း ကားတိုင်းတော့မဟုတ်ပါဘူး။ အစိုးရရဲ့ခွင့်ပြုချက်ရတဲ့သူတွေပဲ ကားမောင်းလို့ရတာ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ အရန်တပ်ဖွဲ့ဝင်တွေဟာ ပုဂ္ဂလိကမောင်ခိုပြေးဆွဲနေတဲ့ကားတွေကို ရပ်နားစေခဲ့သလို မလိုအပ်တဲ့ကားတွေ ပြေးဆွဲမှုမရှိအောင်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒေလီအပြင်ဘက် ဂါဇီယာဘတ်မှာဆိုရင် ပြည်သူတွေဟာ ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ အသစ်အသစ်သောဆောင်ရွက်မှုတွေအပေါ် စိုးထိတ်နေကြသလို အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေဟာလည်း ရှင်းလင်းမြင်သာမှုမရှိဘူးဆိုပြီး စောဒကတက်နေကြပါတယ်။ တချို့ကလည်း သူတို့အပြင်ဘက်ဆေးထွက်ဝယ်တဲ့အခါ ရဲတပ်ဖွဲ့ဝင်တွေရဲ့ နှောင့်ယှက်မှုတွေနဲ့ ကြုံတွေ့ရတယ်လို့လည်း ပြောပါတယ်။

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီရဲ့ ကြေညာချက်အရ လိုအပ်လို့ချမှတ်လိုက်တဲ့ စည်းမျဉ်းစည်းကမ်းတွေအပေါ် လေးစားလိုက်နာမှုမရှိရင် ထောင်ဒဏ်နှစ်နှစ်ဖြစ်စေ သို့မဟုတ် ငွေဒဏ်ဖြစ်စေ ဒဏ်ခတ်အရေးယူသွားမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

### ရသလောက်တော့ပြန်ရောင်းမယ်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကြောက်အားပိုပြီး အခြေခံစားသောက်ကုန်တွေကို အလုအယက် တိုးဝှေ့ဝယ်ယူခြင်းဟာ နိုင်ငံကို နာရီအတော်ကြာ ကျဉ်းထဲကျပ်ထဲရောက်စေနိုင်ကြောင်းနဲ့ အခြေခံစားကုန်များ ပြတ်လပ်သွားမှာကို စိုးရိမ်စိတ်မဖြစ်ဘဲ စိတ်အေးလက်အေးနေထိုင်ရန် ဝန်ကြီးချုပ် မိုဒီက တွစ်တာမှာ တိုက်တွန်းဖော်ပြထားပါတယ်။

အခြေခံစားသောက်ကုန်တွေ၊ ဆေးဝါးတွေမပြတ်လပ်ဘဲ အချိန်မရွေး ရရှိနိုင်ကြောင်း၊ ဒီလိုရရှိနိုင်အောင်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်နေကြကြောင်းလည်း မိုဒီက ဆက်လက်ပြောကြားပါတယ်။

သို့သော်လည်း မတ် ၂၅ ရက်မှာတော့ ဈေးသည်တွေဟာ သူတို့ရဲ့ ဆိုင်တွေကို ဆက်ဖွင့်ဖို့ရာ စိုးတထိတ်ထိတ်ဖြစ်နေကြပါတယ်။ ကုန်ပစ္စည်းများပြတ်လပ်နေသလို ကုန်ပစ္စည်းများ မြို့ထဲကိုမဝင်နိုင်အောင်တားဆီးမှုတွေလည်းရှိနေတယ်လို့ သူတို့က စောဒကတက်ပြောကြားကြပါတယ်။



အိန္ဒိယနိုင်ငံဈေးတစ်ခုတွင် ဈေးဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

"ကျွန်တော်တို့ နို့တွေလည်းရတယ်။ ကြက်ဥတွေနဲ့ပေါင်မုန့်တွေလည်းရတယ်။ ဒါပေမယ့် ပုံမှန်အားဖြင့်ဆိုရင်တော့ ကျွန်တော်တို့ ပေါင်မုန့်အထုပ် ၁၀၀ ရတယ်။ ဒါပေမယ့် ဒီနေ့တော့ ကျွန်တော်တို့ အထုပ် ၂၀ ပဲရတယ်"လို့ ဒေလီမှ ဈေးသည်တစ်ဦးက ပြောပါတယ်။

"ကျွန်တော်တို့ ရသလောက်တော့ ပြန်ရောင်းပေးနေပါတယ်။ ဒါပေမယ့် ဘယ်လောက်ကြာအောင် ကျွန်တော့်အနေနဲ့ ဆက်လုပ်ပေးနိုင်မလဲ ဆိုတာ မကျိန်းသေပါဘူး"လို့ သူကဆက်ပြောပါတယ်။

### ခြောက်ကပ်တိတ်ဆိတ်သွား

လမ်းရှင်းလင်းရေးလုပ်သား အာဂျေးက သူနဲ့ သူ့အပေါင်းအဖော်တွေကို အလုပ်နေ့တိုင်းပြန်ဆင်းဖို့ပြောတယ်လို့ ပြောပါတယ်။ ဒါပေမယ့်လည်း အခုလိုအချိန်မှာ ဝန်ထမ်းတွေ ပြတ်လပ်နေပါတယ်။ "ကျွန်တော်နဲ့တချို့လူတွေကတော့ ကိုယ်ပိုင်ယာဉ်လေးတွေရှိတော့ လာနိုင်ပါတယ်။ ဒါပေမယ့် ဝေးလံတဲ့နေရာမှာ ရှိနေသူတွေကတော့ ဘယ်လိုမှမလာနိုင်ဘူး"လို့လည်း အာဂျေးက ဆက်လက်ပြောပါတယ်။ သူ့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှာ ကြောက်တဲ့အတွက် နှာခေါင်းစည်းကိုတော့ ကိုယ့်ဟာကိုယ်ဝယ်တပ်တယ်လို့ သူကပြောပါတယ်။

"ကျွန်တော်လိုပဲ အများစုလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရနိုင်လား။ ကျွန်တော်တို့မှာ အကာအကွယ်ပစ္စည်းတွေ ဘာတစ်ခုမှ မရှိဘူး"လို့ အာဂျေးက စိတ်မကောင်းဖွယ် ဆက်လက်ပြောကြားပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ရဲ့ ခြိမ်းခြောက်မှုကြောင့် အိန္ဒိယရဲ့တစ်ချိန်က ကြိတ်ကြိတ်တိုး စည်ကားခဲ့တဲ့ လမ်းတွေဟာဆိုရင် အခုတော့ အရင်ကလောက်စည်ကားမှုမရှိတော့ဘဲ ထီးတည်းကြီးဖြစ်နေပါပြီ။ စားသောက်တန်းတွေနဲ့စည်ကားလှေ့ရှိတဲ့ မွမ်ဘိုင်းမှသည် အနောက်ဘက်မြို့တော်ဖြစ်တဲ့ အာမီတာဘတ်အထိ လမ်းတစ်လျှောက်ဟာလည်း အခုတော့ ငြိမ်သက်တိတ်ဆိတ်လို့နေခဲ့ပါပြီ။

ကမ္ဘာပေါ်မှာ အစည်ကားဆုံးနေရာတစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာ အခုတော့လည်း ငှက်သံတွေကိုတောင် ကြားနေရပြီဖြစ်ပါတယ်။ ဘတ်စ်ကားတွေရဲ့ ဟွန်းသံတွေ၊ လန်ချားလှည်းတွေရဲ့ အဆက်မပြတ်အချက်ပေးသံတွေ၊ လူသူလေးပါးကြွက်ပျံမကျစည်ကားတဲ့ နေရာတွေဟာ အခုလိုအချိန်မှာ ခြောက်ကပ်တိတ်ဆိတ်သွားခဲ့ပြီဖြစ်ပါတယ်။

### အောင်မြင်စွာတွန်းလှန်နိုင်မယ်

မြို့တွေထဲမှာတောင် မကပါဘူး။ မြို့ပြင်တွေမှာတောင် ၂၁ ရက်ကြာ ကန့်သတ်မှုတွေဟာ သက်ရောက်မှုကြီးကြီးမားမားရှိနေပါတယ်။ အချို့ရွာလေးတွေမှာဆိုရင်လည်း ဝါးနဲ့ပြုလုပ်ထားတဲ့ အတားအဆီးတွေနဲ့တောင် လူဝင်လူထွက်တွေမပြုလုပ်ဖို့၊ ကိုယ့်အိမ်ထဲမှာကိုယ်နေဖို့ ဆော်ဩထားကြပါတယ်။

လတ်တလောမှာ အိန္ဒိယနိုင်ငံရဲ့ အခြေအနေဟာ မချင့်မရဲဖြစ်နေသော်လည်း ဝန်ကြီးချုပ် မိုဒီရဲ့ လှုပ်ရှားဆောင်ရွက်မှုကိုတော့ ထောက်ခံနေကြပါတယ်။ အခုလိုမျိုး မိုဒီရဲ့ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကိုကာကွယ်ဖို့ အသွားအလာကန့်သတ်လိုက်ခြင်းဟာလည်း အိန္ဒိယနိုင်ငံကို ဥရောပနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံရဲ့ တချို့အစိတ်အပိုင်းများလို တစ်ပြေးညီဖြစ်စေတဲ့ ဆောင်ရွက်ချက်လည်း ဖြစ်ပါတယ်။

အသွားအလာကန့်သတ်ခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို စောင့်ကြည့်ထိန်းချုပ်နိုင်မယ့် နည်းလမ်းပဲဖြစ်တယ်လို့ လက်ခ်နောင်းမြို့က အငြိမ်းစားရှေ့နေတစ်ဦးဖြစ်သူ ဒိုင်ရန်တရာကူမားက ပြောပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့အနေနဲ့ ဝန်ကြီးချုပ် မိုဒီရဲ့ ဆောင်ရွက်ချက်ကို အကောင်းဆုံး ပံ့ပိုးလိုက်ပါလုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။ ထို့အတူပဲ ဈေးကွက်မှာ ကုန်ပစ္စည်းပြတ်လပ်မှုမရှိအောင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေ တစ်ခုနဲ့တစ်ခုပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ သို့မှသာ ဝယ်လိုအားနဲ့ ရောင်းလိုအားကို ဟန်ချက်ညီထိန်းကြောင်းနိုင်ပြီး ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကို အောင်မြင်စွာ တွန်းလှန်နိုင်မှာပဲ ဖြစ်ပါတယ်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ဂျပန်အစိုးရက ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအထူးတပ်ဖွဲ့ ဖွဲ့စည်း

**တိုကျို မတ် ၂၆**

ဂျပန်အစိုးရက ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအထူးတပ်ဖွဲ့ကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ပြန့်ပွားမှုနှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသော ဥပဒေပြဋ္ဌာန်းချက်သစ်နှင့်အညီ ဖွဲ့စည်းလိုက်ကြောင်း မတ် ၂၆ ရက်က သတင်းထုတ်ပြန်လိုက်သည်။

ကျန်းမာရေးဝန်ကြီး ကက်ဆုနိုဘူကာတိုက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မတ် ၂၆ ရက်ကတွေ့ဆုံခဲ့ကြောင်း ပြောကြားခဲ့သည်။ ဂျပန်အစိုးရအဖွဲ့က ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအထူးတပ်ဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ချခဲ့ပြီး ၎င်း၏ ပထမဆုံးအကြိမ်အစည်းအဝေးကို ၂၆ ရက်ညနေပိုင်းတွင် ပြုလုပ်ခဲ့သည်။

ယခုလအစောပိုင်းအတည်ပြုခဲ့သော ဥပဒေပြဋ္ဌာန်းချက်အရ ဝန်ကြီးချုပ်သည် လိုအပ်လာပါက နိုင်ငံတော် အရေးပေါ်အခြေအနေကြေညာနိုင်ကြောင်းလည်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

### ရုရှား၌ ဗိုင်းရပ်စ်ပျံ့နှံ့မှုကိုတားဆီးရန်အတွက် လာမည့်ရက်သတ္တပတ်အတွင်း စီးပွားရေးလုပ်ငန်းများ ယာယီရပ်နားမည်

**မော်စကို မတ် ၂၆**

ရုရှားနိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် လုပ်ဆောင်ချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် လာမည့်ရက်သတ္တပတ်၌ စီးပွားရေးလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားကာ ဝန်ထမ်းများအားလုံးကို လစာဖြတ်တောက်ခြင်းမပြုဘဲ အလုပ်နားခွင့်ပြုမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မတ် ၂၅ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအားလုံးကို လာမည့် စနေနေ့မှစတင်ကာ ဧပြီ ၅ ရက်အထိ ယာယီလုပ်ငန်းရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အစိုးရရုံးဌာနများ၊ ဆေးရုံများ၊ ဆေးပေးခန်းများ၊ ဘဏ်များနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးဌာနများကိုမူ ဆက်လက်ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သိရသည်။

လာမည့် ဧပြီ ၂၂ ရက်တွင်ကျင်းပရန် စီစဉ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲကိုလည်း ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်သူများနှင့် ဆွေးနွေးပြီးနောက်တွင် ကျင်းပမည့်နေ့ရက်အသစ်ကို သတ်မှတ်ကြေညာမည်ဖြစ်ကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအရှိန်မြင့်လျက်ရှိပြီး တစ်ရက်အတွင်း လူ ၁၀၀ ကျော်ထပ်မံကူးစက်ခံရကာ ကူးစက်ခံရသူ ၆၆၆ ဦးအထိ ဖြစ်လာခဲ့သည်။

**ဆင်ဟွာ**

# COVID–19 ကာကွယ်ကုသခြင်းလုပ်ငန်းအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ဘားအံ မတ် ၂၆**
အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID–19 သည် ကမ္ဘာ့နိုင်ငံအနှံ့ ကူးစက်ပြန့်ပွားလျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် စေတနာရှင် အလှူရှင်များက COVID–19 ကာကွယ်ကုသခြင်းလုပ်ငန်း အတွက် အလှူငွေနှင့် ဆေးရုံသုံးစက်ပစ္စည်းများ လာရောက် လှူဒါန်းလျက်ရှိသည်။

ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တွင် သံသယ လူနာများအား ထားရှိမည့် Isolation Ward တွင် အသုံးပြု နိုင်ရန် ကာကွယ်ကုသရေးနှင့် ဆေးပစ္စည်းများဝယ်ယူနိုင် ရေးအတွက် မတ် ၁၇ ရက်မှစ၍ အလှူငွေများ စတင်လက်ခံ ပေးခဲ့ရာ မတ် ၂၅ ရက်အထိ လှူဒါန်းငွေကျပ် ၁၃၇၈၅၀၀၀ နှင့် ငွေကျပ် ၃၅၄၃၀၀၀ တန်ဖိုးရှိ Oxygen Concentrator၊ Microlife Digital BP Box၊ Pulse Oximeter၊ Hand Gel ကဲ့သို့သော ဆေးရုံသုံးကိရိယာပစ္စည်းများကို လက်ခံရရှိခဲ့ ကြောင်း သိရသည်။

အလားတူ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှူးရုံးတွင် COVID–19 ကာကွယ်ကုသခြင်းလုပ်ငန်းအတွက် အလှူရှင်များက ငွေကျပ် ၁၂ သိန်းနှင့် တစ်ကိုယ်ရေရောဂါ ကာကွယ်ရေးဝတ်စုံ၊ မျက်မှန်၊ သာမိုမီတာ၊ လက်အိတ်နှင့် နှာခေါင်းစည်းများကို လာရောက်လှူဒါန်းကြကြောင်း၊ ပြည်နယ် ပြည်သူ့ဆေးရုံကြီး (ဘားအံ) စီမံကော်မတီနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတို့သို့ ဆက်သွယ် ၍ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း၊ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီအထိ ကရင်ပြည်နယ်အတွင်း သံသယလူနာ ခုနစ်ဦးကိုတွေ့ရှိခဲ့ပြီး သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိကုသမှု ပေးခဲ့ကာ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးခဲ့ရာ ငါးဦးတွင် COVID–19 ရောဂါပိုးမတွေ့ရှိရဘဲ နှစ်ဦးမှာ ဓာတ်ခွဲအဖြေကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပျဉ်းမနားမြို့နယ်အတွင်းရှိ ရထားဘူတာနှင့် ကားဂိတ်များတွင် COVID–19 ရောဂါကာကွယ်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်းရှိ ရထားဘူတာနှင့် ကားဂိတ်များတွင် ခရီးသွား ပြည်သူများနှင့် ဝန်ထမ်းများ ကိုရိုနာဗိုင်းရပ်စ် COVID–19 ရောဂါကာကွယ်ထားရှိမှုများကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ထိုသို့စစ်ဆေးရာတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာနှင့် ဝန်ထမ်း များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ် ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျဉ်းမနားရထားဘူတာနှင့် ဘောဂသီရိကားဝင်းအတွင်း ရှိ ကားဂိတ်များ၊ လက်မှတ်ရောင်းချရာနေရာများတွင် ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ COVID–19 ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများ၊ ခရီးသွားပြည်သူများနှင့် ဝန်ထမ်း များနှင့် Hand Sanitizer ထားရှိမှုများကို များအသုံးပြုနိုင်ရန်အတွက် လက်ဆေးစင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မန္တလေးမြို့တော် အမှိုက်သိမ်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံအစိုးရက အမှိုက်သိမ်းကားသုံးစီး ထောက်ပံ့ပေးအပ်မည်

**မန္တလေး မတ် ၂၆**
မန္တလေးမြို့တော် အမှိုက်သိမ်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီသို့ ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်း များ ထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၈၇၅၀၀ တန်ဖိုးရှိ အီစူဇူ အမှိုက်သိမ်းကားသုံးစီး ထောက်ပံ့ပေးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး ပွဲကို မတ် ၂၄ ရက်က ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၌ ကျင်းပသည်။

မန္တလေးမြို့တော် အမှိုက်သိမ်းစနစ်တိုးတက်ရေးအတွက် အထောက်အပံ့ ပေးရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမားနှင့် မန္တလေးမြို့ ဒုတိယမြို့တော်ဝန် ဦးရဲမွန်တို့က လက်မှတ် ရေးထိုးခဲ့ကြသည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်၍ စီမံကိန်းပေါင်း ၉၃၂ ခု ကိုထောက်ပံ့ပေးခဲ့ပြီး ပညာရေး၊ ထောက်ပံ့ရေး စီမံကိန်းပေါင်း ၄၉၃ ခု၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၂၀၁ ခု၊ လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်း ပေါင်း ၁၄၁ ခု၊ အခြေခံအဆောက်အအုံစီမံကိန်းပေါင်း ၆၁ ခုနှင့် အခြား အမျိုးမျိုး သော စီမံကိန်းပေါင်း ၃၆ ခုတို့ကို မြန်မာပြည်သူ ပြည်သားများ၏နေထိုင်မှု အဆင့်မြှင့်တင်မှုအတွက်ရည်ရွယ်၍ ထောက်ပံ့ခဲ့ပြီး အဆိုပါအထောက်အပံ့များ သည် လက်ရှိ ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက် ခိုင်မာစေလိမ့်မည်ဟု မျှော်လင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

**အောင်စံမောင်**



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင် များ စုပေါင်း၍ မတ် ၂၅ ရက်က ပြည်သူ့ဆေးရုံအတွက် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၃၀ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးထံသို့ ပေးအပ် လှူဒါန်းစဉ်။

စည်သူရအောင် (ကျွန်းစု)

# COVID–19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် အဆောက်အအုံများတွင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် လိုအပ် လာပါက ရောဂါထိန်းချုပ်ကုသရေးဌာနများ အဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန် ရွေးချယ်ထား သည့် အဆောက်အအုံများကို ယမန်နေ့က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုး ဆွေဦး၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင် တို့သည် ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက် ပြန့်ပွားမှုမရှိစေရေးနှင့် လိုအပ်လာပါက ထိန်းချုပ် ကုသမှုပေးမည့်ဌာနများအဖြစ် ပြောင်းလဲအသုံးပြုသွားရန် ရွေးချယ်ထားသည့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်း တောင်း)မှ ရွှေပုပ္ပားဆောင်၊ သုံးထပ်အဆောက်အအုံ၊ အထက(၂) နှစ်ထပ်ကျောင်းဆောင်အသစ်နှင့် မြို့နယ် ပြည်သူ့ဆေးရုံ နှစ်ထပ်ဆောင်တို့ကို လည်းကောင်း၊ လိုအပ်ပါ က စောင့်ကြည့်ကုသရေးဌာနအဖြစ် လာရောက်အသုံးပြုနိုင် ကြောင်း၊ မိမိဆန္ဒအရတင်ပြလာသည့် မြပါရမီ ကိုယ်ပိုင် အထက်တန်းကျောင်းမှ မာလာဆောင် သုံးထပ်အဆောက် အအုံကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြပြီး သုံးစွဲ ရန်လိုအပ်ပါက အခန်းဖွဲ့ပြင်ဆင်ထားနိုင်ရေးနှင့် ရေ/မီး ရရှိရေး၊ သန့်ရှင်းရေးဆောင်ရွက်ထားနိုင်ရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် လိုအပ်လာပါက စောင့်ကြည့်ထိန်းချုပ် ကုသရေးဌာနများအဖြစ် ပြောင်းလဲ အသုံးပြုသွားမည့် G.T.I ကျောင်း ရွှေပုပ္ပားဆောင်မှာ သုံးထပ်ဖြစ်ပြီး လူဦးရေ ၁၂၀ ၊ မြပါရမီကိုယ်ပိုင်အထက် တန်းကျောင်း မာလာဆောင် (သုံးထပ်အဆောက်အအုံ) မှာ ဝင်ဆံ့လူဦးရေ ၁၅၀ ဖြစ်ကာ တစ်ကျောင်းလုံးအတွက် တစ်ယောက်အိပ်ခုတင် အလုံးရေ ၅၀၀ ရှိ၍ အမှတ်(၂) အထက နှစ်ထပ်ကျောင်းဆောင်သစ်တွင် လူဦးရေ ၆၀ ခန့်နှင့် မြို့နယ်ပြည်သူ့ဆေးရုံနှစ်ထပ်ဆောင်တွင် လူဦး ရေ၃၀ စောင့်ရှောက်ကုသမှုခံယူနိုင်စေရန် ကြိုတင်ပြင်ဆင် မှုလုပ်ငန်းများ ဆောင်ရွက်ထားမည်ဖြစ်ကြောင်း သိရ သည်။



**နေအောင်(ပြန်/ဆက်)**

သစ်ပင်စိုက်မှ အရိပ်ရ၏
ရိပ်ခိုနားနေ အပန်းဖြေ၏

# တွံတေးမြို့နယ်၌ နွေရာသီ ရေရှားပါးမှုများမဖြစ်စေရန် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးနေ

**တွံတေး မတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်း ကျေးရွာများ၌ နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးနှင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော ရေများ လုံလောက်စွာရရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

"ဒေသခံ ကျေးရွာတွေရဲ့ လိုအပ်ချက်အရ စက်ရေတွင်းတူးဖော်တာနဲ့ အုတ်ရေကန် တည်ဆောက်တာတွေကို ရွှေလှေချောင်(တွံ့) ကျေးရွာအုပ်စု အမ္ဘတီကျေးရွာ၊ ထော်သို ကျေးရွာအုပ်စု ညောင်ထောက်ကျေးရွာ၊ ငှက်ပျောစမ်းကျေးရွာအုပ်စု သမ္ဘာန်ဆိပ်ကျေးရွာနဲ့ ပြဿဒ်တိုက်ကျေးရွာအုပ်စု ပြဿဒ်တိုက်ကျေးရွာတွေမှာ မတ်လပထမပတ်ကစပြီး ဆောင်ရွက်ပေးနေတာပါ၊ အခုဆိုရင် စက်ရေတွင်း တူးဖော်တာ ၇၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ"ဟု တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်လွင်က ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းပြသည်။

အနက် ပေ ၃၀၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းနှင့် ရေဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် အမ္ဘတီကျေးရွာနှင့် ညောင်ထောက်ကျေးရွာ၌လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သမ္ဘာန်ဆိပ်ကျေးရွာနှင့် ပြဿဒ်တိုက်ရွာ၌လည်းကောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေ ကျပ် ၉ ဒသမ ၆၂ သန်းဖြင့် ဆောင်ရွက်ကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက အဆိုပါ ကျေးရွာများရှိ အိမ်ခြေ ၆၀၇ အိမ်မှ ပြည်သူ ၂၇၀၀ ခန့်အတွက် သောက်သုံးရေများ လုံလောက်စွာ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တွံတေးမြို့နယ်အတွင်း အဆိုပါ ကျေးရွာလေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အပြင် အခြားကျေးရွာများ၌ နွေရာသီ ရေရှားပါးပြတ်လပ်မှု အခက်အခဲများ ဖြစ်ပေါ်လာလျှင်လည်း တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်လွင်၊ ဖုန်း-၀၉၇၇၈၆၄၄၁၉၆၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်စုံမောင်မောင် ဖုန်း-၀၉၆၉၄၂၁၀၈၀၀ နှင့် အကြီးတန်းစာရေး ဦးနေဇော်ဝင်း ဖုန်း-၀၉၇၈၀၁၄၆၉၀၄ တို့သို့ ဆက်သွယ်၍လည်း အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



ကျေးရွာတစ်ရွာ၌ စက်ရေတွင်းတူးဖော်ပေးနေစဉ်။

# မင်းတပ်ကောလိပ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မင်းတပ် မတ် ၂၆**

ချင်းပြည်နယ် မင်းတပ်မြို့ အနောက်ရပ်ကွက် လေးမိုင်၌ မင်းတပ်ကောလိပ် အဆောက်အအုံ တည်ဆောက်နေမှုကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



အဆိုပါ မင်းတပ်ကောလိပ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မုံရွာမြို့ အဆောက်အဦအထူးအဖွဲ့ (၁၀) မှ RC နှစ်ထပ်စာသင်ဆောင်နှစ်လုံး (ရေမီး အပါအဝင်)၊ RC နှစ်ထပ် ဆရာ ဆရာမအဆောင်နှစ်လုံး (ရေမီးအပါအဝင်)၊ RC တစ်ထပ်ဝန်ထမ်းနေအိမ်ခြောက်ခန်းတွဲနှစ်လုံး (ရေမီး အပါအဝင်)၊ ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင် RC နှစ်ထပ်နှစ်လုံး ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း ပြင်ပ ရေရရှိရေးလုပ်ငန်း၊ ကျောင်းဝင်းအတွင်း ပြင်ပလျှပ်စစ်မီး ရရှိရေးလုပ်ငန်းနှင့် မြေနေရာပြုပြင်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ထားသည့်ကာလအတွင်း သတ်မှတ်အရည်အသွေးပြည့်မီစေရန်နှင့် အချိန်မီ ပြီးမြောက်အောင် လုပ်ငန်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခွီရှိန်းမောင်း (ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ် ၂၈ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်၌ ဥတုဘောဇနဆေးကျမ်းစာအုပ်တွင် ဗီတာမင်ဓာတ်နှင့် ပရိုတင်းဓာတ်များ ရရှိနိုင်သော အစားအစာများအကြောင်း ပါဝင်ပုံကို တင်ဆက်ထားသည့် ဆရာကျော်ထွဏ်း၏ "ဦးပေတလူနှင့် ဥတုဘောဇနကျမ်း" မျက်နှာဖုံးကာတွန်း၊ တောခွေးဝံပုလွေတို့၏ နေထိုင်ကျက်စားပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "တောခွေးဝံပုလွေအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ အုပ်စိုးခန့်၏ ပန်းသီးအကောင်းများ ရွေးဝယ်ခဲ့ပုံ အကြောင်းကို ရေးဖွဲ့ထားသည့် "အုပ်စိုးခန့်ပါဝင်သည့် အကုန်ကောင်းပါတယ်" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါး အကျိုး သယ်ပိုးဆောင်ရွက်ပေးရာမှ မိမိတွင်လည်း ကောင်းကျိုး ချမ်းသာကို ပြန်လည်ရရှိပုံ အကြောင်းကို ပညာပေး ရေးဖွဲ့ထားသည့် ကလေးတို့ ပုံပြင် အပါအဝင် အင်္ဂလိပ်သဒ္ဒါ၊ ပဟေဠိကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာ များပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**




## အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်စီဂျင်အိုးများ လှူဒါန်း

**အိမ်မဲ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး စေတနာရှင်အလှူရှင်များက အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ယမန်နေ့က အောက်စီဂျင်အိုးများ လှူဒါန်းပေးခဲ့သည်။ အောက်စီဂျင်အိုးများကို တာချီလိတ်မြို့ အလှူရှင် ဒေါ်ငွေငွေမြင့် မိသားစုက အောက်ဆီဂျင်ငါးလုံး လှူဒါန်းပေးခဲ့ရာ မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

အိမ်မဲမြို့ ပုံကျစျေးသည်များစုပေါင်း၍ ဇန်နဝါရီ ၁၂ ရက်က အောက်စီဂျင်အိုးခြောက်လုံး လှူဒါန်းပေးခဲ့ကြောင်းနှင့် အောက်စီဂျင်အိုးများမှာ အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံတွင် အမှန်တကယ်လိုအပ်နေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၀ | ကျပ် | ၅၄၀/၅၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၅ | ကျပ် | ၅၅၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၈၀/၄၅၀ | ကျပ် | ၄၅၀/၄၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၂၀/၅၈၀ | ကျပ် | ၆၁၅/၆၄၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၆၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၉ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၃၂ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၃၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၈၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၇၀၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၃၈၅ | ၂၃၈၅၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၁၆၀၉၈ | ၅၅၈၃၁၁၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၀၀၀ | ၁၃၇ | ၂၈၇၈၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၂၄၆၀ | ၆၆၅၆၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# အခုလည်း တရားဝင်နိုင်ငံတော်က ကြေညာထားပြီးပြီဖြစ်တဲ့အတွက်ကြောင့် ပွဲအကြီးပဲဖြစ်ဖြစ်၊ ပွဲအသေးပဲဖြစ်ဖြစ် ခဏလောက်တော့ အောင့်အည်းသည်းခံပြီးတော့ ပယ်ဖျက်ပေးစေချင်တယ်

တေးသံရှင် ဖြူဖြူကျော်သိန်း

# COVID-19 အသိပညာပေးဆွေးနွေးပွဲ ကျင်းပ


ဒေါက်တာခင်မောင်လွင်


ဒေါက်တာသန်းနိုင်စိုး


လင်္ကာရည်ကျော်(စာရေးဆရာ)


ဖြူဖြူကျော်သိန်း(တေးသံရှင်)


ဖိုးချစ် (ဇာတ်သဘင်)

**COVID-19 ရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို မတ် ၂၂ ရက် ညပိုင်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။**

**အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိ ပညာမြှင့်တင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုး၊ စာရေးဆရာ လင်္ကာ ရည်ကျော် (ဒေါက်တာရဲမြင့်ကျော်၊ ပါမောက္ခ၊ ဌာနမှူး၊ ကလေးဆေးရုံကြီး- ရန်ကုန်)၊ တေးသံရှင် ဖြူဖြူကျော်သိန်းနှင့် မြန်မာ့ဇာတ်သဘင်မှ မင်းသားဖိုးချစ်တို့က ပါဝင် ဆွေးနွေးခဲ့ကြသည်။**

COVID-19 အသိပညာပေး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြအပ်ပါသည် -

*မတ် ၂၄ ရက်မှအဆက်*

**ဒေါက်တာခင်မောင်လွင်**

ဒီစိန်ခေါ်မှုကလည်း မမျှော်လင့်ဘဲနဲ့ အလွန်ကြီးမားတဲ့စိန်ခေါ်မှု၊ ကြုံတွေ့ရခဲ့တဲ့ စိန်ခေါ်မှုပေါ့။ ဒါပေမယ့် ဒီနိုင်ငံသားတွေအနေနဲ့ကတော့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ဇာတ်သဘင်ရဲ့ အနုပညာရပ်မပျောက်အောင် တစ်နည်းနည်းနဲ့တော့ ဝိုင်းပြီးခေါင်းပူအောင် ကြံဆရမယ့်အပိုင်းပါလာတယ်။ ဒါဒီဗိုင်းရပ်စ်ကနေပြီးတော့ ဖြစ်ပေါ်လာနိုင်တဲ့ တီထွင်ဖန်တီးမှုကိုလည်း ကိုဖိုးချစ်တို့ စဉ်းစားပေးဖို့ လိုလိမ့်မယ်။ ဒ့ါအပြင် နောက်ထပ်မေးချင်တာလေးတစ်ခု ရှိသေးတယ်။ လူအုပ်မဖြစ်အောင် လုပ်တာမှန်သော်လည်းပဲ တောင်သို့လှည့်လည် သဘင်သည်ဆိုသလို လှည့်လည်ပြီးတော့ သွားနေရတဲ့ သဘင်သည်တွေရဲ့ ဘဝနဲ့ ဆယ့်နှစ် ပွဲဈေးသည်တွေရဲ့ဘဝတူနေတာတွေ အများကြီးရှိတယ်။

တစ်ယောက်နောက်တစ်ယောက် လိုက်နေတာတွေလည်းပါတယ်။ တချို့ကျတော့လည်း ဘုရားပွဲသက်သက် သွားတာလည်းရှိတယ်။ သဘင်အစည်းအရုံးဘက်ကနေပြီးတော့ ဟိုတုန်းက ကျန်းမာရေးဌာနကို တောင်းဆို ဖူးတာရှိတယ်။ ဘာလဲဆိုတော့ သူတို့ကျန်းမာရေးအတွက်ကို ကူမယ်။ အခု ကိုဖိုးချစ် ဒီမှာလာပြီး ကူညီသလို၊ သူတို့ကို ကျန်းမာရေးက ဘာပြန်ကူညီမလဲ။ ဒီမေးခွန်းကို သဘင်သည်တွေက မေးကြတယ်။ အခုလည်း ဒါသူတို့ကိုယ်စား ဆရာတို့နှစ်ယောက်ကို ကျွန်တော်မေးချင်တာက ဒီရောဂါမကူးအောင်လုပ်တဲ့ နေရာမှာ ခရီးလှည့်လည်သွားလာနေရတာတွေ မသွားရတော့ဘူး။ ဒါက တစ်ပိုင်း၊ သွားရင်းလာရင်းနဲ့လည်း ဒီရောဂါပိုးက ကူးစက်လာနိုင်တဲ့ အခြေအနေတွေရှိတယ်။ ဒါနဲ့ပတ်သက်လို့ ဆရာတို့နှစ်ယောက် ဘယ်လိုများ စဉ်းစားသလဲ။ နှစ်ယောက်စလုံး တစ်ပြိုင်နက်ဖြေလို့ရတယ်။ ခွဲပြီးတော့ဖြေလို့လည်းရတယ်။

**ဒေါက်တာသန်းနိုင်စိုး**

မဖြူနဲ့ ကိုဖိုးချစ်တို့ ပြောတဲ့ဟာကလည်း ကျွန်တော်တို့ စဉ်းစားပါတယ်။ တစ်ဖက်ကလည်း လူစုလူဝေးနဲ့ ပရိသတ်နဲ့ရှိတော့မှပဲ ဒီပရိသတ်ကြားမှာ ရှင်သန်ရတာပေ့ါနော်။ ဂီတရော၊ သဘင်ရောပေ့ါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အနေအထားကျတော့လည်း နိုင်ငံတကာမှာ ပြန်ကြည့်တဲ့အခါ ကိုရီးယားဖြစ်စဉ်ဆိုရင် တော်တော်လေး သိသာတာပေ့ါနော်။ ကိုရီးယားဖြစ်စဉ်မှာ အဲဒီဘုရားကျောင်းကြီးက တစ်ထပ်ကို လူ ၅၀၀၀ လောက် ဆံ့တယ်။ အထပ်ပေါင်းကိုးထပ်လောက်ရှိတယ်။ အဲဒီအချိန်မှာ သူက ဝူဟန်ကိုလည်း Mission သွားထားတဲ့အဖွဲ့တွေ ရှိတယ်။ အဲဒီ အဖွဲ့ကနေပြီးတော့ လူနာနံပါတ် ၃၁ ဖြစ်တဲ့ အမျိုးသမီးက ဘုရားကျောင်းမှာ လေးခါလောက် ဝတ်လာပြုတယ်။ အဲဒီကနေပြီးတော့ ကိုရီးယားတစ်နိုင်ငံလုံးကို ပြန့်သွားတဲ့အခါကျတော့ သူက ဒီတစ်ယောက်နဲ့ထိတွေ့ပြီးရင် နောက်တစ်ယောက် သူနဲ့ထိတွေ့တဲ့သူ ဘယ်သူတွေရှိခဲ့လဲ။ သူ့ရဲ့ Incubation Period ဖြစ်တဲ့ ရောဂါပြန့်နိုင်တဲ့ ကာလပေ့ါ။ အဲဒီမှာ ထိတွေ့ခဲ့တဲ့သူအားလုံးကို လိုက်ရပါတယ်။

ဒီလူနဲ့ ထိတွေ့တဲ့သူတွေကြားထဲမှာလည်း နောက်ထပ် အဲဒီလူကရော ဘယ်သူနဲ့ ထပ်ပြီး ထိတွေ့ခဲ့လဲ။ အဲဒီလူတွေကြားထဲ လိုက်ရတဲ့အခါ ကိုရီးယားနိုင်ငံဟာ Resource လည်း ပြည့်စုံတယ်၊ ချမ်းသာတဲ့နိုင်ငံလည်း ဖြစ်တဲ့အခါကျတော့ သူက လူပေါင်းသိန်းနဲ့ချီပြီးတော့ စစ်ဆေးလိုက်တယ်။ အဲဒီထဲမှာ တွေ့တာတွေလည်း အများကြီးပဲ။ လူနာအရေအတွက်တွေ ထောင်တက်သွားတယ်။ အဲဒီတော့ တစ်ဖက်က ဒီဖြစ်စဉ်တွေရှိတယ်။ မလေးရှားဖြစ်စဉ်ဆိုရင်လည်း အဲဒီလိုပဲ။ အီတလီဖြစ်စဉ်တို့၊ အီရန်ဖြစ်စဉ်တို့ ပြန်ကြည့်လိုက်ရင်လည်း အကုန်လုံးက လူစုလူဝေးကတစ်ဆင့် ပြန့်သွားတဲ့အခါကျရင် ရောဂါကထိန်းချုပ်ရခက်တယ်။ ရေတိုအားဖြင့် ကြည့်ရင်တော့မှန်တယ်။ လူစုလူဝေး မလုပ်ရတဲ့အခါ တစ်ဖက်မှာလည်း အခက်အခဲဖြစ်တယ်။ ဒါပေမယ့် ရေရှည်အားနဲ့ ပြန်ကြည့်ရင် ဒီပရိသတ်ကြီးတွေ၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေအားလုံး ကျန်းမာမှသာလျှင် သူတို့ရဲ့ မိသားစုတွေ ပျော်ရွှင်မှသာ ဒီသဘင်တို့၊ ဂီတတို့ ကျွန်တော်တို့ရဲ့ ရိုးရာအမွေအနှစ်တွေက ဆက်လက်ပြီးတော့ ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။

**မင်းသား ဖိုးချစ်**

ကျွန်တော်တို့က ဒီကာလမှာ ရပ်လိုက်ရတဲ့ ဆုံးရှုံးမှုကို အဲဒီလောက်အထိ ဝမ်းမနည်းဘူး။ ကျွန်တော်တို့ အခုပြောနေတဲ့ ဒီအပေါ်မှာ ဆုံးရှုံးတာမှန်ပေမယ်လို့ ကျွန်တော်တို့ရဲ့ ဆုံးရှုံးမှုက နိုင်ငံတော်နဲ့၊ ပြည်သူနဲ့ယှဉ်လိုက်ရင် သေးပါတယ်။ ဒါပေမယ့် ကိုယ့်လောကတော့ ကိုယ်ပဲသိတာပေ့ါ။ ထိခိုက်တဲ့ဟာတွေ ပြောပြတယ်ဆိုတာ ဒီအချိန်မှာ လူစုလူဝေးလုပ်ချင်တဲ့ဆန္ဒလုံးဝမရှိဘူး။ ကျွန်တော်တို့ဆို လုပ်လို့ရတဲ့ နေရာလေးတွေရှိတယ်။ ကျွန်တော်တို့ကိုယ်နှိုက်က ကိုယ့်ကျင့်ဝတ်နဲ့ ကိုယ်ထိန်းတာ။

**ဒေါက်တာသန်းနိုင်စိုး**

ရေတိုမှာတော့ ကျွန်တော်တို့အားလုံးက လက်တွဲပြီးတော့ ဝိုင်းဝန်းပူးပေါင်းပြီးတော့ ဒီကာလလေးကို ကျော်ဖြတ်ရမှာပေ့ါ။ ဒါပေမယ့် ရေရှည်မှာတော့ ကျွန်တော်တို့က အခုဆို ဘာပဲပြောပြော တစ်လကျော်အခြေအနေအတွင်းမှာ ကျွန်တော်တို့တိုင်းပြည်ဟာ အခြေအနေကောင်းသေးတဲ့ တိုင်းပြည်ထဲမှာပါတာပေ့ါ။ ကျွန်တော်တို့ကို မေးကြတာလည်း ရှိတယ်။ ဆရာတို့ ဖုံးဖိထားလားပေ့ါ။ ကျန်းမာရေးဌာနက ဒါတော့ ဆရာကြီးလည်း အသိဆုံးပါပဲ။

**မင်းသား ဖိုးချစ်**

စနစ်လေးတစ်ခု ကျွန်တော်ပြောဖို့ရှိတာပေ့ါ။ ကျွန်တော်တို့က ပွဲလမ်းသဘင်တွေမှာ ပွဲမိန့်တင်လို့ရှိရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ထောက်ခံချက်လိုတယ်။ ကျွန်တော်တို့ငယ်ငယ်က ဖတ်စာအုပ်ထဲမှာပါတယ်ဗျ။ လက်ဆေးရမယ်ဆိုတာ အခုမှမဟုတ်ဘူး။ ကျွန်တော်တို့ ကလေးပေါက်စ စာသင်ကတည်းက လက်ဆေးရမယ့်အကျင့်ကို သင်ပေးခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့တွေက မလိုက်နာခဲ့ဘူး။ ကျွန်တော်တို့အပါအဝင် အလေ့အကျင့်နည်းခဲ့တယ်။

ဆိုလိုတာက ဒီဟာတွေ ပြီးသွားတဲ့အချိန်မှာလည်းပဲ ဂီတပွဲတွေ၊ ဇာတ်သဘင်နဲ့ပတ်သက်တဲ့ ပွဲလမ်းသဘင်တွေမှာ ကျန်းမာရေးစီမံချက်အနေနဲ့ ဘယ်လိုမျိုးကူညီနိုင်မလဲဆိုတဲ့စနစ်၊ ဒါလေးက ဒီဟာကို အကြောင်းပြုပြီးတော့ လိုအပ်မယ်လို့ မြင်လာတာပါ။ ဆိုလိုတာက ၁၂ ပွဲဈေးသည်တွေက တချို့လည်း အိမ်ရှိတယ်၊ တချို့လည်း အိမ်မရှိဘူး။ သွားလာနေတဲ့အခါမှာ သူတို့ရဲ့ ကျန်းမာရေးပါ။ ကျွန်တော့်ဇာတ်ထဲမှာဆိုရင် ဆေးသေတ္တာပါတယ်။ ဒါပေမယ့် ကျွန်တော့်တစ်ဇာတ်လောက်ပဲ ပါချင်ပါမှာပေ့ါ။ ဗိုက်အောင့်တာ ဘာညာပေ့ါ။ ဒါပေမယ့် အရေးကြီးတဲ့ကေ့စ်တော့ ဆေးရုံသွားရတာပေ့ါ။ ဒီပွဲရုံတွေကို ဝင်လာရင် ကျွန်တော်တို့က အခုဆို Hand Gel ထားပေးတယ်။ လက်ဆေးကန်ထားပေးမယ်။ အပူချိန်စစ်မယ်။ ဒီလောက်ပဲရမယ်။ Mask လှူပေးမယ်။ ဒီလောက်ပဲရမှာပေ့ါ။ ရက်ရှည်သွားရင် နောက်ပိုင်း ကူးစက်နိုင်တဲ့ ရောဂါများလေ လူစုလူဝေးတွေမှာ ပညာပေးရင်းနဲ့ ကာကွယ်နိုင်ရင်ကို ပြည်သူကို တော်တော်များများ ထိန်းနိုင်ပြီးသားဖြစ်မယ်။ ဒါကို စနစ်တစ်ခု လိုပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

မှန်ပါတယ်။ ဒီမှာအနုပညာရှင်တွေနဲ့လည်း တွေ့ရမယ်ဆိုတော့ ကျွန်တော်က အလွန်ဝမ်းသာပါတယ်။ ရှေ့လျှောက် ပူးပေါင်းဆောင်ရွက်လို့ရမယ့်ဟာတွေ အများကြီးရှိပါတယ်။ အခု ကိုဖိုးချစ်ပြောတဲ့ဟာဆို အတော်ကောင်းတယ်။ သဘင်တွေက နယ်အနှံ့ကို သွားရတယ်။ သူတို့ပြောခဲ့တဲ့ဟာကလည်း ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်တယ်ဆိုတဲ့ဟာလေးရှိတယ်။ အဲဒီတော့ ဘာပဲပြောပြော ကျွန်တော်တို့ရဲ့ ဒီကျန်းမာရေး သတင်းစကားလေးတွေ ပေးနိုင်ရင် ပြည်သူလူထုအနေနဲ့ ဘာပဲပြောပြော နားထဲဝင်သွားတာပေ့ါ။ ဒီလိုမျိုးအကျိုးကျေးဇူးတွေရှိတဲ့အခါကျတော့ ကျွန်တော်တို့နဲ့ ရှေ့လျှောက် ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ။

**မင်းသား ဖိုးချစ်**

အရင်တုန်းက ကျန်းမာရေးနဲ့ပတ်သက်တဲ့ဟာတွေကို ကျွန်တော်တို့ Vinyl Board ထောင်တာ၊ LED Display မှာ ပွဲမကခင် ကျန်းမာရေးအသိပညာပေးအနေနဲ့ အရေးကိစ္စဖြစ်လာတဲ့ဟာ အားလုံးကိုပြတာ စသဖြင့်ပေ့ါ။ နောက်စင်ပေါ်ကနေ ကြေညာပေးတာတွေ။ ဟိုးအရင်တုန်းကလည်း ဇာတ်သဘင်တွေက နိုင်ငံရဲ့အမျိုးသားကျန်းမာရေးနဲ့ ပတ်သက်လာရင် အကုန်လုပ်ပေးခဲ့တယ်။ ကျန်းမာရေးဆေးပေးခန်းလေးတွေ ထားပေးတာမျိုး စနစ်တကျလုပ်နိုင်ရင် ပြည်သူလူထုကို အကျိုးပြုနိုင်မှာပါ။ အမှန်ဆိုရင် အနုပညာရှင်တွေခေါ်တယ်ဆိုတာ ပြည်သူလူထုအများကြီးလာဖို့၊ လူစုဖို့ခေါ်တာ။ ကျွန်တော်တို့ ဒီပွဲတွေက လူထပ်စုစရာမလိုဘူး ရှိပြီးသား။ ကျွန်တော့်ဇာတ်ရုံထဲမှာ လူတစ်ထောင်ပဲရှိရင်တောင်မှ ပွဲခင်းမှာ လူတစ်သောင်းလောက်ရှိတယ်ဆိုတော့ ထိရောက်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

> **"ကျွန်တော်တို့ဆီမှာ ပြည်သူလူထုတော်တော်များများမှာ ကျန်းမာရေးအသိအားနည်းတယ်။ ကျွန်တော်အပြစ်ပြောတာ မဟုတ်ပါဘူး။ အခု ဒီမီဒီယာနဲ့ စကားဝိုင်းတွေလုပ်တာ သိပ်ကောင်းတယ်။ ကျွန်တော်တို့ အနုပညာရှင်တွေရော တခြားသူတွေရော အခုအချိန်မှာ လူစုနဲ့ပြောလို့မရတဲ့ အနေအထားမျိုးမှာ Online Media ကို ကောင်းကောင်းအသုံးချပြီးတော့ ဖြန့်နိုင်ဖို့လိုတယ်"**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဓာတ်ခွဲခန်းများနှင့် စီမံခန့်ခွဲမှု ပထမအကြိမ် စစ်ဆေး

**နေပြည်တော် မတ် ၂၆**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သုတေသနဌာနစု အသီးသီး၏ ဓာတ်ခွဲခန်းခုနစ်ခုနှင့် စီမံခန့်ခွဲရေးဌာနစု တို့သည် UK's National Accreditation Body မှ ပေးအပ်သော ISO 9001: 2015 Quality Management System (QMS) လက်မှတ်ရရှိပြီးဖြစ်ရာ အဆိုပါအသိအမှတ်ပြု လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုများ ပထမအကြိမ်ကြီးကြပ်စစ်ဆေးခြင်း အခမ်းအနားကို မတ် ၂၄ ရက်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ISO 9001: 2015 QMS အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်ထိန်း သိမ်းထားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ သုတေသနပညာရှင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်နှင့် အဆိုပါလက်မှတ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ကြိုးစားဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အမှာစကားတွင် ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းက မြေဆီလွှာ သုတေသနဓာတ်ခွဲခန်းသည် ISO 9001: 2015 QMS လက်မှတ်ရရှိပြီးဖြစ်သည့်အတွက် နိုင်ငံတကာနှင့် ချိတ်ဆက်၍ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် များစွာအကျိုးထိရောက်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ISO 9001: 2015 QMS လက်မှတ်ရ ဓာတ်ခွဲခန်းများကို ပထမအကြိမ်ကြီးကြပ် စစ်ဆေးခြင်းဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲမှုအားလုံးကို သတ်မှတ်ထားသည့် စီမံခန့်ခွဲမှုစာရင်း စံချိန်၊ စံညွှန်း ကိုက်ညီမှုရှိ/ မရှိ ဌာနအတွင်း စစ်ဆေးဆောင်ရွက်ထားခြင်းများ တစ်ပတ်လည်ခြင်းနှင့် စီမံခန့်ခွဲမှုသုံးသပ်ချက်များကို စိစစ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး Lead Assessor ဦးစိုးလွင်က အဆိုပါ ဓာတ်ခွဲခန်းများနှင့် စီမံခန့်ခွဲမှုကို ပထမအကြိမ်ကြီးကြပ်စစ်ဆေးရာတွင် အသေးစိတ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဓာတ်ခွဲခန်း ခုနစ်ခုဖြစ်သည့် စိုက်ပျိုးရေးအဏုဇီဝ ဓာတ်ခွဲခန်း ၊ အပင်ရောဂါဖြစ်ကြောင်း အဏုဇီဝများ အမျိုးအစားခွဲခြားခြင်းနှင့် မွေးမြူရွေးချယ်ခြင်းဓာတ်ခွဲခန်း၊ စိုက်ပျိုးရေ အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း ၊ အပင်ဇီဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း ဓာတ်ခွဲခန်း၊ အပင်ဇီဝနည်းပညာ ဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာ ဓာတ်ခွဲခန်း၊ မြေနှင့် အပင်နမူနာ ဓာတ်ခွဲခန်းနှင့် စီမံခန့်ခွဲရေးဌာနစု တို့မှာ ၁၇-၇-၂၀၁၉ ရက်နေ့က UK's National Accreditation Body အသိအမှတ်ပြု ချီးမြှင့်သည့် ISO 9001:2015 Quality Management System (QMS) လက်မှတ်အား ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းများ၏ စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်လျက် သုတေသနဓာတ်ခွဲ တွေ့ရှိချက် အဖြေများအား အသုံးပြုသူများအတွက် ယုံကြည်စိတ်ချမှုအပြည့်အဝရှိသည့် သုတေသနဓာတ်ခွဲ တွေ့ရှိချက် ရလဒ်ကောင်းများကို အာမခံချက်အပြည့်ဖြင့် ပြန်ကြားပေးလျက်ရှိကြောင်း ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သိရသည်။ **မေမိုးသဲ**



စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ ဓာတ်ခွဲခန်းတစ်ခုကို တာဝန်ရှိသူတို့ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၁၈ မှ*

**ဒေါက်တာသန်းနိုင်စိုး**

ကျွန်တော်တို့ဘက်ကလည်း ပွဲတော်တော်များများကို ပွဲကြည့်ရင်သာ ကျွန်တော်တို့ဘက်က ဆေးအကာအကွယ်ပေးရတယ်ဆိုတဲ့အလုပ်ကို အမြဲတမ်းညှိနှိုင်းပြီးတော့ ဆောင်ရွက်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ တာဝန်ခွဲဝေမှုဇယားတွေနဲ့ပေါ့။ အခုဆို ဘုရားပွဲအကြီးကြီးတွေဆို ဆေးခန်းတွေ တွေ့မှာပါ။ ဒါပေမယ့်လည်း အကုန်လုံးကို ပြည့်စုံအောင်လုပ်ပေးဖို့ဆိုတာကတော့ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးလိုပါတယ်။

**တေးသံရှင် ဖြူဖြူကျော်သိန်း**

အခုလောလောဆယ်မှာဆိုရင် ပွဲတွေ တော်တော်များများ ရပ်သွားပြီဆိုပေမယ့် တချို့နေရာဒေသက ပွဲတွေကကျတော့လည်း လုပ်နေကြသေးတယ်။ အဲဒါကိုလည်း စိတ်ပူတယ်။ တချို့ မြို့လေးတွေမှာဆိုရင် ငါတို့ပွဲက သေးလို့ လူတစ်ရာ၊ နှစ်ရာပဲစုမှာမို့လို့၊ ဥပမာ- ပရိုမိုးရှင်းပွဲလေးတွေပဲဖြစ်ဖြစ် တချို့ဆိုလို့ရှိရင် ပွဲကိုပြန်ပယ်ဖျက်တာမလုပ်ကြသေးဘူး။ တချို့အဆိုတော် အငယ်လေးတွေဆို လာပြောကြတယ်။ မမရယ် သမီးတို့ သားတို့တော့ မသွားချင်တော့ဘူး၊ ဒါပေမယ့် အဲဒီဘက်ကလည်း ပယ်ဖျက်တာမလုပ်ကြဘူးဆိုတဲ့အခါကျတော့ သူတို့ စီမံတဲ့အဖွဲ့တွေဘက်ကလည်း ပွဲကိုမပယ်ဖျက်သေးဘူး၊ သူတို့ မသွားချင်ဘူး။ ဘယ်လို လုပ်ရမလဲပေါ့။ တချို့ကျတော့လည်း ပြတ်တယ်။ စရန်ကအစ အကုန်လုံးပြန်လျော်မယ်။ သူတို့ဖျက်ဖျက် မဖျက်ဖျက် ငါ့ဘက်က ဖျက်မယ်ဆိုပြီးတော့ လုံးဝမသွားတော့ဘဲ နဲ့ ပို့စ်တင်ပြီးရေးထားတာလုပ်ကြတာပေါ့။ ဒါပေမယ့် အဲဒီလိုလုပ်နိုင်ဖို့ဆိုတာကျတော့လည်း ခံနိုင်ရည်လည်း ရှိရပါတယ်။ အငယ်တွေ အတွက်ကျတော့လည်း နည်းနည်းခက်နိုင်တယ်။

**မင်းသား ဖိုးချစ်**

ကျင့်ဝတ်ဖောက်ပြန်တာ မဟုတ်ပါဘူး။ တစ်ခါတလေကျရင် ကျွန်တော်မျက်စိစုံမှိတ်ပြီး နေလိုက်ရတာတွေရှိတယ်။ ငါတို့ ထမင်းငတ်ရင် မင်းကျွေးမလားဆိုတဲ့ စကားက အမြဲတမ်းအပြောခံနေရတယ်။ ကျွန်တော်က ဇာတ်မင်းသားတစ်ယောက်အပြင်ကို သဘင်အစည်းအရုံးမှာ တာဝန်ယူထားရတော့ ကျွန်တော့်တစ်ယောက်တည်းကတော့ ကျွန်တော် ဖြတ်ချလိုက်တယ်၊ ညှိနှိုင်းတယ်၊ ရက်ရွှေ့ပေးမယ်။ ဆရာတော်ပူဇော်ပွဲတွေ ဘာတွေရှိတယ်။ စရန်ပြန်လိုချင်လား ကျွန်တော် ပြန်ပေးမယ်။ တချို့ဇာတ်သေးသေးလေးတွေက မဖြူပြောသလိုပဲ ကတာလေးတွေ သတင်းသဲ့သဲ့ကြားလိုက်ရင် ကျွန်တော့်ဘက်က တားလို့လည်းမရဘူး။ မေတ္တာရပ်ခံလို့ပဲရတယ်။ တစ်ခါတလေကျရင် မသိချင်ယောင်ဆောင်ပြီး နေရတဲ့ဘဝကို ရောက်နေတယ်။

**တေးသံရှင် ဖြူဖြူကျော်သိန်း**

ပွဲစီစဉ်တဲ့သူတွေဘက်ကလည်း သူတို့ အသိစိတ်ဓာတ်လေးတွေနဲ့ပေါ့။ အခုလည်း တရားဝင် နိုင်ငံတော်က ကြေညာထားပြီးပြီဖြစ်တဲ့အတွက်ကြောင့် ပွဲအကြီးပဲဖြစ်ဖြစ်၊ ပွဲအသေးပဲဖြစ်ဖြစ် ခဏလောက်တော့ အောင့်အည်းသည်းခံပြီးတော့ ပယ်ဖျက်ပေးစေချင်တယ်။

**လက်ာရည်ကျော်**

ကောင်းပါတယ်။ ကိုဖိုးချစ်ပြောတာရော၊ ဖြူဖြူပြောတာရော၊ ဆရာပြောတာရော နားထောင်ပြီး ကျွန်တော်က ဟိုဘက်ရော ဒီဘက်ရော လက်ရှိဝန်ထမ်းလည်း လုပ်နေတုန်း ဆရာဝန်ဆိုတော့လေ။ ကျွန်တော် သုံးခုလောက် ပြောချင်ပါတယ်။ ဆရာကောင်းကောင်းမှတ်မိပါတယ်။ ဆရာ အဲဒီတုန်းက ရှိသေးတယ်။ ဆရာကြီး ဦးမြဦးတို့ ဒုတိယဝန်ကြီးလုပ်စဉ်အခါတုန်းက SARS ဖြစ်တော့ ကျွန်တော်တို့ တုံ့ပြန်တာကို နည်းနည်းကြမ်းတယ်လို့ မြင်တဲ့သူတွေရှိတယ်။ ကျွန်တော်တို့က အများကြီးလုပ်တယ်။ ကျွန်တော်တို့က သူများနိုင်ငံတွေထက်ကို နည်းနည်းပိုလုပ်တယ်။ ဘာလို့လဲဆိုတော့ ကိုယ့်နိုင်ငံရဲ့ Community အနေအထားကို ကျွန်တော်တို့ သိတယ်။ ကိုယ့်နိုင်ငံရဲ့ Community အနေအထားက ဝင်လိုက်ရင်မလွယ်ဘူး။ ဝင်လိုက်ရင် ထိန်းရတာ ပြင်သစ်နဲ့ မတူဘူး။ အီတလီနဲ့ မတူဘူး။ ကျွန်တော်တို့က Spread လုပ်တဲ့ဟာ တအားမြန်တယ်ဆိုတာ သိတော့ တချို့လူကြီးတွေ ခေါ်မေးတာတွေ တောင် ဆရာကြီးသွားရှင်းရတာရှိဖူးတယ်။ Respond လုပ်တာ နည်းနည်းမြန်တယ်။ အဲဒီမြန်ရတဲ့အကြောင်းရင်းက ဘာလို့လဲဆိုတော့ ကျွန်တော်တို့သိတယ် ။ ဒီကိစ္စရဲ့ပြဿနာက အဆုံးကျလို့ရှိရင် ထိရောက်မှုက ကျန်းမာရေးထက်ကို စာစာက လူမှုရေး၊ စီးပွားရေးကို ပိုထိခိုက်မယ်ဆိုတာသိတယ်။ ကိုဖိုးချစ်ပြောတဲ့အထဲမှာ အများကြီးပါနေပြီ။ လူမှုရေး၊ စီးပွားရေးအရက ထိခိုက်ပြီးနေပြီ။ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုတွေကစနေပြီ။ ကြာရင် ကြာသလို ဆိုးတော့မယ်။

ကျွန်တော်တို့က Hit Head လုပ်တာပေါ့ ဆရာရယ်။ တကယ်တော့ မြန်မြန်နဲ့ ခပ်ကြမ်းကြမ်း တုံ့ပြန်ရတာပေါ့။ လုပ်ရတဲ့အပိုင်းလေးတွေရှိတယ်။ ရှိတဲ့အကြောင်းရင်းက ဘာလို့လဲဆိုတော့ ကျွန်တော်တို့က မြန်မြန်ဖြတ်ချချင်တာပေါ့။ ကိုဖိုးချစ်တို့၊ ဖြူဖြူတို့ စိတ်ပူတာ ဒါကြီးက ဘယ်လောက်ကြာဦးမှာလဲဆိုတာ။ SARS တုန်းက မကြာခဲ့ဘူး။ SARS တုန်းက ဘာလို့မကြာခဲ့လဲဆိုတော့ ကျွန်တော်တို့ ခပ်ကြမ်းကြမ်း မြန်မြန်ဆန်ဆန် တုံ့ပြန်လိုက်တဲ့အခါကျတော့ Chain ကို အစောကြီးဖြတ်လိုက်လို့ရတယ်။

Chain ကို အစောကြီးဖြတ်လိုက်လို့ရရင် စောစောကပြောသလို ကိုဖိုးချစ်တို့ အောက်ခြေက ခံစားနေရတဲ့ ဇာတ်သဘင်လောကသားတွေရော အဲဒီဇာတ်သဘင်လောကသားတွေ မှီခိုနေတဲ့ပြည်သူတွေရော ခံစားရတာ ဒီထက်အများကြီးတိုမယ်။ နောက်တစ်ပိုင်းက ဆရာစိတ်ပူတဲ့ ရွှေ့ပြောင်းနေတဲ့ မိသားစုတွေ။ ကျန်းမာရေးလောကမှာ အမြဲတမ်း အဲဒါအင်မတန်ကြီးမားသော စိန်ခေါ်မှုပဲ။ ဖြူဖြူတို့ ကောင်းကောင်းမှတ်မိလိမ့်မယ်။ ပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဆရာတို့ ဒီ Minor Operate လေးတွေ အများကြီးတွေ့တယ်။ ဝက်သက်ကိစ္စဖြစ်တယ်။ ကာကွယ်ဆေးထိုးမထားတဲ့အတွက် ကာကွယ်ဆေးထိုးမထားတဲ့ ကလေးတွေ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတို့ဆီမှာ စာရင်းပျောက်နေတယ်။ ဘာလို့စာရင်းပျောက်လဲဆိုတော့ ရပ်ကွက်သန်းခေါင်စာရင်းထဲမဝင်ဘူး။ အခု ကျွန်တော် စိတ်ပူနေပြီ။ ဘာလို့လဲဆိုတော့ ထိုင်းမှာ စက်ရုံတွေပိတ်တယ်။ ထိုင်းမှာ စက်ရုံတွေပိတ်တော့ မွန်ပြည်နယ်ကနေပြီးတော့ ထိုင်းကို ရောက်နေတဲ့သူတွေအများကြီးပဲ။ အများကြီးပဲ သူတို့ပြန်ဝင်လာမယ်။ သူတို့ပြန်ဝင်လာရင် သူတို့ကလေးတွေ ပါလာမယ်။ သူတို့ကလေးတွေ နေမကောင်းရင် သူတို့ဟာ သူတို့နောက်မှ Positive ဖြစ်ချင်ဖြစ်၊ Negative ဖြစ်ချင်ဖြစ် လောလောဆယ် ဆေးရုံမှာ ဝုန်းခနဲဝန်ပိသွားမယ် ။

ရွှေ့ပြောင်းနေတဲ့ မိသားစုတွေက အမြဲတမ်းစိန်ခေါ်မှုရှိတယ်။ ကိုဖိုးချစ်တို့က ဒါက အခု တစ်ခါ နှစ်ခါ တွေ့တာမဟုတ်ဘူး။ ရွှေ့ပြောင်းနေတဲ့ မိသားစုတွေက အမြဲတမ်းကြီး ရှိနေတာပေါ့။ အမြဲတမ်းကြီးရှိနေတော့ ဒီပြဿနာကို ဘယ်လိုရှင်းမလဲဆိုတဲ့ မေးခွန်းက ဒါတော်တော်ဖြေရခက်တဲ့ မေးခွန်းပေါ့။ ချက်ချင်းအဖြေရှာလို့ရတဲ့ မေးခွန်းမဟုတ်ဘူး။ ဒါပေမယ့် စောစောကပြောသလို ဆေးအကာအကွယ် ဘယ်လောက်ပေးနိုင်မလဲဆိုတာ ဆရာသန်းနိုင်စိုးတို့ဘက်က ကန့်သတ်ချက်တွေကို ပြောတာ။ အဲဒီတော့ ကျွန်တော့်တပည့်တွေ၊ များသောအားဖြင့် ဆရာတို့ အဲဒီအတွက်ခေါ်ရင် ဆေးရုံကပဲခေါ်တာပါ။ ဆေးရုံကနေ ကျွန်တော်တို့ အချိုးအစားနဲ့ ပြန်ခွဲလွှတ်တယ်။ ကျွန်တော့်တပည့်တွေကိုပြန်လာရင် ကျွန်တော်အင်တာဗျူးတယ်။ သူတို့ကို မေးကြည့်တယ်။ သိပ်အကျိုးမရှိဘူး။ အကျိုးမရှိဘူးဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က အရင်တုန်းကနဲ့စာရင် Health Facility က တော်တော်များသွားပြီ။ တော်တော်များသွားပြီဆိုတာလေ Standard တော့ မမီသေးဘူး။ ကျွန်တော်တို့ ရှိစေချင်သလောက် မရှိသေးဘူး။

ဒါပေမယ့် ကျွန်တော်တို့ငယ်ငယ် အလုပ်စလုပ်တုန်းကထက်စာရင် Health Facility တွေက နေရာတိုင်းနီးနီး ရှိနေပြီ။ ရှိနေပြီဆိုတော့ တော်တော်လေး နီးနီးဖြစ်ပြီ။ အခုတစ်ကမ္ဘာလုံးဖြစ်တော့မှပဲ နည်းနည်းရိပ်မိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ Health Care System က သိပ်မဆိုးပါလား။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အခမဲ့ကုသပေးနိုင်တာက အားလုံးမဟုတ်ပေမယ့် တော်တော်ရှိတယ်။ အထူးသဖြင့် စောစောကပြောသလို အခြေခံလူတန်းစား နေမကောင်းဖြစ်လာပြီဆိုရင် Health Facility အထိရောက်အောင် သွားဖို့လေး ကိစ္စလေးတစ်ခုပဲရှိတယ်။ အဲဒီ Health Facility လေး တစ်ခုဆီကို ရောက်အောင်သွားနိုင်ပြီးလို့ရှိရင် ဟိုကပေးနိုင်တဲ့ ဝန်ဆောင်မှုက လုံလောက်တယ်လို့ ကျွန်တော်က ပြောတာမဟုတ်ပေမယ့် ကျွန်တော်တို့ ငယ်ငယ်ကထက်စာရင် အများကြီးကို တိုးတက်လာပါတယ်။ ဒါပေမယ့် ဟိုမှာသွားပြီးတော့ Health Care Facility ကို ကျွန်တော်တို့က ဒီမှာ Already Stress ပေါ့နော်၊ ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီးသား ဆေးရုံကနေ ထုတ်ပေးပြီးတော့ ဟိုဘက်မှာ သွားထားလိုက်တော့ ဟိုဘက်မှာရတဲ့ ထိရောက်မှုက ဘယ်လောက်ကြီးသလဲဆိုတာ ပြန်လာတဲ့ ကလေးတွေကို မေးကြည့်တဲ့အခါကျတော့ သိပ်မကြီးဘူး။

ပြောရင်တော့ ကိုယ့်နိုင်ငံက ကျန်းမာရေးကုသမှု ကောင်းတယ်ပြောရင် ကျွန်တော်က လက်ရှိဝန်ထမ်းဆရာဝန်ဖြစ်တဲ့အတွက်ကြောင့် ပြောတယ်လို့ပဲ ပြောကြတာပါပဲ။ ဒါပေမယ့်လို့ အခုတော့ ကျွန်တော်တို့ နည်းနည်းတော့ သက်သေပြနိုင်ပါပြီ။ ကျွန်တော်တို့ နိုင်ငံက ဒီ Outbreak ကြီးကို ရင်ဆိုင်တဲ့အခါမှာ သိပ်တော့ အပြောမကြီးချင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ စောနေသေးတယ်။ ဒါပေမယ့် ကျွန်တော်အကောင်းဆုံး မျှော်လင့်ထားတာကတော့ မကြာခင်ဖြတ်နိုင်လိမ့်မယ်လို့ ယူဆတယ်။ မကြာခင်ဖြတ်နိုင်ရင်တော့ စောစောက ဖြူဖြူတို့၊ ကိုဖိုးချစ်တို့ ဆွေးနွေးနေတဲ့ ကျွန်တော်တို့ အင်မတန်စိုးရိမ်တဲ့ နောက်ဆက်တွဲပေါ့။ Mortality သည် ၃ ရာခိုင်နှုန်းပဲရှိတယ်။ သဘောကတော့ ရောဂါဖြစ်ရင် သေနှုန်း ၃ ရာခိုင်နှုန်းပဲ ရှိတယ်။ ၃ ရာခိုင်နှုန်းပဲရှိတယ်ဆိုတော့ လူအများကြီးသေဖို့ မျှော်လင့်မထားဘူး။

အခုလောလောဆယ်မှာ ကျွန်တော်တို့ လုပ်နိုင်တာ တစ်ခုတည်းရှိတယ်။ စောစောက ပြောသလို Respond မြန်မြန်လုပ်ချလိုက်။ ခပ်ကြမ်းကြမ်းလုပ်ချလိုက်။ မြန်မြန်ပိတ်ချလိုက်။အခုလည်းလေဆိပ်ကို ရုတ်တရက်ကြီးပိတ်ချလိုက်ရတယ်။

**မင်းသား ဖိုးချစ်**

ကျွန်တော်တို့ဆီမှာ ပြည်သူလူထုတော်တော်များများမှာ ကျန်းမာရေးအသိ အားနည်းတယ်။ ကျွန်တော်အပြစ်ပြောတာ မဟုတ်ပါဘူး။ အခု ဒီမီဒီယာနဲ့ စကားဝိုင်းတွေလုပ်တာ သိပ်ကောင်းတယ်။ ကျွန်တော်တို့ အနုပညာရှင်တွေရော တခြားသူ တွေရော အခုအချိန်မှာ လူစုနဲ့ပြောလို့မရတဲ့ အနေအထားမျိုးမှာ Online Media ကို ကောင်းကောင်းအသုံးချပြီးတော့ ဖြန့်နိုင်ဖို့လိုတယ်။ ကျွန်တော်တို့ဆီကမြင်ရမှ ကြောက်တာပါ။ ဒီအကင်စားလို့ ကင်ဆာဖြစ်မယ်ဆိုရင် သူတို့က ကင်ဆာကိုမမြင်ရလို့ မကြောက်ဘူး စားတယ်။ အခု ဘတ်စ်ကားတွေမှာဆိုရင်လည်း တိုးဝှေ့နေတာပဲ။ သွားနေတာပဲ။ ဆိုလိုတာက ကျွန်တော်တို့ဆီမှာ အပ်တစ်ချောင်းလောက်နဲ့လာလို့ ထိုးမယ်ဆိုရင် နာရင် နောက်ဆုတ်မယ်။ မင်းအဲဒါ ဗိုင်းရပ်စ်နော်လို့ပြောရင် မကြောက်သေးဘူး။ ကျွန်တော်တို့မှာ အဲဒီဟာက နည်းနည်းလေးပေါ့နော်၊ အသိပညာပေး အခု မီဒီယာကို တော်တော်အသုံးချဖို့ လိုမယ်လို့ မြင်တယ်။

**ဒေါက်တာခင်မောင်လွင်**

အဓိကပိုးတွေကို မကူးစက်အောင် ရပ်ဖို့ပဲ။ ရပ်တဲ့နေရာမှာက ကိုယ့်ကိုယ်ထဲကို မဝင်အောင် ရပ်တဲ့နည်းရှိတယ်။ အများကို မကူးအောင် ရပ်တဲ့နည်းလည်းရှိတယ်။ ဘာပဲဖြစ်ဖြစ် ဒီရဲ့ ထိခိုက်မှုသည် ပိုးဝင်လာသည်ဖြစ်စေ၊ မဝင်လာသည်ဖြစ်စေ၊ ထိခိုက်နေပြီဆိုတာ ဆရာတို့ဆွေးနွေးတဲ့အထဲမှာပါတယ်။ ပိုးဝင်လာသည်ဖြစ်စေ၊ မဝင်လာသည်ဖြစ်စေ၊ ပြည်သူလူထုကို ကာကွယ်နေတယ်၊နိုင်ငံတော်အစိုးရကလည်း ဒါလည်း မြင်တယ်။ တစ်ခါ ပိုးဝင်လာသည်ဖြစ်စေ၊ မဝင်လာသည် ဖြစ်စေ၊ ကိုယ့်ဘဝရဲ့ရပ်တည်ချက်ကို ဖျက်ပြီးတော့ ပြည်သူတွေရဲ့ ကျန်းမာရေးအသက်ရှည်ဖို့အတွက် ဆောင်ရွက်နေတဲ့ အနုပညာရှင်တွေလည်းရှိတယ်လို့ ဒီလိုသုံးသပ်ပြီးတော့ ဒီဆွေးနွေးခန်းလေးကို ရပ်ကြရအောင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

**မှတ်တမ်း - သီတာဌေး (ပြန်/ဆက်)**

**ဓာတ်ပုံ- ရဲသူရအောင် (ပြန်/ဆက်)**

# ကိုရိုနာဝဲဂယက်အတွင်းက စီးရီးအေနဲ့ လာလီဂါ

ဝေမိုးဆက်

**ကိုရိုနာဗိုင်းရပ်စ်ကတော့ ကမ္ဘာ့ဘောလုံးလောကတစ်ခုလုံးကို အတော်လေးဖရိုဖရဲနိုင်သွားစေတယ်။ အမှတ်ပေးပြိုင်ပွဲတွေအပြင် ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေကိုပါ ဘယ်အချိန်မှာ ပြန်လည်စတင်နိုင်မယ်ဆိုတာ အခုအထိ တိတိကျကျဘယ်သူမှမပြောနိုင်သေးသလို ယူရို ၂၀၂၀ နဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲတွေတောင်မှ တစ်နှစ်တိတိနောက်ဆုတ်ကျင်းပဖို့ ရွှေ့ဆိုင်းလိုက်ရတဲ့အထိ ကိုရိုနာဗိုင်းရပ်စ်က ကမ္ဘာ့ဘောလုံးလောက တစ်ခုလုံးကို ဖရိုဖရဲ နိုင်သွားစေတယ်။**

ပြောရမယ်ဆိုရင် ယူရိုပါလိဂ်နဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွေကို လာမယ့် ဇွန် ၂၄ ရက်နဲ့ ၂၇ ရက်တွေမှာ ကျင်းပမယ်လို့ သတင်းတွေထွက်နေပေမယ့် ယူအီးအက်ဖ်အေကတော့ အဆိုပါပြိုင်ပွဲတွေနဲ့ ပတ်သက်ပြီး တိကျတဲ့သတင်းတစ်ရပ်ကို ထုတ်ဖော်ကြေညာခြင်း မရှိသေးသလို ပရီမီယာလိဂ်ဆိုရင်လည်း ဧပြီလကုန်အထိပွဲတွေကို ရပ်နားထားလိုက်တယ်။ အီတလီ၊ ဘွန်ဒက်စ်လီဂါ၊ လာလီဂါတို့လို ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲကြီးတွေအနေနဲ့လည်း ဘယ်အချိန်မှာ ပြန်လည်စတင်နိုင်မယ်ဆိုတာကို တိတိကျကျမသိရသေးတဲ့အပြင် ပြိုင်ပွဲတွေကို ဖျက်သိမ်းလိုက်ရမယ့် အခြေအနေတွေမျိုးတောင်ရှိနေတယ်။

## အီတလီနဲ့စပိန်

အဆိုးဆုံးကတော့ ဥရောပမှာဆိုရင် အီတလီနဲ့ စပိန်ပဲ။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုအခြေအနေမှာ တရုတ်ပြင်ပနိုင်ငံတွေအနက် အီတလီကအဆိုးဆုံးဖြစ်သလို စပိန်ကလည်း အီတလီ ပြီးရင် ဥရောပမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ဒုတိယအများဆုံးနိုင်ငံအဖြစ်တောင် တည်ရှိနေတယ်။ ဒါကြောင့်လည်း အများစုက အင်္ဂလန်ပရီမီယာလိဂ်၊ ဂျာမနီဘွန်ဒက်စ်လီဂါပြိုင်ပွဲတွေထက် အီတလီစီးရီးအေနဲ့ စပိန်လာလီဂါပြိုင်ပွဲတွေအပေါ် ပိုမိုအာရုံစိုက်နေကြပြီး အဆိုပါ အီတလီစီးရီးအေနဲ့ လာလီဂါပြိုင်ပွဲကြီးတွေကို ဒီနှစ်အပြီးတိုင် ဖျက်သိမ်းလိုက်ရမယ့်အခြေအနေမျိုးဖြစ်လာမှာကို စိုးရိမ်နေကြရတယ်။

အမှန်တကယ်လည်း ဒီနှစ်အီတလီစီးရီးအေပြိုင်ပွဲနဲ့ လာလီဂါပြိုင်ပွဲတွေကို ဖျက်သိမ်းသွားနိုင်လောက်တဲ့ အခြေအနေမျိုးတွေကလည်း အဆိုပါဒေသနှစ်ခုစလုံးမှာ ဖြစ်တည်နေတာ အထင်အရှားပါပဲ။ ဆိုခဲ့ပြီးတဲ့အတိုင်း ဒီဒေသနှစ်ခုစလုံးဟာ ဥရောပမှာတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအမြင့်ဆုံး နှစ်နိုင်ငံဖြစ်သလို ဒီလို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတဲ့အထဲမှာ သက်ဆိုင်ရာလိဂ်တွေက ဘောလုံးသမားတွေတောင်မှ ပါဝင်မှုပိုမိုများများလာလာနေတယ်။

အီတလီမှာဆိုရင် ဆမ်ဒိုးရီးယား၊ ဖီအိုရင်တီးနား၊ ဂျူဗင်တပ်စ်အသင်းတွေက ကစားသမားတွေ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသလို စပိန်မှာလည်း ဗလင်စီယာအသင်းရဲ့ကစားသမားတွေ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရတယ်။ ဒီလိုအခြေအနေတွေကြောင့်ပဲ အီတလီစီးရီးအေနဲ့ လာလီဂါပြိုင်ပွဲတွေဟာပြန်လည်စတင်နိုင်ဖို့ အခက်အခဲတွေနဲ့ရင် ဆိုင်နေရတဲ့အပြင် ဖျက်သိမ်းလိုက်ရမယ့် အခြေအနေမျိုးတွေတောင်ဖြစ်နေရပါတယ်။ အခုဆိုရင် မာလ်ဒီနီတို့သားအဖလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရပါပြီ။ စပိန်မှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရီးရဲဥက္ကဋ္ဌဟောင်း လော်ရန်ဇို ဆန့်ဇ်လည်း အသက်ဆုံးရှုံးသွားရပြီ။

ပြောရမယ်ဆိုရင်တော့ ယူအီးအက်ဖ်အေအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအပါအဝင် လိဂ်ပြိုင်ပွဲအားလုံးကို လာမယ့်ဇွန်လ ၃၀ ရက်နေ့မှာ အပြီးသတ် ကျင်းပနိုင်ဖို့ ဆန္ဒရှိနေခဲ့တာ မှန်ပေမယ့်လည်း အဆိုပါဆန္ဒအတိုင်း လာလီဂါပြိုင်ပွဲကို ဇွန် ၃၀ ရက်အပြီး ကျင်းပနိုင်ဖို့ဆိုတာ အခက်အခဲရှိနေပါတယ်လို့တောင် စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီလက်စ်ကတောင်ပြောသွားခဲ့ပါတယ်။ ရူဘီလက်စ်က ၂၀၁၉-၂၀၂၀ ရာသီကိုအရင်အစီအစဉ်အတိုင်း အပြီးသတ်အောင် ကစားမှာပါ။

အပြောင်းအလဲမရှိပါဘူးလို့ပြောဆိုခဲ့ပေမယ့် အခြေအနေတွေကတော့ မမျှော်လင့်ထားသလိုမျိုးတွေလည်း ဖြစ်လာနိုင်ပါတယ်။ ပြိုင်ပွဲကို ဇွန် ၃၀ ရက်မတိုင်ခင် အပြီးသတ်နိုင်မယ်လို့လည်း အာမခံချက်မပေးနိုင်ပါဘူးလို့ ထပ်မံပြောဆိုခဲ့တာကြောင့် စပိန်လာလီဂါ ပြိုင်ပွဲပြန်လည်စတင်နိုင်မှုအပေါ် အားလုံးက ပိုမိုသံသယဖြစ်ကုန်ကြပါတယ်။

ဒါ့အပြင် စပိန်အောက်တန်းလိဂ်ပြိုင်ပွဲတွေဖြစ်တဲ့ ဆီဂန်ဒါဘီနဲ့ တာဆီရာလိဂ်ပြိုင်ပွဲတွေရဲ့ဥက္ကဋ္ဌ ဟိုဆေးလ် အိန်ဂျယ်ပီရက်ဇ်ကလည်း အခြေအနေတွေကို ထိန်းချုပ်နိုင်ဖို့ ဝန်ကြီးတွေက အချိန်သုံးလလောက်ကြာနိုင်တယ်လို့ ပြောသလို အဆိုပါအချိန်ဟာလည်းလုံလောက်မှုရှိရဲ့လားဆိုတာကိုပါ စောင့်ကြည့်ရဦးမယ်လို့ ပြောလာပြန်ခဲ့တဲ့အတွက် စပိန်ဘောလုံးလောက ပြန်လည်စတင်နိုင်ဖို့အတွက် သံသယတွေပိုမို ကြီးထွားလာရပါတယ်။

## မှုန်ဝါးလာတဲ့ဘောလုံးလောက

ဒါ့အပြင် လက်ရှိအချိန်မှာလည်း အီတလီနိုင်ငံအတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကိုထိန်းချုပ်နိုင်ခြင်းမရှိသေးတဲ့အပြင် ပြန့်ပွားမှုနှုန်းကတောင် ပိုမိုမြင့်မားလာနေကာ အခုဆိုရင် ဂျူဗင်တပ်စ်အသင်းရဲ့ကွင်းလယ်ကစားသမား မာတူဒီတောင်မှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရပြီဆိုတဲ့ သတင်းတွေ ထွက်လာသလို အီတလီမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးဦးရေဟာလည်း ပိုမိုမြင့်တက်နေတာကြောင့် အီတလီဘောလုံးလောက ပြန်လည်စတင်နိုင်ရေးဟာလည်း သံသယတွေဖြစ်တည်နေရပါတယ်။

တကယ်တော့ ဒီလိုအခြေအနေတွေဟာ စီးရီးအေအတွက်ရော လာလီဂါအတွက်ပါ ကောင်းတဲ့အခြေအနေတွေတော့ မဟုတ်ပါဘူး။ လာလီဂါပြိုင်ပွဲနဲ့ အောက်တန်းလိဂ်ဖြစ်တဲ့ ဆီဂန်ဒါပြိုင်ပွဲတွေဟာ ပြိုင်ပွဲပြီးဆုံးဖို့ ၁၁ ပွဲအလိုမှာ ရပ်နားခဲ့ရတာဖြစ်ပြီး တကယ်လို့ စပိန်ဘောလုံးလောကသာ ပြန်လည်မစတင်နိုင်ရင် လာလီဂါနဲ့ ဆီဂန်ဒါပြိုင်ပွဲနှစ်ရပ်ဟာ ကျန်နေသေးတဲ့ ပွဲစဉ် ၁၁ခုစီအတွက် ယူရို ၄၉၄ သန်းဝန်းကျင်ဆုံးရှုံးနစ်နာရနိုင်သလို ကွင်းဝင်ကြေးတွေအနေလည်း ယူရို ၂၈ ဒသမ ၃ သန်းလောက် ဆုံးရှုံးနိုင်ကာ တစ်ရာသီစာအတွက် လက်မှတ်ရောင်းချထားရမှုတွေကနေလည်း ယူရို ၇၈ ဒသမ ၁ သန်းလောက်နစ်နာသွားနိုင်ပါတယ်။

ဒါကြောင့် အမှန်တကယ်သာ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို မထိန်းချုပ်နိုင်လို့ လာလီဂါနဲ့ ဆီဂန်ဒါပြိုင်ပွဲတွေကို ရပ်ဆိုင်းလိုက်ရရင် စပိန်ဘောလုံးလောကအနေနဲ့ စုစုပေါင်းယူရိုသန်း ၇၀၀ လောက်အထိ ဆုံးရှုံးနစ်နာမှုတွေဖြစ်သွားနိုင်သလို အီတလီစီးရီးအေအနေနဲ့လည်း အလားတူနစ်နာဆုံးရှုံးမှုတွေဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း အီတလီဘောလုံးအဖွဲ့ချုပ်နဲ့ စပိန်ဘောလုံးအဖွဲ့ချုပ်တို့ရဲ့ တာဝန်ရှိသူတွေအနေနဲ့ လိဂ်ပြိုင်ပွဲတွေကို ပြန်လည်စတင်နိုင်ဖို့ အမျိုးမျိုးကြံဆနေကြပေမယ့်လည်း ထိရောက်တဲ့ဆုံးဖြတ်ချက်မျိုး မချမှတ်နိုင်သေးတာကြောင့် အီတလီစီးရီးအေနဲ့ လာလီဂါပြိုင်ပွဲတွေဟာ ကိုရိုနာဗိုင်းရပ်စ်ဝဲဂယက်အတွင်း မှုန်ဝါးစပြုနေတယ်လို့ပဲ ဆိုချင်မိပါတယ်။ ။






## ဘာစီလိုနာကစားသမားများအား လုပ်ခငွေ လျှော့ယူရန် အသင်းတာဝန်ရှိသူများ ကမ်းလှမ်းဖွယ်ရှိ

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုများ ဖြစ်ပွားနေစဉ်ကာလအတွင်း ဘာစီလိုနာအသင်းကစားသမားများအား လုပ်ခ လစာငွေကို ၇၀ ရာခိုင်နှုန်းအထိ လျှော့ယူရန် ဘာစီလိုနာအသင်းတာဝန်ရှိသူများက တောင်းဆိုထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုများကြောင့် ဘောလုံးပွဲများ ရပ်ဆိုင်းထားရသည့်အတွက် ဘာစီလိုနာအသင်းသည် ယူရိုသန်း ၆၀ အထိ ဆုံးရှုံးနစ်နာရဖွယ်ရှိနေပြီး အသင်းမှ ကစားသမားများအနေဖြင့် အသင်း၏ ဘဏ္ဍာရေးအခြေအနေကို သိရှိနားလည်ထားကြောင်း၊ သို့သော်လည်း လက်ရှိအချိန်တွင်မူ လုပ်ခလစာငွေ လျှော့ချရယူရေးနှင့်ပတ်သက်၍ သဘောတူညီမှု တစ်စုံတစ်ရာ ရရှိမှုမရှိသေးကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဘာစီလိုနာအသင်း ကစားသမားများအကြားတွင် လုပ်ခလစာငွေ လျှော့ယူရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများရှိနေကာ ကစားသမားအချို့သည် လုပ်ခငွေလျှော့ယူရေးကို ဆန့်ကျင်လျက်ရှိသော်လည်း အချို့ကမူ လက်ရှိဖြစ်ပွားနေသည့်အခြေအနေများအရ လုပ်ခငွေလျှော့ယူရေးကို လက်ခံသင့်သည်ဟု ယူဆထားကြသည်ဟု ဆိုသည်။ ဘာစီလိုနာအသင်းကစားသမားများအနက်မှ အချို့သည် လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ကုသရေးအတွက် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။

ဘာစီလိုနာအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သူ မက်ဆီသည် ကိုရိုနာဗိုင်းရပ်စ်ကုသရေးအတွက် ယူရိုတစ်သန်း လှူဒါန်းခဲ့ကာ ဘာစီလိုနာအသင်းဂိုးသမား တာစတီဂန်သည်လည်း အရေးပေါ်ကူညီမှုများ ပြုလုပ်ရန်အတွက် ယူရို ၂ ဒသမ ၅ သန်း လှူဒါန်းထားပြီးဖြစ်သည်ဟုဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် စပိန်လာလီဂါပြိုင်ပွဲကို လာမည့် ဧပြီ ၄ ရက် အထိ ရပ်ဆိုင်းထားသည်။

ဘာစီလိုနာအသင်းတာဝန်ရှိသူများသည် ကစားသမားများအား ၎င်းတို့၏ နေအိမ်များတွင် နေထိုင်ရန် ကန့်သတ်မှုပြုလုပ်ထားသည့်အချိန်များအတွင်း လုပ်ခငွေအား ၇၀ ရာခိုင်နှုန်းလျှော့ချ ပေးသွားရန်နှင့် ယခုနှစ် စပိန်လာလီဂါပြိုင်ပွဲအား ပြီးဆုံးသည်အထိ ကျင်းပနိုင်ခြင်းမရှိခဲ့သည့်တိုင် နေအိမ်တွင် နေထိုင်ရန်ကန့်သတ်ကာလ ပြီးဆုံးချိန်တွင် မူလအတိုင်း လုပ်ခငွေများအား ရာနှုန်းပြည့် ပြန်လည်ပေးချေသွားရန် လိုလားနေသည်ဟု ဆိုသည်။

ထက်အောင်

## စမောလင်းအား ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စားလာ

အာဆင်နယ်အသင်းသည် မန်ယူအသင်း ဗဟိုခံစစ်မှူး စမောလင်းအား ခေါ်ယူရန် ဆက်သွယ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်္ဂလန်ကစားသမား စမောလင်းသည် ပြီးခဲ့သည့် နွေရာသီအတွင်းတွင် မန်ယူအသင်းမှ အီတလီကလပ် ရိုးမားအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်သည်။ ရိုးမားအသင်းတွင် ခံစစ်မှူး စမောလင်း ခြေစွမ်းပြကစားနိုင်မှုများကြောင့် ရိုးမားအသင်းတာဝန်ရှိသူများကလည်း လာမည့် နွေရာသီအတွင်းတွင် စမောလင်းအား အပြီးသတ်ဝယ်ယူရန် လိုလားလျက်ရှိသည်။

အာဆင်နယ်အသင်းသည် အသက်၃၀ နှစ်အရွယ်ရှိ ခံစစ်မှူး စမောလင်းအား ခေါ်ယူရေးအတွက် မန်ယူအသင်းထံသို့ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၂၀ ပေးချေသွားရန် ဆန္ဒရှိနေသော်လည်း မန်ယူအသင်းကမူ စမောလင်း၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၂၅ သန်း ရရှိရန် မျှော်လင့်လျက်ရှိသည်။

ဗဟိုခံစစ်မှူး စမောလင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရိုးမားအသင်းအတွက် စုစုပေါင်း ၂၈ ပွဲ ပါဝင်ကစားထားကာ နှစ်ဂိုးသွင်းယူထားသူဖြစ်သည်။

အခြားသတင်းတစ်ပုဒ်အရ မန်ယူအသင်းအနေဖြင့် နာပိုလီအသင်းမှ ဆီနီဂေါ်ဗဟိုခံစစ်မှူး ကိုယူလီဘာလီ (၂၈ နှစ်) အား ခေါ်ယူနိုင်ခဲ့ပါက စမောလင်း၏ ပြောင်းရွှေ့ကြေးအား လျှော့ချတောင်းဆိုသွားဖွယ်ရှိသည်ဟုဆိုသည်။ မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီ ဈေးကွက်ကာလအတွင်းတွင် ဗဟိုခံစစ်မှူး ကိုယူလီဘာလီအား ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကြိုးစားခဲ့ဖူးသည့်အသင်းဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်တွင်လည်း ကိုယူလီဘာလီအား ခေါ်ယူရေးကို ထပ်မံကြိုးစားရန် ပစ်မှတ်ထားနေသည့်အသင်း ဖြစ်သည်။

ထက်အောင်

## မြန်မာ့ရုပ်မြင်သံကြား

၂၇. ၃. ၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – MRTV Travelogue "ရွှေသောင်ယံသို့ ခရီးသွားခြင်း" (အပိုင်း– ၇)
၈:၃၅ – "Covid –19 အသိပညာပေး ဆွေးနွေးပွဲ" (SPREAD WISDOM) (အပိုင်း– ၅)
၉:၃၀ – လူမှုဘဝနှင့် မျက်မှောက်ရေးရာ
၁၀:၃၀ – "ဂျပန်ခေတ်ဗမာ့တပ်မတော် သမိုင်းအကြောင်း"
၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၂၃)
၁၃:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရာပုံတော်" (အပိုင်း– ၃၄)

**ညပိုင်း**

၁၆:၃၅ – "ဆံရစ်ဝိုင်းတို့ ကွန်းခိုရာဌာနေ"
၁၇:၀၅ – ကျန်းမာရေးမဂ္ဂဇင်း "နို့ချိုတိုက်ကျွေး မေ့ရင်သွေး"
၁၇:၃၅ – Weekly Sports Info
၁၈:၃၀ – "တပ်မတော်နေ့ သန္နေတည်ရာအစ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဘဝ"
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– "Covid –19 အသိပညာပေး ဆွေးနွေးပွဲ" (SPREAD WISDOM) (အပိုင်း– ၆)
– မြန်မာ့ရုပ်ရှင် ရာပြည့်ဂုဏ်ပြုအစီအစဉ်
– မြန်မာဗီဒီယိုဇာတ်လမ်း "ဆယ်ကျော်သက်"

# မိုင်းဖြတ်၌ တောမီးမှတစ်ဆင့် နေအိမ် ၁၈ လုံး မီးလောင်မှုဖြစ်

**မိုင်းဖြတ် မတ် ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာအုပ်စု မက်မွန်ကျယ် (အောက်) ကျေးရွာတွင် မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က တောမီး လောင်ရာမှတစ်ဆင့် နေအိမ် ၁၈ လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မက်မွန်ကျယ်(အောက်)ကျေးရွာအနီး၌ တောမီးများလောင်နေ၍ သွားရောက်ငြိမ်းသတ်စဉ် ဦးကျမူး၏ နေအိမ်ပေါ်သို့ မီးပွားကျကာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ကြောင်း သတင်းအရ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးပြည့်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးခိုင်စိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ် ၁၈ လုံး၊ စပါး ၃၂၅ အိတ်၊ လယ်ထွန်စက်တစ်စီး၊ ဆိုင်ကယ်နှစ်စီး ပျက်စီးဆုံးရှုံးခဲ့သည်။

မီးဘေးသင့်ခဲ့သည့် မိသားစုများအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလှူရှင်များက ဆန်၊ ခေါက်ဆွဲခြောက်၊ ဆီ၊ ဆား၊ ငါးသေတ္တာနှင့် ရေသန့်များကို မီးဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)



နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးလောင်မှုဖြစ်သည့် နေအိမ်များကို ကူညီ ရှင်းလင်းပေးကြစဉ်။

## မလှိုင်မြို့နယ်၌ ကျန်းမာရေးစစ်ဆေးမှုခံယူရသည်ကို မကျေနပ်၍ ဆူပူနေသူအား တားမြစ်စဉ် ရန်ပြုတိုက်ခိုက်ခံရသဖြင့် အမျိုးသားတစ်ဦးဒဏ်ရာရ

**မလှိုင် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နှောကန်တိုက်နယ် သက္ကယ်ကျင်း ကျေးရွာတွင် တရုတ်နိုင်ငံမှ ပြန်လာသူ အမျိုးသားတစ်ဦး ကျန်းမာရေး စစ်ဆေးခံရခြင်းနှင့် ပတ်သက်ပြီး မကျေနပ်၍ နေအိမ်တွင် ဆူပူနေသဖြင့် သွားရောက်ထိန်းသိမ်းသော ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များအား ဓားနှင့် ခုတ်သဖြင့် လူတစ်ဦး ဒဏ်ရာရရှိခဲ့ ကြောင်း သိရသည်။

မလှိုင်မြို့နယ် သက္ကယ်ကျင်း ကျေးရွာတွင် မတ် ၂၅ ရက် ညနေ ၅ နာရီခန့်က နိုင်လင်း(၃၁ နှစ်)မှာ လွန်ခဲ့သော ငါးရက်ခန့်က တရုတ်နိုင်ငံ မှ ပြန်လာသဖြင့် ကျေးရွာကျန်းမာရေး မှူးက COVID – 19 ရောဂါပိုး ရှိ၊ မရှိ နံနက်ပိုင်း၌ သွားရောက်စစ်ဆေး ခဲ့ကြောင်း၊ ထိုသို့ စစ်ဆေးခံရခြင်းမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ စီမံမှုဖြင့် စစ်ဆေးခံရသည်ဟုဆိုကာ အော်ဟစ် ဆဲဆိုဆူပူနေသဖြင့် အုပ်ချုပ်ရေးမှူး ဦးမျိုးဆွေနှင့် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်း ခဲ့ကြောင်း၊ ထိုသို့သွားရောက်စဉ် နိုင်လင်း(၃၁ နှစ်)နှင့် ဇော်ဦး(၃၃နှစ်) တို့သည် ဓားများကိုင်ဆောင်၍ အုပ်ချုပ်ရေးမှူး ဦးမျိုးဆွေကို ရန်ပြု ရန် ပြေးလာရာ အုပ်ချုပ်ရေးမှူး နောက်မှ ပါလာသည့် ဦးဝင်းမောင်က ဝင်ရောက်တားမြစ်စဉ် နိုင်လင်းနှင့် ဇော်ဦးတို့က ရန်ပြုတိုက်ခိုက်သဖြင့် ဦးဝင်းမောင်တွင် ဒဏ်ရာများရရှိ ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်လင်း နှင့် ဇော်ဦးတို့ကို မလှိုင်မြို့နယ် နှောကန်ရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘိုဘို(မလှိုင်)


## ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ပြစ်ချက်ဟောင်းရှိသူနှစ်ဦးကို စစ်ဆေးရာမှ လုယက်မှုများ ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ တတိယပတ်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲစခန်းတွင် ဖွင့်လှစ်ထားသော အမှုမှ သန်းထွန်းအောင်(ခ)ထွန်းထွန်းနိုင်(ခ)မျောက်ကြီးနှင့် ဖိုးလပြည့်(ခ) ကြက်ရိုးတို့နှစ်ဦးကို အရှေ့ပိုင်းခရိုင်နယ်မြေအတွင်း ဖြစ်ပွားခဲ့သည့် ခိုးမှု၊ လုယက်မှုများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ အခြားလုယက်မှုများ ပေါ်ပေါက် ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတို့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့အတွင်း ဖုန်းအမျိုးမျိုး ရှစ်လုံးကို လုယူခဲ့ကြကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ၎င်းတို့နှစ်ဦး အား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား




## လှိုင်သာယာ၌ နိုင်ငံခြားသား ၃၁ ဦး တည်းခိုမှုကို သတင်းပို့တိုင်ကြားထားခြင်းမရှိ၍ ဟိုတယ်မန်နေဂျာအား အရေးယူ

**ရန်ကုန် မတ် ၂၆**

လှိုင်သာယာမြို့နယ်တွင် မတ် ၂၅ ရက် နံနက် ၁၀ နာရီက တရားမဝင်နိုင်ငံခြား သားများ လာရောက်နေထိုင်မှု ရှိ၊ မရှိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်၊ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဆိုင်ရာ (အရှေ့ ပိုင်း)နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ပူးပေါင်းအဖွဲ့က ဝင်ရောက် စစ်ဆေးရာ Golden Hlaing Thar Yar Hotel တွင် လာရောက်တည်းခို နေထိုင်သည့် နိုင်ငံခြားသား ၃၁ ဦး အတွက် သတင်းပို့တိုင်ကြားခြင်း မရှိသောကြောင့် ဟိုတယ်မန်နေဂျာ အား အရေးယူထားကြောင်း သိရ သည်။

အမှတ်(၆)ရပ်ကွက် ကျန်စစ်သား လမ်းမကြီးရှိ Golden Hlaing Thar Yar Hotel တွင် နိုင်ငံခြားသား အမျိုး သား ၂၉ ဦးနှင့် အမျိုးသမီးလေးဦးတို့ အနက် အမျိုးသားသုံးဦးသာ သတင်းပို့ တိုင်ကြားထားပြီး ကျန် ၃၁ ဦးမှာ တိုင်ကြားထားခြင်းမရှိခြင်း၊ အခန်း အမှတ် (၆၃၂၃)တွင် လာရောက် တည်းခိုသည့် တရုတ်နိုင်ငံသား Mr. Zhou Minguah တစ်ဦးနှင့် ရွှေပြည်သာတွင် နေထိုင်သူ မစု သက်ငယ်(၂၀နှစ်)တို့နှစ်ဦးအား တွေ့ရှိ ရ၍ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အမှတ်(၆)ရပ်ကွက် ပီမိုးနင်းသွယ်ရှိ Hlaing Thar Yar International Hotel တွင် နိုင်ငံခြား သား အမျိုးသား ၂၃ ဦး၊ အမျိုးသမီး သုံးဦး၊ ပေါင်း ၂၆ ဦးတွင် အမျိုးသား ရှစ်ဦးမှာ မြို့နယ်(လဝက)ရုံးသို့ တိုင်ကြားထားပြီး ကျန်အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီးသုံးဦးမှာ မတ် ၂၅ ရက်တွင် ရောက်ရှိလာသူများ ဖြစ်သောကြောင့် ၂၄ နာရီအတွင်း သတင်းပို့တိုင်ကြားရန် အသိပေး ထားပြီး စက်မှုဇုန်(၃) မင်းကြီး မဟာမင်းခေါင်လမ်းရှိ Eastern Myanmar Hotel တွင် တွေ့ရှိရသည့် နိုင်ငံခြားသား ၁၉ ဦးတို့မှာ အွန်လိုင်းမှ တစ်ဆင့် ပေးပို့တိုင်ကြားထားသူများ ဖြစ်ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့က လှိုင်သာယာ မြို့နယ်(အရှေ့ပိုင်း)အတွင်းရှိ ဟိုတယ် သုံးခုကို ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် စစ်ဆေးရာ၌ သတင်းပို့တိုင်ကြား ထားခြင်းမရှိသော Golden Hlaing Thar Yar Hotel မန်နေဂျာအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ အရေးယူဆောင်ရွက်ခြင်းဖြစ်သည်။

စက်မှုဇုန်ဧရိယာနှင့် ရပ်ကွက်၊ ကျေးရွာတို့၌ တည်းခိုခန်းများနှင့် ဟိုတယ်ကြီးများရှိရာ စက်ရုံမန်နေဂျာ၊ အိမ်ရှင်၊ ဟိုတယ်မန်နေဂျာတို့ မြို့နယ် (လဝက)ရုံးတွင် သတင်းပို့တိုင်ကြား ရမည်ဖြစ်ပြီး ယခုအချိန်သည် ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ် ရေးကို နိုင်ငံတော်မှ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ရာ၌ နိုင်ငံ ခြားသားများ တည်းခိုနေထိုင်မှုကို လည်း ပူးပေါင်းအဖွဲ့မှ စစ်ဆေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရ သည်။

၁၆၄

## သီပေါမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**


မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက သီပေါမြို့နယ် ဆွတ်လန်းကျေးရွာ အနီး မူဆယ်–မန္တလေးသွား ကားလမ်းတွင် စံအေး(ခ)အိုက်ပီး မောင်းနှင်လာ သည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၉၅ ပြား၊ ဘိန်းဖြူ ၀ ဒသမ ၀၂ ကီလို၊ မြန်မာငွေကျပ် ၆၉၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံး တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စံအေး(ခ)အိုက်ပီး(၃၅နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုတာ –

ပြင်းထန်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပြီး လူတွေကို ကူးစက်နိုင်တယ်။

COVID-19 က ၂၀၁၉ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်တွေ့ရှိခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ဖြစ်တယ်။




## ဘယ်လို ကူးစက်ခံရနိုင်လဲ –

- ရောဂါရှိသူနဲ့ အနီးကပ် ထိတွေ့ရင်
- ရောဂါခံစားနေရသူ နှာချေ၊ ချောင်းဆိုးရာက ထွက်လာတဲ့ ရောဂါပိုး အစက်အမှုန်တွေ အသက်ရှူလမ်းကြောင်းကို ဝင်ရောက်ရင်
- ရောဂါပိုး တင်ကျန်နေတဲ့ အရာဝတ္ထုတွေကို ကိုင်တွယ်ထားတဲ့လက်နဲ့ မိမိ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တွေကို ကိုင်တွယ်မိရာမှ တစ်ဆင့် ကူးနိုင်ပါတယ်။



## ရောဂါလက္ခဏာတွေက –


- အဖျားကြီးခြင်း
- ချောင်းခြောက် ဆိုးခြင်း
- အသက်ရှူရ ခက်ခြင်း
- အင်အားကုန်ခန်းခြင်း

(အကြောက်လွန်ပြီး ရောဂါလက္ခဏာ ဖုံးကွယ်ထားခြင်းကို ရှောင်ပါ။)




## ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ –

- ရောဂါရှိသူနဲ့ အနီးကပ် ထိတွေ့တာ ရှောင်
- လက်ကို စင်ကြယ်အောင် မကြာခဏဆေးပါ။
- လက်မဆေးဘဲ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တွေကို မကိုင်ပါနဲ့။
- အာဟာရပြည့်ဝအောင် စားပါ။ ကောင်းစွာ အိပ်စက်အနားယူပါ။
- လူထူထပ်တဲ့နေရာတွေကို ရှောင်ကြဉ်ပါ။



## မိမိ ဖျားနာရင် ဘာလုပ်သင့်လဲ –

- ဖျားနေရင် အိမ်ထဲမှာပဲ နေပါ။
- ကိုရိုနာဗိုင်းရပ်စ်ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပြီး ကုသမှုခံယူပါ။
- စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ



## ထိုင်းနိုင်ငံမှပြန်လာသူ လူငယ်ကိုးဦး မိမိအသိစိတ်ဖြင့် ပေါက်ခေါင်းပြည်သူ့ဆေးရုံ၌ ဆေးစစ်မှုခံယူ

**ပေါက်ခေါင်း မတ် ၂၆**

ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသော ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ရှားစေးဖိုကျေးရွာမှ လူငယ်ကိုးဦးသည် မိမိတို့၏ ကျန်းမာရေးအသိစိတ်ဖြင့် မိမိတို့တွင် COVID-19 ရောဂါလက္ခဏာရှိမရှိကို မတ် ၂၅ ရက်က ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသ၍ ဆေးစစ်မှုခံယူခဲ့ကြသည်။

အဆိုပါ လူငယ်ကိုးဦးသည် မတ် ၂၄ ရက်က မြဝတီမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပြီး နယ်စပ်ဂိတ်၌ စစ်ဆေးခံပြီးဖြစ်သော်လည်း ရွာသို့မပြန်မီ ကျန်းမာရေးအသိစိတ်ဖြင့် ပြည်သူ့ဆေးရုံသို့လာရောက်၍ ထပ်မံ စစ်ဆေးမှုခံယူခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုလက္ခဏာများရှိမရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာများ အသိပေးပြောကြားခြင်း၊ နေအိမ်များသို့ ပြန်လည်ရောက်ရှိပါက ၁၄ ရက် သီးခြားနေထိုင်ရန်နှင့် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ပေးရန်တို့ကို မှာကြားခဲ့ကြောင်း ပေါက်ခေါင်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာသိမ့်သိမ့်ထွန်းထံမှ သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

## မချမ်းဘော့မြို့၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး အသိပေးနှိုးဆော်

**မချမ်းဘော့ မတ် ၂၆**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက် လေးခုတွင် အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်မှုများ မတ် ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် ပြည်သူများ လိုက်နာရမည့်အချက်များနှင့် ဆောင်ရန်ရှောင်ရန်များ၊ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများရှိပါက ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အမြန်ဆုံး သတင်းပို့ပြီး ကျန်းမာရေးစစ်ဆေးမှု ခံယူရန် စသည့်အချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်း ဦးဆောင်သည့် တာဝန်ရှိသူများက လိုက်လံနှိုးဆော်ခဲ့ခြင်းဖြစ်သည်။ **ဖုန်ကန်(ပူတာအို)**

## ပခုက္ကူ၌ COVID-19 အတွက် ယာယီ နေရာပြင်ဆင်ထား

**ပခုက္ကူ မတ် ၂၆**

ပခုက္ကူမြို့နယ်၌ COVID-19 ရောဂါနှင့်ပတ်သက်၍ quarantine လုပ်ရန် လိုအပ်ပါက ထားရှိရန် ယာယီနေရာကို အမှတ်(၁)ရပ်ကွက် လေယာဉ်ကွင်းဟောင်းရှိ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၌ ပြင်ဆင်လျက်ရှိရာ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်နှင့် တာဝန်ရှိသူများက မတ် ၂၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၌ အခန်းများပြင်ဆင်ထားရှိမှု၊ ရေ၊ မီး ရရှိရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးက လုံခြုံရေး၊ ကျန်းမာရေးနှင့် စားသောက်ရေး ကိစ္စများနှင့်ပတ်သက်သည့် လိုအပ်ချက်များအတွက် ပေါင်းစပ်ဆောင်ရွက်ရန် မှာကြားပြီး ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်ရှိ ရွှေသိမ်တော်ဓမ္မရိပ်သာ၌ အခန်းနှင့် ခုတင်များ ပြင်ဆင်ထားရှိမှုကိုလည်း သွားရောက်စစ်ဆေးခဲ့သည်။ အခန်းများ ကြိုတင်ပြင်ဆင်မှုတွင် ပခုက္ကူမြို့နယ် လူငယ်ရေးရာကော်မတီဝင်များနှင့် အရပ်ဘက်အဖွဲ့များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **ကိုဇော် (ခာတု)**

## ကမ္မမြို့၌ ပြည်ပမှပြန်လာသူများအား ကျန်းမာရေးစစ်ဆေး

**ပခုက္ကူ မတ် ၂၆**

ပခုက္ကူမြို့နယ် ကမ္မမြို့ တိုက်နယ်ဆေးရုံ၌ ပြည်ပနိုင်ငံများမှ အလုပ်လုပ်၍ နေရပ်ပြန်လာသူများအား ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို မတ် ၂၄ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

မတ် ၂၄ ရက်တွင် တရုတ်နိုင်ငံမှပြန်လာသူ အမျိုးသား နှစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လာသူ အမျိုးသား၊ အမျိုးသမီး ကိုးဦးအား မြို့အုပ်ချုပ်ရေးမှူး ဦးစောထူးအောင်နှင့် ကမ္မမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာမျိုးသန့်တို့၏ ဦးဆောင်စီစဉ်မှုဖြင့် ကမ္မတိုက်နယ်ဆေးရုံသို့ခေါ်ဆောင်၍ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးပြီး အိမ်တွင်နေထိုင်စဉ် လိုက်နာရမည့်အချက်များ၊ အတူနေမိသားစုဝင်များ လိုက်နာရမည့်အချက်များကို အသိပညာပေးကာ ပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ **ဆလိုင်းကိုကီး**

## ဟားခါး၌ ပြည်သူများထံ N-95 Mask များ အခမဲ့ဖြန့်ဝေပေး

**ဟားခါး မတ် ၂၆**

ချင်းပြည်နယ်အတွင်း COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့အနေဖြင့် ပြည်သူများထံသို့ N-95 အမျိုးအစား နှာခေါင်းစည်း(Mask) အခုရေ ၂၆၀ ကျော်နှင့်အတူ ပညာပေးလက်ကမ်းစာစောင်များကို မတ် ၂၅ ရက်က ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ Mask များနှင့် လက်ကမ်းစာစောင်များကို ချင်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျုံဟူးနှင့် တပ်ဖွဲ့ဝင်များက ဟားခါးပြည်သူ့ဆေးရုံ၊ ကျောဘုတ်ရပ်ကွက်နေ ပြည်သူများနှင့် မော်တော်ယာဉ်များပေါ်တွင် လိုက်ပါလာသော ခရီးသွားပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး မတ် ၂၆ ရက်တွင်လည်း တီးတိန်မြို့နယ်သို့ တစ်ခါသုံး Mask များ အခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**

## မြဝတီမြို့ ချစ်ကြည်ရေးတံတား(၂)မှ မြန်မာနိုင်ငံသားများ ဆက်လက်ဝင်ရောက်ဆဲဖြစ်

**မြဝတီ မတ် ၂၆**

ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကူးစက်ပြန့်ပွားမှုကြောင့် ယခင်က ကုန်စည်စီးဆင်းမှုအတွက်သာ အသုံးပြုသည့် မြဝတီမြို့ရှိ ထိုင်း-မြန်မာ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ရွှေ့ပြောင်း မြန်မာနိုင်ငံသားများအား ဝင်ခွင့်ပြုပေးလျက်ရှိရာ မတ် ၂၅ ရက်တွင်လည်း ဆက်လက်ဝင်ရောက်လျက်ရှိသည်။

အဆိုပါ တံတားအမှတ်(၂)မှ ဝင်ရောက်ခွင့်ပြုသည့် ငါးရက်မြောက်နေ့ မတ် ၂၅ ရက်တွင် ဆက်လက်ဝင်ရောက်လာသော မြန်မာအလုပ်သမားများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားလိုအပ်သည်များ အဆင်ပြေစေရေးအတွက် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။



ချစ်ကြည်ရေးတံတား(၂)ဂိတ်မှ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမားများ

ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် COVID-19 ကာကွယ်တားဆီးရေးအတွက် မြဝတီမှပြန်လည်ဝင်ရောက်လာသူများအား နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရောဂါနှိမ်နင်းရေး)မှ ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြဝတီ၊ ဘားအံနှင့် ကော့ကရိတ်မြို့ရှိ ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အင်အားဖြည့်ပေါင်းစပ်၍ ကြပ်ကြပ်မတ်မတ် စစ်ဆေးလျက်ရှိကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ထိုင်းမှပြန်လာသည့် အလုပ်သမားများကို ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုချက်ဖြင့် စနစ်တကျ ပြန်လည်စိစစ်လက်ခံ

**တာချီလိတ် မတ် ၂၆**

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေပြီး မိမိဆန္ဒသဘောအလျောက် ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမားများအား မြန်မာ-ထိုင်း နယ်စပ်ဒေသ တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၁)၌ ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် မတ် ၂၅ ရက်က စနစ်တကျ ပြန်လည်လက်ခံလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများအနေဖြင့် COVID-19 ကြောင့် မိမိဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာတွင် ရှမ်းပြည်နယ်အစိုးရနှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ ညှိနှိုင်းမှုသဘောတူညီချက်အရ ယခုလို လက်ခံနေခြင်းဖြစ်ကြောင်း၊ လက်ခံရာတွင် အလုပ်သမားများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နေရပ်လိပ်စာများ ကောက်ခံခြင်း၊ တည်းခိုမည့်အိမ် နေရပ်လိပ်စာ ကောက်ခံခြင်းနှင့် မိမိနေရပ်သို့ ပြန်လည်ရောက်ရှိပါက မိသားစုများနှင့်အတူ ရောနှောနေထိုင်ခြင်းမပြုဘဲ ၁၄ ရက် သီးခြားနေထိုင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်ကို တိကျစွာ လိုက်နာဆောင်ရွက်ရန် စသည့် အသိပညာပေးမှုများ ပြုလုပ်ခဲ့သည်။

နေရပ်ပြန်များ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းပေါင်းစုံကို ဖွင့်လှစ်ပေးထားပြီး ခရီးသည်များအား ပုံမှန်ကျသင့်သောဈေးနှုန်းထက် ငွေကြေးပိုမိုကောက်ခံခြင်းမပြုကြရန်လည်း ညွှန်ကြားထားကြောင်း၊ COVID-19 ကာကွယ်ရေးအတွက် ကျန်းမာရေးကိုလည်း စနစ်တကျ စစ်ဆေးလျက်ရှိကြောင်း၊ နေရပ်ပြန်များအား ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စနစ်တကျစာရင်းကောက်ခံ၍ ပြည်နယ်အစိုးရထံသို့ ပေးပို့ပြီး ပြည်နယ်အစိုးရက သက်ဆိုင်ရာ ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခြင်းများကို စီစဉ်ဆောင်ရွက်ထားကြောင်း၊ မတ် ၂၅ ရက်က ပြန်လည်ဝင်ရောက်လာသူ ၅၀၀ ခန့်ရှိကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ထံမှ သိရသည်။ **ယာဆေး(ပြန်/ဆက်)**




ပြန်လည်ဝင်ရောက်လာသော အလုပ်သမားများအား စစ်ဆေးမှုများပြုလုပ်နေစဉ်

## ရွှေဘိုဆေးရုံကြီးတွင် COVID 19 နှင့်ပတ်သက်၍ အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထား

**ရွှေဘို မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီးတွင် COVID 19 ရောဂါနှင့်ပတ်သက်၍ အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျှာအောင်ထံမှ သိရသည်။

ဆေးရုံအုပ်ကြီးက မိမိတို့ ပြည်သူ့ဆေးရုံကြီးတွင် ယခုအထိ COVID-19 ရောဂါနှင့်ပတ်သက်သည့်ဖြစ်ပွားမှု တစ်စုံတစ်ရာ မရှိသေးကြောင်း၊ ရောဂါကာကွယ်ရေးသုံးပစ္စည်းအဖြစ် အလှူရှင်များ လှူဒါန်းထားသော PPE (ရောဂါကာကွယ်ရေးဝတ်စုံ)၊ နှာခေါင်းစည်းများ၊ လက်အိတ်များ၊ အဖျားတိုင်းကိရိယာများ အပါအဝင် ရောဂါကုသခြင်းအတွက် အထောက်အကူဖြစ်စေနိုင်သော စက်ပစ္စည်းများကိုလည်း လာရောက်လှူဒါန်းထားရှိကြောင်းနှင့် အလှူရှင်များ လှူဒါန်းထားသည့် ငွေများဖြင့်လည်း ဆေးရုံကြီးအတွက် လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူဖြည့်တင်းထားကြောင်း ပြောကြားသည်။

ထို့အပြင် သံသယလူနာများ ရှိပါကလည်း မူလရှိပြီးဖြစ်သည့် သီးသန့်လူနာဆောင် အမှတ်(၁)ကို လူနာလေးယောက် သီးသန့်ထားရှိနိုင်ရေးအတွက် Isolation unit အဖြစ် လိုအပ်သောပစ္စည်းများကို စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် သီးသန့်လူနာဆောင် အမှတ်(၂)ကိုလည်း လူနာ ၁၂ ယောက်ဆံ့အဖြစ် သီးသန့်ထားရှိနိုင်ရေးအတွက် ပြုပြင်မွမ်းမံဆောင်ရွက်ထားကြောင်း၊ ပြင်ပလူနာဌာနတွင်လည်း သီးခြားအခန်း (Fever Room)ကို အရေးပေါ်ဆောင်ရွက်ထားကြောင်း ဆေးရုံအုပ်ကြီးက ဆက်လက်ပြောကြားသည်။

ဆက်လက်၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ရွှေဘိုခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးဆောင်သော စုပေါင်းအဖွဲ့များသည် မတ် ၂၅ ရက်မှစ၍ မန္တလေးဘက်မှ ရွှေဘိုမြို့အဝင် မုခ်ဦး၌လည်းကောင်း၊ မြစ်ကြီးနားဘက်မှ ရွှေဘိုမြို့အဝင် မြောင်းကြီးကျေးရွာထိပ်၌လည်းကောင်း၊ စဥ့်ကူးဘက်မှ ရွှေဘိုမြို့အဝင် ကျောက်မြောင်းတံတားထိပ်၌လည်းကောင်း၊ အဖျားတိုင်းကိရိယာများဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပြီးမှသာ မြို့တွင်းသို့ဝင်ရောက်စေကြောင်း ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွဲ့လွဲ့ထွေးထံမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## ထိုင်းနိုင်ငံမှပြန်လာသော မြန်မာနိုင်ငံသားများအား ကသာ၌ ကျန်းမာရေးစစ်ဆေး

**ကသာ မတ် ၂၆**

ထိုင်းနိုင်ငံ ပတ္တယားမြို့၌ အလုပ်လုပ်ပြီး ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသား ခုနစ်ဦးအား မတ် ၂၄ ရက်က ကသာခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေး စစ်ဆေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ထိုင်းမှပြန်လာသူ ခုနစ်ဦးမှာ ကသာမြို့ပေါ်နှင့် ကျေးရွာများမှဖြစ်ပြီး မြဝတီမြို့သို့ မတ် ၂၃ ရက်တွင် ရောက်ရှိ၍ မြဝတီမှ မန္တလေးသို့ မတ် ၂၄ ရက်တွင် ရောက်ရှိကာ မန္တလေးမှ ကသာသို့ မတ် ၂၄ ရက် ညပိုင်းတွင် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများက ကြိုဆိုအားပေးပြီး ကသာဆေးရုံကြီးရှိ သီးသန့်လူနာဆောင်၌ လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးကောင်းမွန်နေသဖြင့် ဆောင်ရန်/ရှောင်ရန်အချက်များ ရှင်းလင်းပြောကြားပြီး မိသားစုများထံ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။ **ရဲအောင်(ကသာ)**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံများအား e-mail ဖြင့် ပေးပို့နိုင်ကြောင်း အသိပေးကြေညာချက်

၁။ SAS စနစ်သို့ မိတ်ဆက်ကျင့်သုံးမည့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)မှ စီမံခန့်ခွဲလျက်ရှိသော အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံများအား ပြည့်စုံစွာ ဖြည့်စွက်၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)သို့ ၃-၄-၂၀၂၀ ရက်နေ့ထက်နောက်မကျစေဘဲ ပေးပို့ကြရန် ၁၂-၃-၂၀၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများနှင့် ဌာနမှဝန်ထမ်းများပါဝင်သော အဆိုပါ လုပ်ငန်းစဉ်တွင် COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အထက်အပိုဒ် ၁ ပါ ပုံစံများကို e-mail ဖြင့် ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ e-mail ဖြင့်ပေးပို့လိုသည့် အခွန်ထမ်းပြည်သူများသည် Word Format File များကို အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) e-mail -tps1mto2@gmail.com နှင့် tps3mto2@gmail.com သို့ တိုက်ရိုက်တောင်းခံခြင်းဖြင့် လည်းကောင်း၊ PDF Format File များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website www.ird.gov.mm > media > Form for SAS Tax Offices တွင် Download ရယူခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် ပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်၍ အထက်အပိုဒ် ၃ တွင် ဖော်ပြထားသည့် အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)၏ e-mail လိပ်စာများသို့ ပြန်လည်ပေးပို့ရန် ဖြစ်ပါကြောင်းနှင့် နောက်ဆုံးထား ပေးပို့ ရမည့်နေ့ကို ၈-၄-၂၀၂၀ ရက်သို့ တိုးမြှင့်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ ပုံစံများဖြည့်သွင်းခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးချက် video File များကို www.ird.gov.mm > media > အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်နှင့် စပ်လျဉ်း သည့် ဆွေးနွေးချက်များတွင် လေ့လာနိုင်ပြီး ထပ်မံသိရှိလိုသည်များရှိပါက အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) ဖုန်းနံပါတ် - ၀၁-၆၅၇၇၅၃၆၊ ၀၁-၆၅၇၇၅၃၇၊ ၀၁-၆၅၇၇၅၈၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် အခွန်ထမ်းပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**(ပုံ) မင်းထွဋ်**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၃-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်မေစိုးကြွယ် ၁၁/သကန(နိုင်)၀၆၂၀၀၀အစား ၁၁/သတန(နိုင်) ၀၆၂၀၀၀ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1701, DONGFENG EQ3040GL Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသူရဇော် ၅/စကန(နိုင်)၀၉၉၂၃၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက် ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/23726၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၇၂၂၂ Honda Wave 125ယာဉ်လက်ဝယ်ရှိသူ ဦးစံညိမ်း ၁၀/သဖရ(နိုင်)၁၇၅၀၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/2496၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း ၃၊ မြေကွက်အမှတ်(၆၃၉)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်အေးညွန့်တင် အမည်ပေါက် မြေကွက်အား ဒေါ်နန်းရွှေပိန်း (ဘ) ဦးစွဲ့ငင်း ၁၃/မဆတ(နိုင်)၀၁၂၀၆၃မှ မြေပေးမိန့် အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၂/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၁၅၉)၊ မြေကွက်တည်နေရာ အမှတ်(၁၅၉)၊ (၂၂/ရွှေပေါက်ကံ)၊ (ဒု-ဗမက သိန်းတန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒု-ဗိုလ်မှူးကြီး သိန်းတန် ၁၀/သထန(နိုင်)၀၀၄၉၅၄မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် ၁၂/၁၄၃၅/၁၉တို့တင်ပြ၍ ဂရန်သစ်လျှောက်ထား လာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်ပါမစ်ရှိအတိုင်း အတိုင်းအတာမတူသော်လည်း မြေပြင်ရှိအတိုင်း(၄၈၀၀)စတုရန်းပေသာ လက်ခံရယူမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြထားပါသဖြင့် ဂရန်သစ်လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3964, ယာဉ်လက်ဝယ်ရှိသူ DAW MYA MYA SAN၉/နထက(နိုင်)၀၀၆၂၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံမြို့)**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4605၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်8C/2555 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7087 Mitsubishi Canter FE63EEV Van(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထွန်း ၁၂/သဃက(နိုင်)၀၀၁၁၆၈ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) Chip ပါသောSmart Card
(ခ) Colour Ribbon (YMCK-UV)
(ဂ) ART Retransfer Film
(ဃ) ယာဉ်ခတ်ပုံပါယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(CVR)
(င) ယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံအထောက်အထား(VIS)
(စ) "သ'' အမောင်းသင်(Hologram)
(ဆ) "က-၁၊ က၊ ဌ၊ ဟ၊ စ"လိုင်စင်များတွင်ကပ်သည့် ကဒ(Hologram)
(ဇ) မော်တော်ဆိုင်ကယ်(အပိုင်း)တွင်ကပ်သည့်(Hologram)
(ဈ) မော်တော်ဆိုင်ကယ်(ကမ-၃)စာအုပ်တွင်ကပ်သည့်(Hologram)
(ည) မော်တော်ယာဉ်(အပိုင်း)တွင် ကပ်သည့် (Hologram)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့်စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို ကုန်းလမ်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)နေပြည်တော်တွင် ရုံးချိန်အတွင်း ရယူနိုင် ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁-၄-၂၀၂၀ရက်မှ ၃၀-၄-၂၀၂၀ရက်အထိ |
| (ခ) | **တင်ဒါတင်သွင်းရမည့်ရက်** | - | ၁-၄-၂၀၂၀ရက်မှ ၃၀-၄-၂၀၂၀ရက် ၁၄:၀၀နာရီအထိ (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါပိတ်မည့်ရက်** | - | ၃၀-၄-၂၀၂၀ရက် မွန်းလွဲ ၁၄:၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်** | - | ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၈၃၊ ၀၆၇-၄၀၅၀၉၉**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
### ပုသိမ်မြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၅၃

ဒေါ်တင်တင်အေး နှင့် ဦးသက်ကျော်ဇင်ညွန့်
**တရားလို** **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းချိုလမ်း၊ အမှတ်-၂၂ (ယခုနေရပ်လိပ်စာမသိ) နေ ဦးသက်ကျော်ဇင်ညွန့် သိစေရမည်။

